www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပြည့်ဖိုင်မှူးအိမ်၏ စာအုပ်အမှတ်စဉ် (၁၈)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၄၄၁၄၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၇၂၀၆၀၈

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | သိန်းထွန်းဦး |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြဲ - ၀၃၃၀၈) |
| | | ၈၈၊ ၃၀လမ်း(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းနိုး (တော်ဝင်ပြုံးစာအုပ်တိုက်) |
| | | (၃၀-ခ)၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်။ |
| အတွင်းပလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ခုနှစ်၊ ဇူလိုင်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |


ပန်းနွယ်ရေ ....

နင့်ဆီရောက်ဖို့ ငါဖြတ်ကူးခဲ့တဲ့

နင့်ရဲ့ ပင်လယ်က

ပန်းပင်လယ် မဟုတ်ရင်နေပါ

အလွမ်းပင်လယ် မဟုတ်ရင်တဲ့

ငါ ......

ကျေနပ်လှပါပြီ .....

www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်း . . မင်း ပန်းအရမ်းကြိုက်တဲ့ ကောင်မလေးမျိုး . . တွေ့ဖူးလား . . ."

အဆက်အစပ်မရှိ ထမေးသော ရန်နောင်ကိုကြည့်ရင်း ကျွန်တော် ခေါင်းခါပြဖြစ်သည်။

"ဟင့်အင်း . . ဘာဖြစ်လို့လဲကွ . ."

"ငါတို့တွေ့ထားလို့ကွ . . ကောင်မလေးက ချစ်စရာလေး . . နေ့တိုင်း ပန်းတစ်ပွင့်မဟုတ် တစ်ပွင့်ပန်ထားတယ်။ ပန်းမပန်တဲ့နေ့ကို မရှိဘူး . .။ ပြီးတော့ သူ့ဘေးမှာပါပါလာတဲ့ သူငယ်ချင်းနှစ်ယောက်ကလည်း တော်တော်လှကြတယ် . . ."

"အဲဒီတော့ . . ."

ရန်နောင့်စကားကို ကျွန်တော်ထောက်ပေးဖြစ်သည်။

"သူတို့လည်း သုံးယောက်၊ ငါတို့လည်း သုံးယောက် အဲဒီမှာ စတွေ့ကြတာပေါ့ . . ."

တစ်ချိန်လုံး ထိုင်နေရင်း ဘာစကားမှမဆိုသော သူရဇာ သက်ဖျောက်တီးရင်း အားပါးတရဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အကွက်တွေက ဖျင်းစရာကြီး . . ဒါမျိုးတွေက ဓာတ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာ ရိုးတောင်နေပြီ . ."

အရေးမစိုက်သလို ဆိုသော ကျွန်တော့်စကားကြောင့် သကောင့်သားနှစ်ကောင် ဒေါကန်သွားကြဟန်တူသည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြရင်း ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်သွားကြသည်။ ရန်နောင်က . . . . .

"အေးပါ . . ငါတို့က အဲဒီကောင်မလေးသုံးယောက်ထဲက အလှဆုံးကောင်မလေးကို မင်းအတွက်ချန်ထားပေးတာ . . စိတ်မဝင်စားရင်လည်းနေပေါ့ . . ."

"ထားလိုက်ပါကွာ . . ဒီကောင်က ငါးကြော်မကြိုက်တဲ့ကြောင်မိုက် . . ."

"ဘာကွ . ."

ရန်နောင့်စကားကို ထောက်ခံသလိုလိုနှင့် ဘာလိုင်းကြီးဆော်သော သူရ၏စကားကြောင့် ကျွန်တော် 'ဘာကွ' ဟု ထအော်ဖြစ်သည်။

"မဟုတ်လို့လား . . အသက်ပဲ နှစ်ဆယ့်နှစ်ပြည့်တော့မယ် . . မင်း ရည်းစားထားဖူးလို့လား . . ."

လက်ညှိုးကြီးထိုးရင်းဆိုသော သူရ၏စကားကြောင့် ကျွန်တော်ရယ်ချင်သွားရသည်။ ပြောသောစတိုင်လ်က သူကပဲ ထားဖူးနေသလိုလို ဘာလိုလို။

"နေပါဦးကွာ . . မင်းတို့နှစ်ယောက်ကရော ထားဖူးလို့လား . . တစ်ဖက်သားကို ပြောချင်ရင် ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ကြဦး . . . ဘယ့်နှယ် တစ်ဖက်သားကိုလည်း နှိပ်ကွပ်ချင်သေးတယ် ကိုယ်ကိုယ်တိုင်ကျတော့ အစွမ်းအစကမရှိဘူး . . ."

ကျွန်တော့်စကားကြောင့် အနာပေါ်တုတ်ကျဆိုသလို နှစ်



ကောင်သား ပို၍ ရှုံ့ရှုံ့ရှဲ့ရှဲ့တွေဖြစ်ကုန်သည်။

"မရလို့မထားတာ မဟုတ်ဘူးကွ . . အကြိုက်မတွေ့သေးလို့မထားတာ . . ."

"အေးလေ . . . ."

ဆတ်ဆတ်ထိမခံသော သူရ၏စကားကို ရန်နောင်က 'အေးလေ' ဟု ထောက်ခံသည်။ ပြီး . . . ရန်နောင်က . . . .

"မင်းလည်း အဲဒီကောင်မလေးကို မတွေ့သေးလို့ပါ။ တွေ့လို့ကတော့ သဘောကျသွားမှာ မြင်ယောင်သေးတယ် . . ကောင်မလေးက နှင်းဆီပန်းလေးတွေ ပန်လိုက် . . . တစ်ခါတစ်ခါကျတော့လည်း သစ်ခွလေးတွေပန်လိုက် . . တစ်ခါတလေကျပြန်တော့လည်း ဘာမှန်းမသိတဲ့ပန်းလေးတွေ ပန်လိုက်နဲ့ အရမ်းယဉ်တာကွ . . အဲ . . နန်းဆန်တယ်ဆိုတာ ဒါမျိုးကို ပြောတာဖြစ်မယ် . . ."

"ညွှန်းလှချည်လားကွ . . ."

ရန်နောင့်စကားကို ပခုံးတွန့်ရင်း ကျွန်တော်ဆိုဖြစ်သည်။ သူရက လက်ဖျောက်တီးရင်း . . . . .

"ညွှန်း မညွှန်းဆိုတာ သိရအောင် . . မနက်ဖြန်မနက် သူတို့လာရင် ငါ မင်းကိုပြမယ် . . . မင်း တစ်ချက်ကြည့်လိုက် . . ငါတို့ပြောတာ မလွန်ဘူးဆိုတာ မင်း . . . လုံးဝ . . သဘောပေါက်သွားလိုက်မယ် . . . OK?"

"စိန်လိုက်လေ . . မဟုတ်တော့လည်း အပျင်းပြေပေါ့ကွာ"

ဆောင့်ကြွားကြွားဆိုသော ကျွန်တော့်စကားကြောင့် သကောင့်သားနှစ်ကောင်က အောင့်သက်သက်ဖြစ်သွားကြဟန်ဖြင့် 'အေးပါ' ဟုဆိုသည်။

ဘာရယ်မဟုတ် . . . ကျွန်တော် သကောင့်သားနှစ်ကောင်၏ အောင့်သက်သက်အမူအရာကို ကြည့်ရင်း ရယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုခိုင်း . . အမြန်ထ ငါ့ကောင် . . ထ . . . ထ"

သူရက ကျွန်တော့်ကို လှုပ်ကာ အတင်းနှိုးသည်။

"ဘာလဲကွ . . အခုမှ ခုနစ်နာရီပဲရှိသေးတယ် . . အစော ကြီးထစရာလား . . အေးဆေးနေစမ်း . . ငါ အိပ်လိုက်ဦးမယ်"

တိုင်ကပ်နာရီဆိုသော်လည်း တိုင်မှာမကပ်ရရှာသော နံရံပေါ်မှ နာရီကို မျက်လုံးဖွဲကာ လှမ်းကြည့်ရင်း အိပ်ချင်မူးတူးဖြင့် ကျွန်တော် ဆိုဖြစ်သည်။

"ဟိုမှာ . . ပန်းကြိုက်မေ လာနေလို့ . . မင်းကို ပြမလို့ကွ . . ထ . . ."

"ဘယ်က ပန်းကြိုက်မေလဲကွ . . ငါ့အသိထဲမှာ အဲဒီနာမည် မရှိဘူး . . ."

"အာ . . မနေ့က ငါတို့ပြောတဲ့ ပန်းကြိုက်တဲ့ကောင်မလေး လေကွာ . ."

"ငါ . . အရမ်းအိပ်ချင်နေတယ်ကွာ . . နောက်မှကြည့် တော့မယ် . . ."



"ပြီးတာပဲ . ."

အားကြိုးမာန်တက်ဆိုနေသော သူရတစ်ယောက် ကျွန်တော့်ကိုကြည့်ရင်း စိတ်ပျက်သွားဟန်ဖြင့် 'ပြီးတာပဲ' ဟု ခပ်ဆောင့်ဆောင့်ဆိုရင်း ဝရန်တာဘက်ကို ခပ်သုတ်သုတ်ထွက်သွားသည်။

အိပ်ရာထဲမှာကျန်ခဲ့ရင်း ကျွန်တော် ပြုံးဖြစ်သည်။ တကယ်တော့ ကျွန်တော် ထကြည့်ချင်ပါသည်။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသလို နည်းနည်းတော့ အင်တင်တင်လုပ်ထားနိုင်မှ တော်ရုံကျမည်။ သူတို့လာခေါ်တိုင်းသာ ထကြည့်လိုက်လို့ကတော့ ပြောမဆုံးပေါင် တောသုံးတောင် ဆိုသလိုမျိုး ဖြစ်သွားလိမ့်မည်။ ကျွန်တော်သာ ဝရုန်းသုန်းကားဖြင့် ထလိုက်သွားမိပါက 'စိတ်မဝင်စားဘူးသာဆိုတယ်။ ငေါက်ခနဲ ထလိုက်လာတာပဲ မဟုတ်လား' ဆိုသော သရော်တော်တော်အကြည့်မျိုးနှင့် ခနဲ့တဲ့တဲ့ဝိုင်းကြည့်ကြလိမ့်ဦးမည်။

ဘာပဲပြောပြော ပွဲ 'စ' ကတည်းက အသာစီးရဖို့ အောင့်အီးနိုင်မှတော်ရုံကျမည်။ အခြားကြောင့်တော့မဟုတ်။ မိန်းမနှင့်ပတ်သက်၍ စကားဆိုလေတိုင်း ကိုယ်ကချည်း အသာစီးရအောင် အမြဲငြင်းခုန်ထားသည်မို့ အလှည့်ကျလာလျှင် ထုထောင်းတော့မည့် သကောင့်သားများ၏ရန်ကို ကြိုတင်ရှောင်ရှားရခြင်းသာဖြစ်သည်။

'ကိုယ့်ရှူးကိုယ်ပတ်၊ ကိုယ့်အတတ် ကိုယ်စူး' ဆိုတာ . . ဒါမျိုးလားတော့ ကျွန်တော် မသိ . . .။ ထကြည့်ချင်နေတာကတော့ အမှန်ပင် . . .။

www.burmeseclassic.com

www.burmeseclassic.com



"မျက်မှန်း တော့ အတော်လေး တန်းမိနေပြီကွ . . ဘယ်လို ဝင်ရောရင် ကောင်းမလဲ သူရ . ."

"ငါလည်း အဲဒါပဲ စဉ်းစားနေတာ . . ."

ရန်နောင့်အမေးကို သူရက တွေးတွေးဆဆဖြင့် ဖြေသည်။ သကောင့်သားနှစ်ကောင် အမေးအဖြေ လုပ်နေကြသည်ကို နားထောင်ရင်း အိပ်ရာထဲမှနေ ကျွန်တော်ပြုံးဖြစ်သည်။

"စံပယ်တင်မှဲ့နဲ့ကောင်မလေးက ငါတို့အခန်းနဲ့ မျက်စောင်းထိုးတိုက်ရဲ့ နှစ်လွှာမှာနေတာကွ . ."

"အေး . . ငါပြောတဲ့ပါးချိုင့်နဲ့ကောင်မလေးကလည်း အဲဒီအခန်းရဲ့အပေါ်ထပ် သုံးလွှာမှာနေတာ။ ဒါနဲ့ဟိုကောင့်အတွက် ချန်ထားပေးတဲ့ မိပန်းကြိုက်က ဘယ်ကနေ ပေါ်ပေါ်လာတယ်မသိဘူးကွနော် . . ထွက်လာရင်တော့ အမြဲတမ်းသုံးယောက်အတူတူချည်းပဲ"

"အေးကွ . . ခုနစ်နာရီဝန်းကျင်ဆိုရင် ပုံမှန်ထွက်လာကြတယ် . . ဧကန္တတော့ သင်တန်းတစ်ခုခုတက်နေတာထင်တယ် . . ဘာဖြစ်လို့လဲဆိုတော့ နေ့ခင်းပိုင်းလောက်ဆို ပြန်လာတတ်ကြတယ်





ကွ . . အလုပ်သွားတာဆိုရင်ကွာ ညနေပိုင်းမှပဲ ပြန်လာမှာပေါ့ ဟုတ်တယ် မဟုတ်လား . . ."

"အင်း . . ."

နှစ်ကောင်သားပြောလိုက်၊ ထောက်ခံလိုက် လုပ်နေကြသည်ကို အိပ်ရာထဲမှနေ နားထောင်ရင်း ကျွန်တော် စချင်လာသည်။

"မင်းတို့နှစ်ယောက်ကတော့ ဝါဝါမြင်တိုင်း ရွှေထင်နေကြတော့တာပဲ။ မိန်းကလေးချောချောလှလှမြင်တာနဲ့ အပျိုမှန်းမသိ၊ အအိုမှန်းမသိ ငမ်းကြောထမယ်ဆိုတာချည်းပဲ။ ကလေးလေး သိကွာလေးလည်း ရှိကြပါဦးကွ . . တစ်ခါတည်း မနက်အစောကြီး ဆူညံပွက်လောကို ရိုက်နေတော့တာပဲ . . တော်ကွ . . ငါနဲ့များ ကွာပါ့"

ကျွန်တော့်စကားကြောင့် သကောင့်သားနှစ်ကောင်က အီးမှန်ထားသော မျက်နှာမျိုးဖြင့် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်သည်။ ပြီး သူရက . . . .

"ဘာကွာတာလဲ . . လုပ်စမ်းပါဦး . . ."

သူရ၏အီလည်လည်အမူအရာဖြင့် မေးသောအမေးကို ချက်ချင်းမဖြေသေးဘဲ . . .

'ဖြေရမှာ ပျင်းစရာကောင်းတယ် . . . 'ဟူသောသဘောဖြင့် 'ဝဲ'ခနဲ အကြာကြီးလုပ်ကာ သမ်းပြပြီးတော့မှ . . . .

"ကွာတယ်ဆိုတာက . . ဒီလိုကွာ . . ."

"အင်း . . ဆိုစမ်းပါဦး . . ."

စကားကို အစပျိုးမည်ကြံရုံရှိသေး . . 'အင်း . . ဆိုစမ်းပါဦး . . ' ဟုဆိုရင်း ရန်နောင်က သူ့အိပ်ရာပေါ်မှ သားရေခါးပတ်ကို လှမ်းယူပြီး ကျွန်တော့်ဆီ လူမိုက်စတိုင်လ်ဖြင့် လျှောက်လာသည်။ သဘောက စကားပြော များလို့ကတော့ . . သားရေခါးပတ်စာတွေ့မည် ဆိုသည့်သဘော . . . .။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောလေကွာ . . ဘာဖြစ်လို့ ရပ်နေတာလဲကွ . ."

သူရကပါ . . သူ့ခုတင်ဘေးရှိ စားပွဲပေါ်မှ လိမ္မော်သီးကို မြှောက်ကာ၊ မြှောက်ကာဆရင်း လူကြမ်းစတိုင်လ်ဖြင့် လှမ်းအော်သည်။

သဘောက ကျွန်တော့်စကားကများ သိပ်အချိုးမပြေလျှင် လိမ္မော်သီးဖြင့် လှမ်းဆော်မည့်သဘော။

"ဟိုကွာ . . ဘယ်လိုပြောမလဲ . . ငါနဲ့ကွာတယ်ဆိုတာက . . မင်းတို့နှစ်ကောင်က မိန်းမမြင်ရင် ငမ်းငမ်းတက် . . ."

"ဘာကွ! ဆက်ပြောစမ်း . . . ."

ကျွန်တော့်စကားပင် မဆုံးသေး . . ရန်နောင်က 'ဘာကွ . . ဆက်ပြောစမ်း' ဟု ဆိုရင်း မှောက်အိပ်နေသော ကျွန်တော့် ခြေသလုံးကို ဖျန်းခနဲနေအောင်ရိုက်သည်။ သိပ်အနာလှကြီးမဟုတ်သော်လည်း 'အမလေးဗျ' ဟု ရိုက်သမားကျေနပ်အောင် အော်ပေးဖြစ်သည်။ ပြီး . . . .

"ငမ်းငမ်းတက် မဟုတ်ကြဘူးလို့ ပြောမလို့ပါကွာ။ တစ်ခါတည်း မိန်းမရှေ့ကဖြတ်တာမြင်ရင် တစ်ချက်ကလေးမှ လှန်မကြည့်ဘူး . . ."

"ဘာလှန်မကြည့်တာလဲကွ . ."

"မျက်လုံးကိုပြောတာပါကွာ . . မျက်လွှာလေးကိုချပြီး ကိုယ့်ဘာသာကိုယ်ပဲ နေတတ်ကြတာပါ။ ငါပဲ တစ်ခါတည်း မိန်းမတစ်ယောက်ကိုမြင်ရင် . . ."

"လှန်လည်းကြည့်တယ် . . ဖြဲရဲပြီးတော့လည်း ကြည့်တယ် . . ပြူးပြဲပြီးတော့လည်း ကြည့်တယ် . . ဟုတ်တယ်မဟုတ်လား"

သားရေခါးပတ်ဖြင့်ရွယ်ကာမေးသော ရန်နောင့်စကားကို 'ဟုတ်ပါတယ် ခင်ဗျာ' ဟု ကျွန်တော် ရွံ့တွဲ့တွဲ့ဆိုဖြစ်သည်။ ထိုအခါ





မှ သူရကပါ တဟဲဟဲ သဘောတကျရယ်ရင်း . . . .

"အေး . . မြဲမြဲမှတ်ထား . . ငါတို့နှစ်ကောင်က ဣန္ဒြေရှိရှိ သိက္ခာရှိရှိနေတဲ့ကောင်တွေ၊ မင်းကျတော့ ကုတ်ကမြင်း၊ ဆတ်ဆလူး မိန်းမမြင်ရင် နန့်နန့်တက်နေတဲ့ နွားဘူး . . ."

"ဘာ . . . ကွ . . ."

'ဘာကွ' ဟုဆိုရင်း ရုန်းရုန်းထသော ကျွန်တော့်ကို ရန်နောင်က အထမခံ။ ကျွန်တော့်ခါးကို ကမန်းကတန်း ဖက်နင်းထား ထားသည်။ ပြီး . . . .

"ဟကောင် ဝန်ခံမလား . . ခါးပတ်စာ အကျွေးခံမလား။ ကြိုက်တာရွေး . . ."

"အဲဒါတော့ မင်းတို့မတရားဘူး . . Sorry ပဲ . . အမှားကို ပြောရမယ်ဆိုရင် နှစ်ယောက် တစ်ယောက်မကလို့ . . အယောက် နှစ်သိန်းနဲ့တစ်ယောက်ဖြစ်နေပါစေ . . မပြောဘူးကွ . . မှတ်ထား . ."

အနင်းခံထားရသည့်ကြားက ကြုံးအော်သောကျွန်တော့်ကို ရန်နောင်က . . . .

"အေးလေ . . . မင်း မပြောလည်း ကိစ္စတော့မရှိပါဘူး . . မင်းဟာ တဏှာရူး၊ နွားဘူးတစ်ယောက်ဆိုတာ ဣန္ဒြေသိက္ခာနဲ့နေတဲ့ သူရိုးလေး ငါနဲ့သူရနဲ့က သတ်မှတ်ထားပြီးသားပဲ။ ငါတို့က အမှန်တရားရဲ့ဘက်တော်သားတွေပီပီ၊ အမှန်တရားဘက်က ရဲရဲရင့်ရင့် ရပ်တည်သွားမယ်။ ဟုတ်တယ်မဟုတ်လား သူရ . . ."

ရန်နောင့်အမေးကို သူရက စပ်ဖြဲဖြဲဖြင့် 'အေး' ဟု ထောက်ခံသည်။

"အမှန်တရားရဲ့ ဘက်တော်သားတွေ ဟုတ်လား . . ဟား ဟား ဟား လို့တောင်မရယ်ချင်ဘူး . . ဘယ့်နှယ် အစောကြီးကပြီး ကောင်မလေးတွေထွက်အလာကို စောင့်ပြီးငမ်းတဲ့ မင်းတို့ကျတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်သိက္ခာနဲ့နေတဲ့ လူရိုးတွေ၊ အိပ်ရာထဲမှာပဲ အေးအေးဆေးဆေး အိပ်နေတဲ့ ငါ့ကျတော့ တဏှာရူး၊ နှာဘူး ဟုတ်လား။ တော်တော်လည်း တရားတဲ့အမှန်တရားရဲ့ဘက်တော်သားတွေပါလား . . ”

“ဟ . . ငါတို့ကောင်မလေးတွေကိုကြည့်တယ်ဆိုတာက လမ်းသွားလမ်းလာတွေကို သမားရိုးကျ၊ သမာသမတ်ကျကျ ရိုးရိုးလေးကြည့်တာကွ . . မင်းလိုမျိုး အိပ်ရာထဲက မထတမ်း သူများသားပျိုသမီးပျိုအကြောင်းကိုပဲ တွေးတောကြံစည်နေတဲ့ကောင် မဟုတ်ဘူး။ ငါတို့က ရိုးရိုးကျင့်ပြီး မြင့်မြင့်ကြံတဲ့ ကောင်တွေကွ။ ပြောရမယ်ဆိုရင် ငါတို့က ‘မ’ ကိစ္စနဲ့ပတ်သက်ရင် အင်မတန်သန့်ပြီး ရှာမှရှားတဲ့ လူရိုးလေးတွေ။ ဟုတ်တယ်မဟုတ်လား . . ရန်နောင် . . ”

“သိပ်ဟုတ် . . အားကြီး ဟုတ် . . ”

သူရ၏ စကားကို ရန်နောင်က လူရွှင်တော်စတိုင်လ်ဖြင့် မျက်ခုံးကိုပင့်ကာပင့်ကာလုပ်ပြရင်း ထောက်ခံသည်။

သူတို့ကိုယ်သူတို့ သူတော်ကောင်းကြီးတွေလုပ်ကာ ကျွန်တော့်ကို ဖွတ်ကြီး မသူတော်လုပ်ခိုင်းနေသော သကောင့်သားနှစ်ကောင်ကိုကြည့်ရင်း ကျွန်တော် အော်ရယ်ဖြစ်သည်။

“တွေ့လား . . တွေ့လား လူကြီးရှက်တော့ရယ်ဆိုတာ ဒါမျိုးပေါ့ကွ။ ကြည့်ပါလား . . မှန်တာအပြောခံရတော့ မဖုံးနိုင်မဖိနိုင်ဖြစ်နေတာ . . တဟီးဟီးနဲ့ . . နည်းနည်းလေးမှကို ကျွန်မရဘူး . . နန့်နန့်ကို တက်နေတာပဲ . . လူ . . . ဆိုး . . . ”

သူရက ကာတော်စတိုင်လ်ဖြင့် ရှောက်သီးဆေးပြားသည် လေသံဖမ်းပြီး ကျွန်တော့်ကိုဆိုသည်။

ဘာရယ်မဟုတ် သူရ ပုံစံကိုကြည့်ပြီး ကျွန်တော်ရော ရန်နောင်ပါ အားရပါးရ အော်ရယ်ဖြစ်ကြသည်။



“သုံး ယောက်စလုံးက တောင်ကြီးသားတွေလို့ပြောတာပဲ။ ကိုရီးယားမင်းသားလိုလို ဘာလိုလိုနဲ့ စတိုင်လ်တွေကတော့ မဆိုးဘူး”

“ဟိုတစ်နေ့က . . သူတို့တိုက် . . မြေညီထပ်က အစ်မ တစ်ယောက်ပြောတာကတော့ သူတို့သုံးယောက်ပေါင်းပြီး မြို့ထဲမှာ အွန်လိုင်းတာအရောင်းဆိုင် ဖွင့်ထားတယ်တဲ့ . . ဆိုင်နာမည်တောင် ပြောသေးတယ် . . ငါမှတ်ထားတဲ့ကြားက မေ့သွားပြီဟာ . . နေစမ်းပါဦး . . . ”

‘ကိုရီးယားမင်းသားတွေနဲ့တူတယ် . . ’ ဆိုသော မူယာ၏ စကားအဆုံးမှာ ကေသီက မေးစေ့ကိုလက်ညှိုးဖြင့်ထောက်ကာ ပွတ်ရင်း ‘နေစမ်းပါဦး’ ဟုဆိုကာ စဉ်းစားခန်းကို ဖွင့်သည်။

“ငါကတော့ သတိကို မထားမိဘူးဟယ် . . ”

ပေါ့ရွှတ်ရွှတ်ပင်ဆိုဖြစ်သော သူမ၏ စကားကြောင့် မူယာ မျက်လုံးကြီး ပြူးကာ . . . .

“အဲ့ပါရဲ့ဟယ် . . ဒီသုံးယောက်ကိုလေ ဒီတစ်လမ်းလုံးက သိတယ် . . ရုပ်ကလေးတွေကလည်း သန့်သန့်ပြန့်ပြန့်လေးတွေ . . ဆိုင်လ်တွေကလည်း မိ၊ သောက်စားမူးရူးနေတာကလည်း မရှိတော့

www.burmeseclassic.com

www.burmeseclassic.com



. . ဟိုဟာ . . ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆိုတာမျိုးပေါ့ဟာ . . ။ လမ်းထဲက ကောင်မလေးတွေကိုမေးကြည့် . . အဲဒီသုံးယောက်ကို မသိဘူးဆိုတာ မရှိဘူး . . . "

"အဲဒီလောက်တောင်ပဲလား . . . "

"ဒီ့ထက်တောင် ပိုသေး . . . "

သူမ၏ ငေါ့တော့တော့အမေးကို ကေသီက 'ဒီ့ထက်တောင် ပိုသေး' ဟု ဝင်ကာဆိုသည်။ ပြီး ကေသီကပင် သူမကိုကြည့်လျက် . .

"ဒီမှာ . . ပန်းနု . . မပြောမရှိနဲ့ . . အဲဒီသုံးယောက်ထဲက ဘယ်နှယောက်လဲတော့မသိဘူး . . ငါတို့သင်တန်းသွားတဲ့အချိန် ဆို . . ဝရန်တာကနေ ခိုးခိုးကြည့်နေတယ်လို့ ငါထင်တယ် . . ဘာဖြစ်လို့လဲဆိုတော့ . . . ငါတို့ ထွက်တဲ့အချိန်မှပဲ သူတို့လည်း ထွက်ထွက်လာတာ . . "

"ဟုတ်တယ် . . ဟုတ်တယ် . . ငါလည်း သတိထားမိတယ် . . ဒါပေမယ့် ရှိစုမဲ့စု သိက္ခာလေးတွေ ကျကုန်မှာစိုးလို့ မော့တော့မကြည့်ဖြစ်ဘူး . . ဒါပေမယ့် သေချာပါတယ် . . ငါတို့ထွက်တဲ့အချိန်မှာ တစ်လမ်းလုံးကြည့်စရာဆိုလို့ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ ငါမတွေ့ဘူး . . လမ်းပေါ်မှာ လူက ကျဲတဲတဲရယ်။ ကြည့်တဲ့လူတော့ မသိဘူး . . အကြည့်ခံရတဲ့လူကတော့ ခြေလှမ်းတွေတောင် ပျက်ချင်ချင်ပဲ . . အဟက် . . . "

မူယာက ပြောင်ချော်ချော် အမူအရာဖြင့်ဆိုရင်း 'အဟက်' ဟု ရှက်ကိုးရှက်ကန်းဖြင့်ရယ်သည်။

"မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး . . နှုတ်ခမ်းတွေက နာနေကြပြီပေါ့ . . "

ပြုံးစစဖြင့်မေးသော သူမ၏အမေးကို မူယာနှင့်ကေသီတို့ နှစ်ယောက်စလုံးက လက်ညှိုးကိုယ်စီကိုက်ရင်း ပြောင်စပ်စပ်နှင့်ပင်





ခေါင်းညိတ်ပြကြသည်။

"နင်တို့ကြည့်ရတာ ရည်းစားမထားချင်ကြသေးတဲ့ပုံပဲ . . "

ရွဲ့တဲ့တဲ့ဆိုသော သူမ၏ စကားကြောင့် မူယာက မျက်နှာတို မင်္ခ်ိုးရင်း . . . .

"ကျောင်းပြီးတဲ့အထိ ရည်းစားမထားဘဲ နေလာတာဟဲ့။ ဒီလို လွတ်လွတ်လပ်လပ်အချိန်မျိုးမှာမှ ရည်းစားမထားရင် ဘယ်အချိန် သွားထားမလဲ . . . "

"ဟုတ်တယ် . . မိကေသီလည်းပဲ . မူယာ့လိုပဲ တွေးထားထယ် . . . "

ရွှတ်နောက်နောက်တွေ လျှောက်ပြောနေသော သူငယ်ချင်းနှစ်ယောက်ကိုကြည့်ရင်း သူမ ရယ်ဖြစ်သည်။ တကယ်တော့ ကေသီရော၊ မူယာပါ ချဉ်းကပ်သူတွေ ဒုနဲ့ဒေးကြားမှပင် ရည်းစားမထားခဲ့ကြတာဖြစ်သည်။

"ငါတော့ မောင်းတင်ထားတယ်။ ဒီနေ့ကစပြီး ငါ့ကို ရည်းစားစကားပြောရဲတဲ့လူ ပြောကြည့် . . အကျီလက်မောင်းပင့်ပြီးတော့ကို . . . "

"ပါးရိုက်ပစ်မှာလား . . . . "

ကေသီက အကျီလက်မောင်းကို တကယ်ပင့်ရင်းဆိုသော အဆိုကို မူယာက 'ပါးရိုက်ပစ်မှာလား' ဟု ဝင်ထောက်ပေးသည်။ ကေသီက ခပ်တည်တည်ဖြင့်ပင် . . . .

"အေး . . ရိုက်ပစ်မှာ . . . "

"ဘာဖြစ်လို့လဲ . . . "

အရယ်တစ်ဝက်ဖြင့် သူမ ဝင်မေးဖြစ်သည်။ ကေသီက . .

"အခုမှ ပြောရလားဆိုပြီးတော့ ပြောတာနောက်ကျလို့ ရိုက်မှာ . . . "

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ကေသီက တဟီးဟီးဖြင့်ရယ်သည်။ မူယာက . .

"အေး . . ငါလည်းပဲကြိမ်းထားတယ်။ ဒီနေ့ကစပြီး ရည်းစားစကားပြောရဲတဲ့လူ ပြောကြည့် . . . မိမူယာတို့ကလည်းပဲ အကျီလက်မောင်းပင့်ထားပြီးသား . . ."

"ပါးရိုက်ဖို့ပဲလား . . ."

ကေသီက အရယ်တစ်ဝက်ဖြင့်ပင် စကားကိုဝင်ထောက်သည်။ မူယာက . . .

"ဟင့်အင်း . . လက်ချိတ်ပြီး တစ်ခါတည်း လိုက်သွားမလို့"

သုံးယောက်သား ရယ်ဖြစ်ကြသည်။ ကေသီက . . သူမကိုပခုံးဖြင့် အသာတွန်းရင်း ရယ်ကြဲကြဲဖြင့် . . . .

"ဟဲ့ . . ပန်းနု . . နှင်ကျတော့ရော . . အကျီလက်မောင်းပင့်မယ့် အစီအစဉ်မရှိဘူးလား . . ."

"အမလေး . . ငါတို့ကမှ အကျီလက်မောင်းပင့်နေဦးမယ်။ သူက အကျီလက်မောင်းတောင် ပင့်မနေဘဲ တစ်ခါတည်းလိုက်သွားမယ့် ရုပ် . . ."

ကေသီအမေးကို သူမ မဖြေခင်မှာပင် မူယာက ဝင်၍ဖြေသည်။ ဘာစကားမှမဆိုဘဲ ရယ်နေသော သူမကိုကြည့်ရင်း ကေသီက

"သူလည်း အကျီလက်မောင်း မပင့်ပေမယ့် တစ်ခုတော့ပင့်မှာပါ . . ."

"ဟဲ့ . . ဘာပင့်မှာတုံး . . . ."

"မျက်ခုံးလေ . . မျက်ခုံး . . ."

"တော်ပါသေးရဲ့ . . မျက်ခုံးမို့လို့ . . ဒါနဲ့ ဘာကိစ္စ မျက်ခုံးက ပင့်ရတာတုံး . . ."

"ဘယ်တော့လဲ . . ဘယ်တော့လဲ . . ဆိုတဲ့ သဘောပေါ့ဟာ . . ဒီလိုမျိုး . . ."





ပြောရင်း ကေသီက မျက်ခုံးကိုပင့်ပြသည်။ ကေသီ၏ အိုတာအက်တင်ကိုကြည့်ရင်း သူမရော၊ မူယာပါ ရယ်ဖြစ်ကြသည်။

"တော်စမ်းပါဟယ် . . ငါတို့သုံးယောက် ပြောနေတာတွေများ တစ်ယောက်ယောက်က ကြားသွားရင် အလကားထင်နေပါဦးမယ် . . ."

"အာ . . တကယ်ထင်နေပါဦးမယ် လုပ်ပါ . . ."

"ဩော် . . . အေး . . Sorry အဟီး . . ."

သုံးယောက်သား ရယ်မောဖြစ်ကြပြန်သည်။

ရယ်မောခြင်းသည် အမှန်တကယ်တော့လည်း အသက်ရှည်စေရုံသာမက နုပျိုခြင်းကိုပါ ပေးစွမ်းနိုင်သည်ကိုး . . .။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကောင်မလေးက ပန်းအမြဲတမ်း ပန်တယ်ကွ။ ငါသတိထားမိသလောက်ကတော့ ပန်းမပန်ဘဲ အပြင်ထွက်တဲ့ရက်ကို မရှိဘူး . ."

သူရက သူ၏ ခုတင်ပေါ်မှနေ လှမ်း၍ဆိုသည်။ အလယ်ခုတင်မှာ အိပ်သော ရန်နောင်ကလည်း . . . .

"ယကြာချေနေတာများလား . . မသိဘူးကွနော်. ."

"ပန်းစား ဘီလူးမ . . မယ်ကုဝဏ်ဝင်စားထားလားမှ မသိတာကွာ . . ကြားဖူးတယ် မဟုတ်လား . . ပန်းစားဘီလူးမ . . မယ်ကုဝဏ်လေ . ."

ကျွန်တော့်စကားကြောင့် သရဲကြောက်တတ်၍ အလယ်ခုတင်မှာအိပ်သော ရန်နောင်က ငေါက်ခနဲထထိုင်သည်။ ပြီး . . .

"ပေါက်ပေါက်ရှာရှာကွာ . . ဘယ်က ဘီလူးမရမှာလဲ။ ဘာတွေလျှောက်ပြောမှန်းလဲ မသိဘူး . ."

"အေး . . ဘီလူးမ မဟုတ်ရင်လည်း . . ဥစ္စာစောင့်မလား ဘာလားတစ်ခုခုပေါ့။ ကြားဖူးတယ် မဟုတ်လား . . သိုက်ကလာတာ



တို့ ဘာတို့ . . တစ်ခါတည်း . . လပြည့်ညဆို ဆံပင်ဖားလျားကြီးချပြီးတော့ . . . .

"တော် . . တော်စမ်းပါ ကိုစိုင်းရာ . . ."

ဒီအရွယ်ကြီးရောက်သည်အထိ တစ်ယောက်တည်း ညအပြင်မထွက်ရဲသော ရန်နောင်တစ်ယောက် ပခုံးတွေကျုံ့သွားရင်းကဆိုသည်။ မီးရောင်မှိန်ပျပျသာ ထွန်းထားသော မှောင်မည်းနေသည့်အခန်းထဲမှာ အသံတွေက တိတ်ဆိတ်ကာသွားသည်။ နာရီသံတချက်ချက်မှတစ်ပါး အခြားအသံဗလံများ မရှိ။

"ပြောလို့မရဘူး . . အခုတောင် ငါတို့အခန်းထဲရောက်ချင်ရောက်နေမှာ . . ."

မီးလောင်ရာ လေပင့်ဆိုသလို သူရက ကြောက်နေသော ရန်နောင့်ကိုဖြဲ၍ခြောက်သည်။ ထိုအချိန်မှာပင် ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးတစ်ကောင်၏အသံကြောင့် ရန်နောင်တစ်ယောက် ကြောက်သွေးတွေ တက်လာသည်ထင့်။ သူ့ခေါင်းရင်းမှမီးခလုတ်ကိုဝါ ဖွင့်ပစ်သည်။

ဖျတ်ခနဲ လင်းလာသောမီးကြောင့် ကျွန်တော့်မျက်လုံးတွေစူးခနဲဖြစ်သွားရသည်။

"အာ . . ဘာလုပ်တာလဲကွ . ."

"ခွေး . . အူနေတာမကြားဘူးလား။ မှောင်မှောင်မည်းမည်းကြီးထဲမှာ ကြက်သီးထစရာကြီးကွ။ မီးဖွင့်ထားတော့ ခွေးဘယ်လောက်အူအူ ကိစ္စမရှိတော့ဘူးပေါ့ကွာ။ ဟုတ်ဘူးလား . . ."

သူရ၏အမေးကို ရန်နောင်က အကျယ်တဝင့်ရှင်းသည်။

"မီးဖွင့်ပြီးတော့ မအိပ်တတ်ဘူးကွ။ ခုပိတ်စမ်း . . အလကား ကြောက်စရာမရှိ ကြောက်နေတယ်။ ဘယ်လိုကောင်မှန်းတို့မသိဘူး . . ."



www.burmeseclassic.com

ပွစိ ပွစိရွတ်သော ကျွန်တော့်စကားကို ရန်နောင်က မကြားယောင်ပြုသည်။

"ဟကောင် ရန်နောင် . . ကိုစိုင်း ပြောနေတာ မကြားဘူးလား . . ငါလည်း မီးလင်းနေရင် မအိပ်တတ်ဘူး။ ပိတ် . . ပိတ် . . ဘာသရဲမှ မလာဘူး . . ဒီအချိန် သူတို့လည်း အိပ်လောက်ပြီ"

"အာ . . ခွေးတွေအူနေတာ မကြားဘူးလား . . ခွေးတွေက အူကြောင်းမဲ့သက်သက် မအူတတ်ဘူးကွ . . ဟောဟော . . အူပြန်ပြီ . . ကြားတယ်မဟုတ်လား . ."

သူ့ရ စကားကို ရန်နောင်က စောဒကတက်သည်။

"ကြားနေရင် . . မကြားချင်ရင် နားပိတ်ထားလိုက်ပေါ့ကွာ"

"အေး . . မင်းတို့လည်း အလင်းရောင် လင်းနေရင်မျက်လုံးမှိတ်ထားလိုက်ပေါ့ကွ . . ."

ကျွန်တော့်စကားကို ရန်နောင်က ချက်ချင်းတုံ့ပြန်သည်။

"ဟ . . မျက်လုံး မှိတ်ထားပေမယ့် မီးလင်းနေတာကြီးက သိသာတယ်ကွ . . ."

"အေး . . ငါလည်း နားပိတ်ထားပေမယ့် ခွေးအူသံမဟုတ်ရင်တောင် တချွတ်ချွတ်အသံတော့ ကြားနေရတယ်ကွ . ."

သူ့ရ လှမ်းအော်သည်ကို ရန်နောင်က ကန့်လန့်တိုက်သည်။

"တောက် . . သူ့ရဲကောင်း ဟာကျူလီသေလို့ ဝင်စားထားတာလား မသိဘူး . . ဒီလောက် ကြောက်တတ်နေရင် ထဘီဝတ်ထားပါလား . . ."

ဒေါကန်ကန်ဖြင့်ဆိုသော သူ့ရ၏စကားအဆုံးမှာ သွေးရူးသွေးတန်းနှင့်ထမေးသော ရန်နောင်၏အမေးကြောင့် ကျွန်တော်ရယ်ချင်သွားရသည်။ သူမေးလိုက်ပုံက . . . .

"ထ . . ထဘီဝတ်ထားရင် နာနာဘာဝတွေ ကပ်လို့မရဘူးပေါ့ . . အဲဒီလိုလား . . ."



"အာ . . . အဲဒီလိုလဲ မဟုတ်သေးပါဘူး . . ."

ထဘီဝတ်လို့များ နာနာဘာဝတွေ ကပ်၍ပြု၍ မရရိုးမှန်ပါတ ဆရာသမား ရန်နောင် . . ထဘီဝတ်အိပ်မည့်သဘောရှိသည်။

www.burmeseclassic.com



"ပန်းနု . . နင့်ဘာသာနင် စတိုင်လ်ထွင်တာ ကိစ္စမရှိဘူး . . . ငါ့ သစ်ခွတွေကိုတော့ မျက်စောင်းမထိုးနဲ့နော် . . ငါ့ ဖန်းတစ်ပွင့်ပျောက်တာနဲ့ နင်နဲ့ငါ အသိပဲ . . ."

ဘလိုင်းကြီး ထကောနေသော စန္ဒီ့ကိုကြည့်ရင်း သူမ နည်းနည်းတော့ စိတ်လေသွားရသည်။

"ဘာ . . . ငါ့သစ်ခွလဲ . . နင် ဝယ်လာတဲ့သစ်ခွပင်က လက်ချိုးရေလို့တောင်ရတယ် . . လာဖိန့်မနေနဲ့ . . ပြီးတော့ နင့်အပင်တွေလည်း ငါရေလောင်းထားပေးလို့ အသက်ရှင်နေတာ။ နင့်လိုသာဆို သေတာကြာပြီ။ မြေသြဇာဆေးလေးဘာလေး ကျွေးဖို့နေသာသာ ရေတောင်လောင်းဖူးတာ မဟုတ်ဘဲနဲ့ အသံကောင်းဟစ်မနေနဲ့ . . ."

ပက်ခနဲပြန်၍ဆိုသော သူမ စကားကြောင့် စန္ဒီတစ်ယောက် အောင့်သက်သက်ဖြင့် ငြိမ်ကျသွားသည်။ အတန်ကြာတော့မှ . . .

"တစ်နေ့ တစ်နေ လမ်းထွက်ရင်ပန်းပန်ရတာ အမောမ





ပန်းပန်တဲ့စတိုင်လ်တွေက ကျောက်ခေတ်မှာ ကျန်ခဲ့ပြီ ပန်းနုရဲ့။ နင့် Idea တွေက ခေတ်နောက်ပြန်ဆွဲနေပြီ။ ကြည့်လဲထွင်ဦး . . တော်ကြာ . . စိတ်ရောဂါအထူးကုဆီ သွားနေရဦးမယ် . . ."

မဲ့ကာရွဲ့ကာဖြင့်ဆိုနေသော စန္ဒီ့ကိုကြည့်ရင်း သူမတင်းလာသည်။ ကြည့်ဦး သူမ၏ သူငယ်ချင်းများဖြစ်သော မူယာနှင့်ကေသီတို့ရှေ့မှာမှ မဆိမဆိုင်လာပြီး ဒေါက်ဖြုတ်နေသည်။

"အေး . . ငါက စိတ်ရောဂါအထူးကုဆီ သွားပြတဲ့အချိန်ကျရင် နင်က စိတ်ရောဂါအထူးကုဆေးရုံမှာ အတွင်းလူနာအဖြစ်နဲ့ တက်နေရလောက်ပြီ။ နင် သူတစ်ဖက်သားကို လိုက်ကြည့်ပြီး ပေါက်ပေါက်ဖောက်နေရတာ မပျင်းဘူးလား . .။ သိပ်အားနေရင်လည်း တရားလေးဘာလေးထိုင် စန္ဒီ။ မကောင်းမြင်စိတ်များလွန်းလို့ နင်ပေါက်သွားနိုင်တယ် . . ."

"မကောင်းမြင်တာ မဟုတ်ပါဘူး . . နင် တစ်နေ့ပန်းတစ်မျိုးပန်ပြီး စတိုင်လ်ထွင်နေမယ့်အစား ဘုရားလှူလိုက်ပါလား။ ဘုသိုလ်ရအောင်။ အလကားရှုးကြောင်ကြောင်နဲ့။ ပန်းမကုန်ကုန်အောင် လုပ်နေတယ်။ ပေါလည်းပေါရဲပါ့ . . ."

စန္ဒီက သူမကို ပိုးစိုးပက်စက်ကြီးဆိုရင်း သူမအခန်းထဲမှ ထွက်ကာ သွားသည်။

"ဟဲ့ . . ငါ့လောက် ဘုရားပန်းလှူတာ ငါပဲရှိတယ် . . ဘုရားခန်းထဲမရောက်တဲ့ နင်ကတော့ ဘယ်သိပါ့မလဲ ဒိဋ္ဌိမရဲ့ . ."

ကမန်းကတန်း အော်လိုက်သောစကားကို စန္ဒီက မကြားယောင်ပြုကာသွားသည်။ တံခါးကိုဆောင့်ပိတ်သွားသော စန္ဒီ့ကိုကြည့်ရင်း မူယာနှင့်ကေသီက ပခုံးကိုတွန့်ကြသည်။ 'မနိုင်ဘူး' ဆိုသည့်သဘော။

"နင်တို့ ညီအစ်မနှစ်ယောက်ကလည်း တည့်တယ်ကိုမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ . . အမြဲတမ်း ကိုက်နေ . . အဲလေ ဖိုက်နေတာချည်းပဲ . . ."

"ငါက မဖိုက်ရပါဘူးဟယ် . . မြင်တဲ့အတိုင်းပဲ သူကချည်း အမြဲတမ်းအပြစ်ရှာနေတာ။ အားရင် ပြဿနာရှာဖို့ ငါ့အခန်းကို လာပြီ။ တစ်နေ့တစ်နေ့ သုံးခေါက်လောက်ကို လာတာ"

"ဩော် . . နင်ကလည်း သူ့ညီမလေးကို ချစ်လွန်းလို့ မျက်စိအောက်က အပျောက်မခံနိုင်လို့ လာလာကြည့်နေတာ နေမှာပေါ့။ တစ်နေကုန်ထိုင်ပြီး 'တစိမ့်စိမ့်ကြည့် . . နဖူးက ခြေဖျားထိအောင် ချစ်တယ်' ဆိုတဲ့ ဖိုးကာ သီချင်းလိုမျိုး . . ."

ကေသီ့စကားကြောင့် သူမတို့သုံးယောက် ရယ်ဖြစ်ကြသည်။

"ပါသေးတယ်လေဟာ . . 'မျက်စိအောက်က ပျောက်မသွားနဲ့ဦး . . . တစ်နေကုန်ထိုင်ပြီးကြည့် . . .' တဲ့။ သူလည်း သူ့ညီမကို အဲဒီသီချင်းထဲကလို မျက်စိအောက်က အပျောက်မခံနိုင်တာနေမှာပေါ့ . . ."

မူယာက ထိုသို့ဆိုရင်း ရယ်ပြန်သည်။

"နင် ယောက်ျားရသွားရင်တော့ ဒုက္ခပဲ"

ကေသီ၏ စကားကြောင့် 'ဘာဖြစ်လို့လဲ' ဟု သူမမေးဖြစ်သည်။

"ဩော် . . အခုလိုမျိုး တစ်နေ့သုံးခါလောက် သူ့ညီမကို ဝင်ဝင်ကြည့်နေရင် ဘယ်လိုလုပ်မလဲ . . ."

"ဟဲ့ . . တံခါး Lock ချထားလိုက်မှာပေါ့။ ဒါများ အဆန်းလုပ်လို့ . . . ."

သူမ ဘာမှမပြောရသေးခင်မှာပင် မူယာက ပြောင်ချော်ချော်ဖြင့်ဝင်၍ဖြေသည်။

"သူက အပြင်ကနေ . . 'ညီမလေးရေ . .' ဆိုပြီး တံခါးကို





တဒုန်းဒုန်းထုပြီးခေါ်နေရင်ကော . . . . ."

မူယာ့ကို ကေသီက မျက်ခုံးပင့်ရင်း မေးသည်။

"ဟုတ်တယ်နော် . . မဖွင့်မချင်း တဒုန်းဒုန်း လုပ်နေရင် ဒုက္ခ။ မထူးပါဘူး . . ပန်းနုရယ် . . ယောက်ျားရရင် ဒီအိမ်မှာကို နေမနေနဲ့တော့။ အိမ်သာ ခွဲနေပစ်လိုက်။ အဲဒါ အကောင်းဆုံးပဲ"

မူယာ့စကားကြောင့် သူမ ဟက်ဟက်ပက်ပက်ထရယ်ဖြစ်သည်။

"ယောက်ျားယူရမယ့်အကြောင်း ပြောလိုက်တာနဲ့ ဝမ်းသာအားရရယ်နေလိုက်တာ ပါးစပ်ကို မစိတော့ဘူး . . ."

ဟု ကေသီက ရွှဲ့တဲ့တဲ့ဖြင့် ဆိုသည်။

"မဟုတ်ပါဘူး ဟယ် . . မုန့်ဆီကြော်က ဘယ်နေ့မှန်း မသိဘူး . . နင်တို့က နှုတ်ခမ်းကြို နာနေကြတာကို တွေးမိလို့ပါ။ ဘယ့်နှယ် ငါ့မှာယောက်ျားယူဖို့ နေနေသာသာ ရည်းစားတောင်ရှိသေးတာ မဟုတ်ဘူး . . ."

"ဟဲ့ . . မရှိရင်ထားပေါ့ . . ."

"ထားပါဘူး . . ဘာကိစ္စထားရမှာလဲ . . သမီးက အခုမှ အသက်ငယ်ငယ်လေးပဲရှိသေးတာ။ အဲဒီ ကိစ္စတွေ မစဉ်းစားသေးပါဘူး။ အနုပညာလုပ်ငန်းတွေကို စိတ်ရှိလက်ရှိ လုပ်ဦးမယ်။ ပရိသတ်တွေကို သမီးက အများ . . . ကြီး . . ပေးဆပ် . . ဦး . . မှာ"

"ဟဲ့ . . အဲဒါ . . ခေတ်ရှင်မင်းသမီးတွေ အင်တာဗျူးတွေမှာ ပြောဖို့ အလွတ်ကျက်ထားကြတဲ့ ဒိုင်ယာလော့ခ်ဟဲ့။ နင်နဲ့ဘာဆိုင်လို့တုံး . . ."

သူမ၏ ပြောင်ချော်ချော်စကားကို ကေသီက မျက်လုံးကြီးပြူးရင်း အမေးရှိသည်။ မူယာက 'အေးလေ' ဟု ထောက်ခံသည်။

"ဩော် . . ဒီမေးခွန်းနဲ့ ဒီအဖြေနဲ့က ဖော်မြူလာလိုဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

တာကိုး . . . ”

“ပေါ်ပါ့ . . . ”

မူယာက သူမ၏ စကားကို အထက်ပါအတိုင်း ကောက်ချက်ချသည်။

“ဒါနဲ့ စကားမစပ် . . နင့်ရဲ့အစ်မကရော . . ယောကျာ်း မယူသေးဘူးလား . . ကြည့်ရတာ ဒီအိုဗာတင်းမကို ဘယ်သူမှမကြိုက်ကြဘူးနဲ့တူပါတယ် . . . ”

ကေသီက လေသံကိုနှိမ့်ရင်း မဲ့ကာရွဲ့ကာဖြင့် ဆိုသည်။

“ရည်းစားတွေတော့ တစ်ယောက်ပြီးတစ်ယောက် ထားနေတာပဲ။ သူပြောတာကတော့ ထက်ထက်မြက်မြက်ရှိတဲ့ ယောကျာ်းမှ ယူမှာတဲ့။ သူက တော်တန်ရုံအဆင့်လောက်ကို စိတ်ဝင်စားတာမဟုတ်ဘူးဟဲ့ . . . အမြင့်ကြီးတွေမှ မှန်းတာ . . . ”

သူမ၏ အဆိုကြောင့် ကေသီနှင့်မူယာက ‘အဲဒီလိုလား’ ဟု ခနဲ့တဲ့တဲ့ဆိုသည်။



“ဪ... အဲဒီလိုလား . . . ”

“အေး . . အဲဒီလိုကွ . . အဲဒီလို . . . ”

“ဒီလမ်းထဲမှာပဲ နေတယ်ဆိုသော ရန်နောင်၏စကားကို သူရက ‘ဪ . . အဲဒီလိုလား’ ဟု အမေးရှိသဖြင့် ရန်နောင်က ‘အဲဒီလို’ ဟု ပြန်ဖြေသည်။

“သူ့နာမည်က ပန်းနုတဲ့။ သူ့မှာ အစ်မတစ်ယောက်လည်း ရှိသေးတယ် . . . ”

“သူ့အစ်မနာမည်က ပန်းဥမဟုတ်လား . . . ”

ရုတ်တရက်ထ၍ဆိုသော ကျွန်တော့်စကားကြောင့် ရန်နောင်က ‘အာ . . ဘယ်ကလာဥရမှာလဲ . . ’ ဟု ခေါင်းခါ၍ဆိုသည်။

“ဒါဆို . . ပန်းနုရဲ့အစ်မက ပန်းတုပဲဖြစ်ရမယ် . . . ”

အရယ်တစ်ဝက်ဖြင့် ထပ်၍ဆိုသော ကျွန်တော့်စကားကို ရန်နောင်က . . . . .

“အသာလေးနားထောင်စမ်းပါကွာ . . မနောက်စမ်းပါနဲ့ကွ”



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသည်။ ပြီး . . . .

"သူ့အစ်မနာမည်က စန္ဒီတဲ့ . . ."

"ဟ . . ဘယ်လိုကြီးတုံး။ ညီအစ်မနှစ်ယောက်ကလည်း နာမည်က တခြားစီကြီးပါလား . . ."

သူရက ခေါင်းကုတ်ရင်းဆိုသည်။

"အေး . . နာမည်မတူဆို . . . သူတို့က ညီအစ်မ တစ်ဝမ်းကွဲတွေကိုးကွ . . . ပန်းနုရဲ့မိဘတွေက မရှိတော့ဘူး။ ဆုံးသွားကြပြီတဲ့ . . ."

"ဘာလဲ . . ဓာတ်ရှင်တွေထဲကလို . . ကားမှောက်ပြီး ဆုံးသွားကြတာလား . . ."

ကျွန်တော်၏ ခပ်ရွှတ်ရွှတ်အဆိုကြောင့် သူရက ရယ်သည်။ ရန်နောင်က . . . . .

"ဘယ်လို ဆုံးတာလဲတော့ ကျွန်တော်မျိုးလည်း သံတော်ဦးမတင်တတ်ဘူး . . . ."

"ဒါဆို သူက . . အခု သူ့အဒေါ်အိမ်မှာနေတာပေါ့ . ."

ဒေါကန်နေသော ရန်နောင့်ကို သူရက စိတ်ဝင်တစားဖြင့် မေးသည်။

"သူ့အဖေနဲ့ အခု သူလက်ရှိနေတဲ့အိမ်က သူ့ဦးလေးနဲ့က ညီအစ်ကိုဆိုတော့ သူ့အဒေါ်ဘယ်ဟုတ်မလဲ။ သူ့ဦးလေးအိမ်ပေါ့ကွ။ အခုလက်ရှိနေတဲ့ လုံးချင်းက ပန်းနုတစ်ဝက်၊ သူ့ဦးလေးက တစ်ဝက်။ အဲဒီလို . . ."

"အမွေဆိုင်ပေါ့ကွာ . . ဒါနဲ့တခြား ဦးလေးတွေ၊ အဒေါ်တွေ မရှိတော့ဘူးတဲ့လား . . ."

"အေး . . ငါသိရသလောက်တော့ အမျိုးအရင်းက ဒီဦးလေး တစ်ယောက်ပဲရှိတယ်လို့ပြောတာ . . ."



"ဒါဆို . . သူ့ဦးလေးနဲ့ သူ့အဖေနဲ့က နှစ်ဦးတည်းသော သားဖြစ်ရမယ် . . ."

သူရနှင့်ရန်နောင် အူကြောင်ကြောင်တွေ တစ်ယောက်တစ်လှည့် မေးကြ ဖြေကြ လုပ်နေသည်ကို နားထောင်ရင်း ကျွန်တော် အိပ်ချင်လာသည်။

"ကဲ . . ကဲ . . မီးပိတ်တော့ ငါ အိပ်ချင်လာပြီ . ."

"အိပ်စရာလားကွ . . ငါတို့နှစ်ကောင်က မင်းအတွက် ပန်းနုနဲ့ပတ်သက်တဲ့ အချက်အလက်တွေ စုဆောင်းပေးနေတာကွ . . ငါတို့နှစ်ကောင်တောင် မအိပ်သေးဘဲနဲ့ မင်းက အိပ်စရာလား"

ကျွန်တော့်စကားကို သူရက အထက်ပါအတိုင်းဆိုရင်း ကျွန်တော့်ကို သူ့ခေါင်းအုံးဖြင့် လှမ်းပစ်သည်။ ၎င်းခေါင်းအုံးကို ကျွန်တော် ကမန်းကတန်း လှမ်းဖမ်းဖြစ်သည်။

"မင်းကြီးများ . . ဒီခေါင်းအုံးက ငါကိုယ်တော်မြတ် ခြေဆော်တင်ဖို့ ဆက်သလာတာလား . . ."

ရွှတ်နောက်နောက် ကျွန်တော့်စကားကြောင့် သူရက 'ခွေးဆောင်' ဟု ရေရွတ်သည်။

"ငါနဲ့ရန်နောင်နဲ့က မင်းအတွက် ခေါင်းတွေအခဲခံပြီး စုံစမ်းနေသလောက် မင်းကတော့ လုပ်တောင်မလုပ်ဘူး။ တော်တော်လည်း ညတ်တဲ့ကောင် . . ."

"ဟ . . ငါမှ မင်းတို့ပြောတဲ့ ပန်းနုတွေ၊ ပန်းတုတွေကို ငါမှ မမြင်ဖူးတာကွ။ မမြင်ဖူးတဲ့ မိန်းမတစ်ယောက်ကို ငါက စိတ်ဝင်စားရမှာလား။ ငါက မယားတရူးမှ မဟုတ်တာ။ ကဲ . . ငါအဲဒီလိုပဲ ပြောတော့မယ် . . ."

သူရကို ကျွန်တော် ကန့်လန့်တိုက်ဖြစ်သည်။ ရန်နောင်က . .

"အဲဒါကြောင့်ပြောတာပေါ့ . . တစ်ရက်တလေလေး ခုနစ်

www.burmeseclassic.com

www.burmeseclassic.com



နာရီလောက် ထကြည့်ပါလို့ဆိုတာ မင်းက ထမှမထဘဲနဲ့။ မင်းမြင်ရင် သဘောကျသွားမှာပါ။ မင်းတစ်ခါပဲ ကြည့်ကြည့်လိုက် . . ."

"ကဲ . . မနက်ဖြန် ထကြည့်မယ်ကွာ . . မင်းတို့ ဒီလောက်မှ ညွှန်းနေကြရင်တော့ မနက်ဖြန်မှာ ငါကိုယ်တော်မြတ် သေချာပေါက် ရှုစားတော်မူမယ် မင်းကြီးများ . . ."

ကျွန်တော့်စကားကြောင့် သကောင့်သားနှစ်ကောင် မျက်နှာကြီးတွေ ရှုံ့မဲ့သွားကြသည်။ တကယ်တော့ ပြီးပြီးရော ကျွန်တော်ကတိပေးလိုက်တာဖြစ်သည်။ သူတို့ ညွှန်းနေသော ကောင်မလေးကို သူတို့ စိတ်ကျေနပ်အောင် ကြည့်ပေးလိုက်မည်။ ပြီး . . ရစရာမရှိအောင်ကို ပြောပစ်ဦးမည်ဟု စိတ်မှာတေးကာထားဖြစ်သည်။



"တောက် . . . ကြာလိုက်တာကွာ . . မင်းတို့ရဲ့ ပန်းတုတွေ၊ ပန်းစစ်တွေက မလာသေးဘူးလား . . . ငါက . . အစောကြီး မထဖူးဘဲနဲ့ ထထားရတာနော် . . . မင်းတို့ ငါ့ကို အာလူးဖုတ်ထားကြတာလား . . ငါ တင်းလာပြီ . . . ."

ပွစိ ပွစိ ရွတ်နေသော ကျွန်တော့်ကိုကြည့်ရင်း သကောင့်သားနှစ်ကောင်က မျက်နှာငယ်လေးတွေနှင့် ခေါင်းကိုယ်စီကုတ်သည်။ ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ 'ဘယ်လိုလဲ' ဟူသော သဘောဖြင့် မျက်ခုံးပင့်ပြနေကြသည်။

"ပွစိ ပွစိ လုပ်မနေနဲ့ ကိုစိုင်း . . အရင်ရက်တွေက . . ဒီအချိန်ဆို ဒီလမ်းကနေ သွားနေကျ . . ဒီနေ့ မင်းစောင့်ကြည့်တဲ့နေ့မှ . . ဘူပိတ်နေတာ . . မင်းကိုက လာဘ်မကောင်းဘူး . . ."

"အောင်မာမာ . . . ငါကပဲ ကြည့်ချင်လွန်းလို့ . . ထကြည့်နေတာမဟုတ်ဘူး . . မင်းတို့ နားပူနားဆာလုပ်လွန်းလို့ ထကြည့်ပေးနေရတာကွ . . ဒီမှာ သူရ . . ဒီနေ့ ပြည်ထောင်စုနေ့ . . ရုံးပိတ်ရက် . . ဒီတော့ . . ဆက်အိပ် . . . အိပ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . ဟုတ်ပြီ . . နေဦး . . ."

ကျွန်တော့်စကားပင် မဆုံးသေး . . သူရက အလန့်တကြား ဝင်လက်ကာကာ 'နေဦး' ဟုဆိုသည်။

"ဘာလဲကွ . . အလန့်တကြားနဲ့ . . ."

ရန်နောင်က သူရ နားရင်းကို ဖုန်းခနဲနေအောင် ရိုက်ရင်း ဆိုသည်။

"ဒီနေ့ ပြည်ထောင်စုနေ့လေကွာ . . ."

"အဲဒါ ဘာဖြစ်လဲ . . ."

"ဘာဖြစ်ရမှာလဲ . . ပြည်ထောင်စုနေ့ဆိုတော့ . . သူတို့ရဲ့ သင်တန်းလည်း ပိတ်မှာပဲ။ ဒါကြောင့် ဒီနေ့မသွားကြတာပဲနေမှာ ပေါ့ကွ . . ."

"အာ . . ဟုတ်သားပဲ . . . အဲဒါကို စောစောက မပြောဘူး"

ရန်နောင်က ပြောပြောဆိုဆိုပင် သူရ၏ ဇက်ပိုးကို ဖုန်းခနဲ နေအောင်ရိုက်သည်။

"အစောကြီးကတည်းကသိရင် . . ငါလည်း အိပ်ရေးပျက် မှာမဟုတ်ဘူး . . ."

ကျွန်တော်လည်း ရန်နောင့်နည်းတူ သူရ၏ဇက်ပိုးကို 'ဖုန်း' ခနဲ ရိုက်ရင်း ဝရန်တာမှ အခန်းထဲပြန်ဝင်ခဲ့ဖြစ်သည်။ ကျွန်တော်နှင့် လိုက်ဝင်လာသော ရန်နောင်၏နောက်မှ ကပ်လိုက်လာရင်း သူရ က . . . .

"အစောကြီးကတည်းကသိရင် ငါလည်း ဝရန်တာမှာ ခြေ အညောင်းခံပြီး ထွက်စောင့်ပါ့မလားကွ"

ဟု အောင့်သက်သက်ထအော်သည်။



"ဟဲ့.... ဟဲ့ . . ဝင်သွားပြီတော့ . . ."

"ဘာဝင်သွားတာတုံး . . အလန့်တကြားနဲ့ . . ."

မှန်ဘီလူးတစ်လက်ဖြင့် ပြတင်းပေါက်ကြားမှ ချောင်းနေ သော မူယာ့ကို ကေသီက အထက်ပါအတိုင်းဆိုသည်။

"ဘာဝင်ရမှာလဲ . . သုံးယောက်စလုံး ဝရန်တာကနေ အခန်းထဲဝင်သွားပြီ . . လို့ ပြောတာ . . ."

"အစောကြီးကတည်းက . . အဲဒီလို ပြောမှပေါ့ . . အလန့် တကြားနဲ့ဆိုတော့ ဘာများလဲလို့ . . ငါ့မှာ ကော်ဖီဗန်းတောင် ဖိတ် သော့မလို့ . . ကဲ . . လာ . . လာ . . ကောက်ဖီသောက် . ."

ကေသီက သူမနှင့်မူယာ့ကိုခေါ်ရင်း ကော်ဖီခွက်များကို ထွဲပေါ်ချသည်။

"ငါက ပန်းနုလက်ထဲ မှန်ဘီလူးထည့်ပေးဖို့ စက္ကန့်ပိုင်း အလို မှာ သူတို့သုံးယောက် အိမ်ထဲဝင်သွားကြတာ . ."

"အေးဟယ် . . . ပန်းနုကို မြင်ဖူးစေချင်ပါတယ်ဆိုနေမှ"

ကော်ဖီကို ခပ်ဆောင့်ဆောင့်သောက်ရင်းက အားမလို အား



www.burmeseclassic.com

www.burmeseclassic.com



မရဖြင့် ဆိုနေသော သူငယ်ချင်းနှစ်ယောက်ကိုကြည့်ရင်း သူမ ရယ်ဖြစ်သည်။

"အရပ်အရှည်ဆုံးနဲ့တစ်ယောက်ရဲ့ နာမည်က စိုင်းဆမ်ဖတဲ့။ သူက ရှမ်း။ နောက် အရပ်သိပ်မရှည်တဲ့ နှစ်ယောက်ထဲက မျက်မှန်နဲ့တစ်ယောက်က သူရတဲ့။ သူကျတော့ ပလောင်လူမျိုး။ အဲ . . နောက်ကျန်တဲ့တစ်ယောက်ကျတော့ ခွန်ရန်နောင်တဲ့။ သူကကျတော့ ပအိုဝ့် . . . ."

"သိလှချည်လား . . ."

တစ်ယောက်ချင်းစီ၏ နာမည်တို့ကိုရှင်းပြနေသော ကေသီကို အရယ်တစ်ဝက်ဖြင့် သူမ စဖြစ်သည်။ ကေသီက ရယ်ကျဲကျဲဖြင့် 'ဒီလိုပဲလေ' ဟုဆိုသည်။

"ဒါနဲ့စကားမစပ် . . သန်ဘက်ခါဆို Valentine's Day ရောက်ပြီနော် . . ငါတို့သုံးယောက်မှာ . . သုံးယောက်စလုံးက ရည်းစားမရှိတော့ ချောကလက်ကျွေးမယ့်သူမရှိ။ နှင်းဆီပန်းပေးမယ့်လူမရှိနဲ့။ အားငယ်စရာတော့လည်း အကောင်းသား . . ."

မဆီမဆိုင် ထည့်ည်းသော မှူယာ့စကားကို ကေသီက 'အေး . . ဒါလည်း ဟုတ်တာပဲ' ဟု ထောက်ခံသည်။

"အာ . . နင်တို့ကလည်း နှင်းဆီပန်းများ ငါ့အိမ်ကခြံမှာ ကြိုက်သလောက် လာခူးလို့ရတယ်။ ချောကလက်ကို Valentine's Day မှမဟုတ်ဘူး . . အခုစားချင်လား အခုဝယ်ကျွေးမယ်။ နင်တို့ကိုလေ ဖာလိုက်တောင် ဝယ်ကျွေးလို့ရတယ် . . . ဘာရည်းစားမှ မလိုဘူး . . ဟုတ်ဘူးလား . . ."

"မဟုတ်ဘူး . . ."

သူမ၏ စကားကို မှူယာရော၊ ကေသီကပါ 'မဟုတ်ဘူး' ဟု ငြင်းသည်။ ကေသီ 'မတူဘူး' ဟု ထပ်ဆင့်ဆိုသည်။



"ဟဲ့ . . ဘာဖြစ်လို့ မတူရမှာလဲ။ ငါ့ပန်းခြံထဲက ပန်းကမှ အခုခူး အခုရ ပိုတောင်လတ်ဆတ်သေးတယ်။ ချောကလက်လည်း ဆိုနည်းလည်းကောင်းပဲ။ ဘာ Brand စားချင်လဲ။ လမ်းထိပ်က မုန့်ဆိုင်မှာ အစုံရှိ . . အကုန်ရှိ။ ကဲ . . ပြော . . ဘာမတူတာလဲ"

သူမ၏ စကားအဆုံးမှာ ကေသီနှင့်မှူယာက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ခေါင်းကို ဘယ်ပြန်ညာပြန်ခါသည်။

ပြီး မှူယာက သူမကိုကြည့်ကာ . . . .

"ပန်းနု . . ပန်းနု . . ဒီအတိုင်းသာဆို . . ဗေဒင်ကြည့်စရာလိုဘူး . . နင် အပျိုကြီးဖြစ်လိမ့်မယ် . . ."

"ဟဲ့ . . အပျိုကြီးဖြစ်တော့လည်း ဘာဖြစ်လဲ . . အပူအပင်ဆောင်ကင်းသေး . ."

ပက်ခနဲ ပြန်ပြောသော သူမကို ကေသီက ခေါင်းခါသည်။

"မဟုတ်သေးဘူး ပန်းနုရဲ့ . . ဘာတဲ့ . . လမှကင်းသော ညဉ့်သည် မတင့်တယ်ရာ။ လှိုင်းတံပိုးမှကင်းသော သမုဒ္ဒရာသည် မတင့်တယ်ရာ။ ဟင်္သာမှကင်းသော ရေကန်သည် မတင့်တယ်ရာ။ လင်မှကင်းသော ကညာပျိုသည်လည်း မတင့်တယ်ရာ . . ဆိုတဲ့ လောကနီတိအဆိုကိုလည်း ကြားဖူးတယ်မဟုတ်လား . ."

"တံခွန်မရှိသောဘုရား၊ အလံမရှိသော ရထား၊ နောက် ဘာဆိုလားပဲ။ မောင်တစ်ကျိပ်ပင် ရှိလင့်ကစား မတင့်တယ်ဘူးတဲ့။ ကြားဖူးတယ်မဟုတ်လား။ ရှေးထုံးလည်း မပယ်နဲ့ ဈေးသုံးလည်း မလွယ်နဲ့တဲ့ . . ."

ဆရာမကြီးတွေစတိုင်လ်နှင့်ဆိုနေသော မှူယာနှင့်ကေသီ့ကိုကြည့်ရင်း သူမ ဟက်ခနဲရယ်ဖြစ်သည်။

"ဟဲ့ . . နှစ်ထောင့်ရှစ်ရောက်နေပြီလေဟယ် . . ရှေးထုံးကြီး က မပယ်နိုင်သေးဘူးပေါ့ . . ဟုတ်လား . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . ရှေးထုံးကို မပယ်ချင်လို့ . . ယောကျ်ားကို ယူဖြစ်အောင် ယူ . . ဦး . . . မှာ . . ."

"ငါလည်း ယူ . . . ဦး . . . မှာ . . ."

မူယာနှင့်ကေသီ၏ စကားအဆုံးမှာ သူမတို့သုံးယောက်သား ရယ်ဖြစ်ကြသည်။

မုန့်ဆီကြော်ကတော့ ဘယ်နေမှန်းမသိ။



လှစ်ခနဲ ပျောက်သွားသော ရန်နောင်နှင့်သူရကို Show Room ထဲမှာများ ရှိနေမလားဟု ရုံးခန်းထဲမှ ထွက်ကြည့်ဖြစ်သည်။

"ခဏလေးစောင့်ပေးပါလား ညီမ . . ကားက အခုလေးတင် ထွက်သွားတာဆိုပေမယ့် သိပ်မကြာပါဘူး . . ."

အရောင်းစာရေးမနှင့် စကားဆိုနေသော Customer ၏ စကားသံချိုက ကျွန်တော့်နားစည်မှာ လာ၍ရိုက်ခတ်သည်။ 'ညီမလေးက ပြန်ချင်နေပြီတော့' ဟူသော စကားသံလေး။

ကြည့်ရတာ Customer များကို အိမ်အရောက်လိုက်ပို့ပေးနေကျ ကားက အခြား Customer တစ်ဦးဦးကို လိုက်ပို့ပေးနေသည်နှင့်တူသည်။ ဘာရယ်မဟုတ် စိတ်ကောင်းဝင်နေသလိုလိုရှိနေသည်မို့ အပျင်းပြေသဘောမျိုး လိုက်ပို့ပေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။

"Computer တွေက အများကြီးလား မယု . . ."

အရောင်းစာရေးမကို ကျွန်တော်လှမ်းမေးဖြစ်သည်။ ရုတ်တရက် နောက်ကနေ လှမ်းမေးလိုက်သည်မို့ လန့်သွားဟန်တူသော Customer က ဆတ်ခနဲ ကျွန်တော့်ကို လှည့်ကြည့်သည်။ ဖွာခနဲ

www.burmeseclassic.com

www.burmeseclassic.com



လွင့်မျောသွားသော ဆံနွယ်များအောက်မှာ ရှင်းသန့်နေသော မျက်နှာနုနုလေးတစ်ခုကို ကျွန်တော် ဖျတ်ခနဲ တွေ့လိုက်ရသည်။ ကမ္ဘာတစ်ခုလုံး ခေတ္တမျှတိတ်ဆိတ်သွားသည်ဟု ကျွန်တော်ထင်မိသည်။ တော်တော်ကြီးကိုလှသော ကောင်မလေး။ ဆံပင်တွေ ဖွာခနဲ လွင့်ဝဲအသွားမှာ သူမပန်ထားသော ပန်းပွင့်က လွင့်ပျံကျလာသည်မို့ ကမန်းကတန်း ကျွန်တော်လှမ်းဖမ်းပေးဖြစ်သည်။ အဝါရောင်နှင်းဆီပန်းကို ကျွန်တော့်လက်ထဲမှ ဘိကျစွာဖမ်းမိသည်။

"ရော့ . . ."

လက်ထဲရောက်ရောက်ချင်း ပြန်ပေးသော ပန်းကို သူမက ရှက်ရှက်ဖြင့်ခေါင်းကို ငုံ့ထားရင်းက လှမ်းယူသည်။

အို . . ဘယ်လောက်တောင် အရှက်အကြောက်ကြီးပြီး ချစ်စရာကောင်းသည့် ကောင်မလေးပါလိမ့်။ တောက်လျှောက်ကြီး ငမ်း . . အဲလေ . . . ငေးနေသော ကျွန်တော့်ကို သတိဝင်စေခြင်းငှာ မယုက ချောင်းကိုဟန့်သည်။

"အဟမ်း . . အဟမ်း . . ."

ပြီးမှ ကျွန်တော့်ကို ပြုံးစိစိဖြင့် ကြည့်ရင်း. . . .

"Laptop တစ်လုံးနဲ့ Desktop တစ်လုံးတည်းပါ။ ကိုစိုင်း ပို့ပေးမလို့လား . . ."

"ဟုတ်ကဲ့ . . . ."

ကျွန်တော်နှင့်မယုပြောနေသော စကားများကြောင့် ကောင်မလေးဝမ်းသာသွားပုံရသည်။ ဆတ်ခနဲ ကလေးတစ်ယောက်လို မျက်နှာမှာ ဝင်းပကာသွားသည်။

ကားနောက်ခန်းထဲသို့ Computer နှစ်လုံးစလုံးထည့်ပြီးသွားသောအခါ သူမက အားတုံ့အားနာဟန်ဖြင့် ကားထဲမဝင်သေးဘဲ ရပ်ကာနေသည်။



"လာ တက် . . ညီမလေး . . ."

မယုက သွက်သည်။ ဖျတ်ခနဲ ကားရှေ့ခန်းပြတင်းပေါက်ဆီရောက်သွားကာ ဆတ်ခနဲ ခပ်သွက်သွက်ဖွင့်ပေးသည်။

ကောင်မလေးက အောက်နှုတ်ခမ်းကို ခပ်ဖွဖွကိုက်ရင်း ကားထဲမှာ မဝံ့မရဲ ဝင်ထိုင်သည်။

မယု ဆိုင်ထဲ ပြန်ဝင်သွားသည်ကို လိုက်ကြည့်နေသော ကောင်မလေးကို ငေးရင်း လိပ်စာမေးဖို့ ကို သတိရသည်။

"ဘယ်ကို ပို့ပေးရမလဲ မသ်ဘူး . . ."

" . . . . . . . . . ကိုပါ"

သူမပြောသောနေရာက ကျွန်တော်ရင်းနှီးသောနေရာပင်ဖြစ်သည်။ ကားကို ပါကင်ထဲမှ မောင်းထွက်ခဲ့ရင်း စိတ်တွေက တောင်ရောက်မြောက်ရောက် ဖြစ်နေသည်။

ကောင်မလေးက ချစ်စရာကောင်းလွန်းနေသည်။ လိပ်စာသိထားရမှာမို့ ဆိုးတော့မဆိုး။ ခက်တာက မိန်းကလေးတစ်ယောက်ကို ဘယ်လိုချဉ်းကပ်ရမလဲဆိုတာ ကျွန်တော် မကျွမ်း . . .။

ထိုစဉ်မှာပင် ကျွန်တော့်ဖုန်းက ဘောင်းဘီအိတ်ကပ်ထဲမှ ထမြည်သည်။ တိုက်ဆိုင်စွာပင် ကောင်မလေး၏ ဖုန်းကလည်း သူမ၏ လက်ဆွဲအိတ်လေးထဲမှ ထ၍မြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို . . ."

နှစ်ယောက်သားပြိုင်တူ 'ဟဲလို' မိကြသည်မို့ တစ်ယောက်ကိုတစ်ယောက် ပြုံးတိပြုံးကြောင်ဖြင့် ကြည့်ဖြစ်ကြသည်။

ကျွန်တော့်ကိုခေါ်သောဖုန်းက ရန်နောင်၏ ဖုန်းဖြစ်သည်။

"အေး . . ပြော . . သူငယ်ချင်း . . ."

"ဘာ . . ပြော . . သူငယ်ချင်းလဲ။ စိတ်မဝင်စားဘူး ဘာဘူး ညာဘူးနဲ့ အခုတော့ ကားပေါ်တောင် တင်လို့ . . ."

"ဘာလဲကွ . . ."

"ရှုးချင်ယောင်ဆောင်မနေနဲ့ . . ငါရော သူရပါ . . သေသေချာချာမြင်လိုက်တာ . . မင်းတို့က အထွက် . . ငါတို့က အဝင် . . ."

"အေးလေ . . အဲဒါ ဘာဖြစ်လဲ . ."

"ဘာဖြစ်ရမှာလဲ . . မင်းပြောတော့ ပန်းတုတွေ၊ ပန်းစစ်တွေ စိတ်မဝင်စားဘူးဆို . . ."

"အေးလေ . . အဲဒါနဲ့ ဘာဆိုင်လို့လဲ . . ."

"ဆိုင်တာပေါ့ကွ . . မင်းပ် ပန်းနုကို ကားပေါ် တင်သွားပြီးတော့ . . ."





"ဘာ . . . ! . . ."

"ကမ္ဘာကြီးကား စက္ကန့်ပိုင်းမျှ ရပ်တန့်ကာတိတ်ဆိတ်လို့ သွားသည်ဟု ကျွန်တော် ထင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းက ကေသီ့ဖုန်း . . သူမ ဖုန်းကို နားထောင်ဖြစ်သည်။

"ပြော. . . ကေသီ . . ."

"ဟေ့ . . ကေသီတွေ ဒေဝီတွေ လုပ်မနေနဲ့ . . နင့်ကိုငါရော . . မှုယာပါ အံ့သြနေကြတာ။ လက်စသတ်တော့ Valentine's Day မှာ လျှောက်လည်နေကြတာကိုး . . ."

"ဘာတွေပြောနေတာလဲ . . ."

"ဘာပြောရမှာလဲ . . အပျိုကြီးလုပ်မလေး ဘာလေးနဲ့။ ဘာကိုမှစိတ်မဝင်စား သယောင်ယောင်နဲ့ . . ."

"အေးလေ . . အဲဒါ ဘာဖြစ်လဲ . . ."

"ဘာဖြစ်ရမှာလဲ . . အခုကျတော့ တောင်ကြီးသားနဲ့ ကားပေါ်မှာ ပါသွားလိုက်တာများ . . ကော့လို့ . . ."

"ဘယ်သူ . . . ."

"ရူးချင်ယောင်ဆောင်မနေနဲ့ ပန်းနု . . အခု နင့်ဘေးကလူက ငါတို့ပြောပြောနေတဲ့ တောင်ကြီးသား ကိုစိုင်းပဲ . . ."



"ဘာ . . . ! . . ."

ပန်းနု . . .

စက္ကန့်ပိုင်းကြာမျှ သူမ အသက်ရှူရန် မေ့လျော့သွားသည်ဟု သူမကိုယ်သူမ ထင်သွားမိသည်။

www.burmeseclassic.com



"ဘာ!"

ဆိုသော အာမေဋိတ်အသံက နှစ်ယောက်စလုံးထံမှ ပြိုင်တူထွက်လာခြင်းဖြစ်သည်။ ကျွန်တော် အံ့အားတသင့်ဖြစ် လှည့်အကြည့် သူမကလည်း ကျွန်တော့်ကို ဆတ်ခနဲ လှည့်ကြည့် သည်။ ပြီး . . နှစ်ယောက်သား ရှေ့တူရှူကို ပြန်လှည့်ဖြစ်ကြသည်

"မနောက်နဲ့နော် . . ."

တိုက်ဆိုင်လိုက်ပုံက 'မနောက်နဲ့နော်' ဆိုသော စကားကိုပ နှစ်ယောက်သား ပြိုင်တူဆိုဖြစ်ကြပြန်သည်။ တစ်ယောက်ကိုတ ယောက် ကြည့်ဖြစ်ကြသလို တစ်ဖန် မျက်နှာပြန်လွှဲဖြစ်ကြသည်

"ငါ ပြန်ဆက်လိုက်မယ် . . ."

ကြည့် . .။ 'ငါ ပြန်ဆက်လိုက်မယ်' ဆိုသော စကားကို နှစ်ယောက်သား ပြိုင်တူ ဆိုဖြစ်ကြပြန်သည်။

တိုက်လည်း တိုက်ဆိုင်လွန်းပါ့ စာရေးဆြာရယ် . . အဲ . . ကံဇာတ်ဆရာရယ် . . ဟု ကျွန်တော် တွေးဖြစ်သည်။ ဒီတစ် တော့ တစ်ဦးကိုတစ်ဦး ပြူးတိပြူးကြောင် မကြည့်ဖြစ်ကြ။

တကူးတက အိပ်ရာက အစောကြီးမထစဖူးထပြီး စောင့်



စဉ်တုန်းကတော့ မဆုံ။ အခုကျတော့လည်း အမှတ်မထင် လာကြုံ နေသည်။

'မင်းကြိုက်သွားမှာပါ' ဟူသော သူရတို့နှစ်ယောက်၏ စကားကို ပြန်၍ကြားယောင်မိသည်။ တယ်လည်းတော်တဲ့ သူငယ် ချင်းတွေ။

ကောင်မလေးကို မသိမသာခိုးကြည့်သောအခါ ပန်းနုရောင် သန်းနေသောမျက်နှာနုနုကို ဘေးတိုက်ကြီးမြင်နေရသည်။

စိတ်ထဲမှနေတက်ကို 'တောက်'ခနဲခေါက်ဖြစ်သည်။ အတွေ့ နောက်ကျလေခြင်းဟု။ ဒီလိုမှန်း အစကကြိုသိခဲ့ပါက ကျွန်တော် နေ့စဉ် အိပ်ရေးပျက်ခံမိမည်ထင်သည်။

ကျွန်တော့်ခေါင်းထဲမှာ သူမနှင့် ဇာတ်လမ်းဆက်နိုင်ဖို့ မည် သို့အကွက်ဆင်ရမည်ကို အသည်းအသန်တွေးနေမိသည်။

တွေးစမ်း . . .။

တွေးစမ်း . . .။

တွေးစမ်း စိုင်းဆမ်ဖ။ အမှန်တကယ် ရင်ခုန်ရသော၊ ဤမျှ ချောမောသည့် နတ်သမီးကိုမှ အီစီကလီမရိုက်နိုင်လျှင် ကျွန်တော် မျိုးကြီး ညံ့ရာကျသွားလိမ့်မည်။ တွေးနေစဉ်မှာပင် ဖုန်းနောက် တစ်ကြိမ်ဝင်လာသည် လှမ်းကြည့်လိုက်တော့ သူရ၏ဖုန်းဖြစ်နေ သည်။

အရေးထဲ . . .။

ဖတ်ခနဲ ကျွန်တော် ဖုန်းကို မသိမသာ Power ပိတ်ပစ် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ တစ်ခုလုံး ထူပူရလွန်း၍ နီရဲနေမည်ထင်သည်။ ကြည့်ဦး . . တိုက်တိုက်ဆိုင်ဆိုင် သူမဝယ်သော Computer ဆိုင် ပိုင်ရှင်က သူဖြစ်နေသည်။

မူယာတို့ ကေသီတို့ပြောပုံက သူနှင့်သူမကပဲ နဂိုကတည်းက ဇာတ်လမ်းရှိပြီးသားကိုပဲ လျှို့ဝှက်ထားသလိုလို၊ ဘာလိုလို။

တောက်လျှောက်လျှိုလာပြီးမှ အခု Valentine's Day ရောက်မှ ကောက်ကာငင်ကာ တွဲသည့်ပုံစံမျိုး။ တွဲတာတောင်မှ ခိုး ကြောင်ခိုးဝှက်နေသလိုမျိုး။

တကယ်တော့ သူမ ဘာမှမသိခဲ့တာ။ သူမကိုယ် သူမ အသိ ဆုံးပင်။ ဖြစ်နိုင်လျှင် သူမ ဤကားပေါ်မှပင် ခုန်ချလိုက်ချင်သည်။

ကားကို ရပ်ခိုင်းရမလားဟု သူမတွေးသည်။ အခုအချိန်ကြီး မှတော့ မကောင်းတတ်တော့။

မသိမသာခိုးကြည့်သောအခါ ကားမောင်းနေသော ကိုစိုင်း ဆိုသူ၏ ညို့အားပြင်းသော ယောကျ်ားပီသသည့်မျက်နှာကို ဘေး တိုက်မြင်နေရသည်။

သူမက ယောကျ်ားများနှင့် ကင်းရှင်းအောင်နေသူ တစ်





ယောက်တော့မဟုတ်။ ဆိုလိုသည်က ငယ်စဉ်ကစ၍ ကျောင်းပြီးသည် အထိ သူမတွင် ယောကျ်ားလေးသူငယ်ချင်းများစွာရှိခဲ့ဖူးသည်။

သို့သော် . . . .

ဤမျှ ဆွဲဆောင်မှုအားကောင်းသော ယောကျ်ားမျိုး၊ ဤမျှ ရှင်းသန့်သော မျက်နှာမျိုး သူမ မကြုံဖူး။ သေချာတာကတော့ သူမ ရင်တွေ တဖျတ်ဖျတ် ခုန်ကာနေသည်။

ဘာစကားမှ မဆိုလာသည်မို့ သူမလည်း ဖာသိဖာသာပင် နေပစ်လိုက်သည်။ စောစောက သူမကို အံ့ဩသလို လှမ်းကြည့်နေ သည်ကို 'ဘာကြောင့်ပါလိမ့်' ဟု သူမတွေးဖြစ်သည်။

ပြီး . . .

တိုက်တိုက်ဆိုင်ဆိုင် 'မနောက်နဲ့နော်' ဆိုတာရော။ 'ငါ ပြန် ဆက်လိုက်မယ်' ဆိုတာတွေကပါ . . သွားပြီးတိုက်ဆိုင်နေသည်။

တွေးရင်း သူမ ပြုံးဖြစ်သည်။ မူယာနှင့် ကေသီကို မည်သို့ ရှင်းပြရမည်မှန်း သူမ မသိတော့။ ရင်ခုန်နေသလားဟု သူမကိုယ် သူမ အကြိမ်ကြိမ်ပြန်မေးနေမိသည်။

ဟိုဟိုဒီဒီတွေးနေစဉ်မှာပင် ဖုန်းက တစ်ဖန်ဝင်လာပြန် သည်။ ကြည့်လိုက်တော့ ကေသီ့ဖုန်းဖြစ်နေသည်။ ဘာကိစ္စကြောင့် ဖုန်းဆက်သည်ကို တွေးကြည့်ရန်ပင်မလို။ နားထောင်လိုက်လို့က တော့ စွပ်စွဲချက်တွေ၊ စစ်ဆေးချက်တွေ ဆက်တိုက်ထွက်လာလိမ့် မည်။ သူမ ဖုန်း Powerကို တမင်ပိတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကား မောင်းရင်းနဲ့ ဖုန်းပြောရတာ အန္တရာယ်များတယ် သိလား ..."

"အင်း ..."

စကားမရှိ စကားရှာကာဆိုဖြစ်သော ကျွန်တော့်စကားကို သူမက 'အင်း' ဟု တစ်ခွန်းတည်း တုံ့ပြန်သည်။ ကျွန်တော်ကတော့ သူမကို 'ပန်းနု' ဟုသိပြီးဖြစ်သည်။ သူမကရော ..? သူမကတော့ သိစရာ အကြောင်းမရှိ။

စောစောက ဖုန်းပြောရင်း တိုက်တိုက်ဆိုင်ဆိုင်ပင် 'မနောက်နဲ့နော်' တို့ ...၊ 'ငါ ပြန်ဆက်လိုက်မယ်' တို့ အတူဆိုဖြစ်ခဲ့ကြသည်က နည်းနည်းတော့ မသင်္ကာစရာကောင်းသည်။

ဘာပဲဖြစ်ဖြစ် .. ကောင်မလေးက ချစ်စရာကောင်းလွန်းနေသည်ကတော့ အမှန်ပင်ဖြစ်သည်။ 'ဘာဆက်ပြောရပါ့' ဟု ကျွန်တော်တွေးဖြစ်သည်။

သူမက Computer လာဝယ်သည်မို့ Computer နှင့်ဆက်စပ်သော အကြောင်းအရာကို ရွေးချယ်၍ဆိုသည်က ပိုကောင်းမည် ဟုတွေးဖြစ်သည်။ ပြီးတော့မှ ဟိုနည်းနည်း ဒီနည်းနည်းတွေ ထပ်ချဲ့ရမည်။





"ဒါနဲ့ Computer တွေက လုပ်ငန်းသုံးဖို့လား၊ အိမ်သုံးဖို့လား .. မသိဘူးနော် ..."

"ကျွန်မလည်း မသိဘူးတော့ ..."

"ဗျာ ..."

ပြန်ဖြေလိုက်သော သူမ၏ စကားကြောင့် ကျွန်တော် ကြောင်သွားရသည်။ ဘာရယ်တော့မဟုတ်။ သူမစကားပြောလျှင် 'တော့' ဆိုသော အသုံးအနှုန်းအမြဲပါတာကို သတိပြုမိသည်။ သူမ ပြောသော 'တော့' က တုံးတိတိကြီးမဟုတ်။ အင်မတန်နားထောင်ကောင်းသော '....တော့' ဖြစ်သည်။

"ဦးလေးကလေ .. Computer ပေါ့နော်။ ဒီ Model၊ ဒီ Model တွေကို ဒီဆိုင်မှာ သွားဝယ်ပေးဆိုပြီးခိုင်းလို့ လာဝယ်ပေးတာ .. သူ ဘယ်မှာသုံးဖို့ဆိုတာတော့ ပန်းနုလည်း မသိဘူးတော့ ... ဒီဆိုင်က သူဝယ်နေကျလို့ ပြောတယ် ..."

"ဪ .. နာမည်က ပန်းနုလို့ခေါ်တာလား ..."

"ရှင် ..."

စကားတွေအများကြီးနှင့်ရှင်းပြနေသော သူမက ရုတ်တရက်ထမေးလိုက်သော ကျွန်တော့်အမေးကြောင့် ကြောင်တောင်တောင်ဖြစ်သွားရင်း သူမထံမှ 'ရှင်' ဟူသော အာမေဍိတ်သံ ထွက်လာသည်။ ပြီး 'ဟုတ်တယ်' ဟု မမာမပျော့သော လေသံဖြင့်ဆိုသည်။

"ဒါဆို ပန်းနုက ပစ္စည်းအဝယ်တော်လား .."

"အဲဒီလိုတော့လည်း မဟုတ်ဘူး။ ဦးလေးကလေ ဟို .. သူမအားတဲ့အချိန် သူရုံးက အလုပ်ရှုပ်တဲ့အချိန်ဆို အဲဒီလိုပဲ ဟိုပစ္စည်း၊ ဒီပစ္စည်း ဝယ်ပေးရတယ် ..."

"ဪ .. ဒီလိုဆို ပန်းနုရဲ့ ဖုန်းနံပါတ် ကျွန်တော့်ကို ပေးထားပါလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . ."

လွှတ်ခနဲ ပြောပြီးခါမှ စကားလောသွားသည်ကို ကျွန်တော် သတိရသည်။ အမှန်က "ဒီလိုဆို . . ပန်းနုတို့က ဝယ်နေကျ ဖောက်သည်တွေပဲ။ ပစ္စည်း Model အသစ်တွေရောက်ရင် ကျွန်တော် ဖုန်းဆက်ပေးမယ်လေ။ ပန်းနုရဲ့ ဖုန်းနံပါတ်လေး ပေးထားပါလား" ဒါမျိုးဖြစ်ရမည်။ အခုဟာက ပြောမိသမျှ အစီအစဉ်မကျ။

"ဪ . . . တစ်မျိုးမထင်ပါနဲ့။ ဒီလိုပါ . . နောက်ပစ္စည်းအသစ်တွေလေ . . ဟို Model အသစ်တွေ ထပ်ရောက်လာရင် ဖုန်းဆက်ပေးမလို့ပါ။ ဘာပဲပြောပြော . . . ကိုယ့်ဖောက်သည်အရင်းတွေဆိုတော့ . . ဟို . . ဘယ်လို ပြောမလဲ . . Promotion လုပ်တဲ့သဘောပေါ့ . . ."

ဘယ်လိုပဲ ဇွဲလည်ကြောင်ပတ်လုပ်နေနေ . . သူမကတော့ ရိပ်မိကောင်း ရိပ်မိနေမည်ထင်သည်။ ဒီအကွက်တွေက ရိုးတောင်နေပြီလားမသိဟု ကျွန်တော် တွေးဖြစ်သည်။

"ပန်းနုရဲ့ ဖုန်းနံပါတ်မပေးချင်ရင်လည်း ဖြစ်ပါတယ်။ အားမနာပါနဲ့ . . ကျွန်တော်က ဟို . . သဘောရိုးနဲ့တောင်းတာပါ"

"အို . . အဲဒီလို မဟုတ်ပါဘူး . ."

ကျွန်တော် ပစ်သွင်းလိုက်သော ဒိုင်ယာလော့ခ်က သူမကို တည့်တည့်ကြီး ထိကာသွားသည်ထင့်။ သူမ ချက်ချင်းကြီးငြင်းသည်။ ပြီး . . . .

"ဟို . . ကျွန်မရဲ့လိပ်စာကဒ် ပါမပါ စဉ်းစားနေလို့ပါ"

ဖျတ်ခနဲ ကျွန်တော် ဝမ်းသာလုံးဆို့သွားရသည်။ ဒီအတိုင်းဆို သူမ၏ လိပ်စာကဒ်မပါတောင် သူမ၏ ဖုန်းနံပါတ်ကို နှုတ်ဖြင့်တော့ သူမ ရွတ်ပြကို ရွတ်ပြလိမ့်မည်။



ကြည့် တော့ ရိုးမလိုလိုနှင့် အလာကြီးပါလား' ဟု သူမ တွေးဖြစ်သည်။ တကယ်တော့ သူမလည်း ဒီ Idea မျိုးကိုတွေးထားပြီးသား။ 'နောက် Computer Model အသစ်ရောက်ရင် ဒီဖုန်းကို ဆက်ပေးလို့ရမလား' ဆိုပြီး ပေးဖို့။ သို့သော် မိန်းကလေးတစ်ယောက်အနေနှင့် ထိုသို့မလုပ်သင့်ဟုတွေးရင်း ၎င်း Idea ကို သူမ Cancel လုပ်ပစ်လိုက်တာဖြစ်သည်။

"ခဏလေး . . ."

'ခဏလေး' ဟုဆိုရင်း သူမ၏ လက်ဆွဲအိတ်ထဲမှာ လိပ်စာကဒ်ရှာချင်ယောင်ဆောင်နေလိုက်သည်။ ချက်ချင်းကြီး ရော့ . . အင့် သွားလုပ်လို့တော့မဖြစ်။

တကယ်တော့ သူမ၏လိပ်စာကဒ် အခုနှစ်ဆယ်လောက်က လက်ဆွဲအိတ်ထဲမှ အကန့်တစ်ခုမှာပါနေမှန်း သူမ အလွတ်ရပြီးသား ဖြစ်သည်။

သို့သော် . . ဟန်ကိုယ့်ဖို့ဆိုသလို တော်တော်လေးကြာ



www.burmeseclassic.com

www.burmeseclassic.com



အောင် အိတ်ထဲမွှေနှောက်ပြီးကာမှ လိပ်စာကဒ်ကို အသာလေးဆွဲထုတ်ရင်း လှမ်းပေးဖြစ်သည်။

"ရော့ . . . ဒီထဲမှာ အိမ်ကကြိုးဖုန်းနံပါတ်လည်းပါတယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးပဲ . . ဒါနဲ့ ပန်းနုကို ဘယ်အချိန်လောက် ဖုန်းဆက်ရင် အဆင်ပြေမလဲမသိဘူး . . တော်ကြာ . . . ကျွန်တော်ဖုန်းဆက်တဲ့အချိန်နဲ့ ပန်းနုမအားတဲ့အချိန်နဲ့ သွားတိုက်နေမှာစိုးလို့ . . ."

'အလာကြီးပါလား' ဟု သူမတွေးဖြစ်ပြန်သည်။ နေ့စဉ်အသစ် အသစ်တွေ ထပ်ထွက်နေမည့် Computer ၏ New Model များကို အကြောင်းပြုရင်း သူမဆီ ဖုန်းတောက်လျှောက်ခေါ်တော့မည်ကို သူမ မသိဘဲနေမည်တဲ့လား။

"ည (၈)နာရီနောက်ပိုင်းဆိုရင်တော့ ကျွန်မ အားတတ်ပါတယ် . ."

အလုပ်များသော စတိုင်လ်ဖြင့် သူမပြောပစ်လိုက်သည်။ တကယ်တော့ ညရှစ်နာရီရှေ့ပိုင်းက ခုနစ်နာရီကိုရီးယားဇာတ်လမ်းတွဲတွေကြည့်ချိန်မို့ ရှစ်နာရီနောက်ပိုင်းကို ဆက်ခိုင်းရတာဖြစ်သည်။ ဇာတ်လမ်းတွဲတွေကိုတော့ သူမ သိပ်လက်လွှတ်မခံချင်။

"ဒါက ကျွန်တော့် ကဒ်ပါ . ."

"ရှင် . . ."

ကားဒက်ရှ်ဘုတ်ပေါ်မှ ကဒ်တစ်ကဒ်ကိုယူရင်း လှမ်းပေးသည်မို့ သူမ ကြောင်သွားရသည်။ ဒီလူ ဘာတွေဖြစ်နေပါလိမ့်။

"ဩော် . . ဒီလိုပါ . . ပန်းနုကို ဆိုင်ကပေးလိုက်တဲ့ ဖုန်းနံပါတ်တွေ မအားရင် ဆက်လို့ရအောင်ပါ။ ဝယ်သွားတဲ့ Computer တစ်ခုခု ချို့ယွင်းခဲ့ရင် Service အတွက် ဖုန်းဆက်ရမှာမဟုတ်လား . . ."



'ဒီလိုကိုး' ဟု သူမတွေးမိသည်။ 'ကျေးဇူးပဲ' ဟုဆိုရင်း လှမ်းအယူမှာ သူက ကားကွေ့သလိုလို၊ ဘာလိုလိုနှင့် လက်ချင်းထိသွားသေးသည်။ ရှေ့ကိုကြည့်နေ၍ပဲ မတော်တဆ ထိမိသလိုလို ဘာလိုလို၊ ပြီး Sorry မပြော၊ ဘာမပြောနှင့်။ မသိသလို လုပ်နေသည်။

သူ့လိပ်စာကဒ်ကို သူမ အိတ်ထဲ သေသေချာချာထည့်ဖြစ်သည်။

"ဒီရှေ့ကလမ်း ဟုတ်လား မသိဘူး . ."

ကားမောင်းနေရင်းက သူမကို သူလှမ်းမေးသည်။

"ဟုတ်တယ် . . ညာကို ချိုးရမှာ . . ."

"ကျွန်တော် . . ဖုန်းဆက်မယ်နော် . . ."

"ရှင် . . ."

အစမပျိုးဘဲဆိုသော သူ့စကားကြောင့် သူမ 'ရှင်' ခနဲဖြစ်သွားရသည်။

"ဟို . . နောက်နှစ်ရက်လောက်ကြာရင် Model အသစ်တွေ ရောက်ဦးမှာလေ . . ."

"နောက်နှစ်ရက်လောက်အတောအတွင်းမှာ Computer သိုဦးမယ်မထင်ဘူးတော့ . . တစ်ပတ်ကို Computer သုံးလေးလုံးသယ်ရလောက်အောင်လည်း ကျွန်မ ဦးလေးရဲ့လုပ်ငန်းက မကြီးဘူး"

အရယ်တစ်ဝက်ဖြင့် အမှတ်မထင်နောက်လိုက်သောစကား ကြောင့် သူ့မျက်နှာကြီး နီချိတ်သွားသည်ကို ကြည့်ရင်း သူမ ကြိတ် ပြုံးဖြစ်သည်။

"မတော်လို့ လိုခဲ့ရင်ပေါ့ဗျာ . . ."

ဇွတ်ကြီးပါလား . . . ဟု သူမ ရယ်ချင်ပက်ကျိဖြင့် တွေးမိသည်။

"ကိုယ့် Customer တွေအတွက်က ဒီလို Promotion

www.burmeseclassic.com



တွေက လိုတယ်မဟုတ်လား။ ဝယ်တာမဝယ်တာ၊ လိုတာမလိုတာ အပထား ပေါ့ဗျာ။ Promotion လုပ်ရမှာက ကိုယ့်တာဝန်ကိုးဗျ . . .”

ရှက်ရယ်ရယ်ရင်း ရယ်ကျဲကျဲဖြင့်ဆိုသော သူ့စကားအဆုံးမှာ သူမပါ ရောယောင်ပြီး ရယ်ဖြစ်သွားခဲ့သည်ကတော့ အမှန်။



“ပြုစမ်း . . အောင်မာမာ . . gmail လိပ်စာတွေ ဘာတွေ တောင် ပါသေးတယ်။ ဘယ်ဆိုးလို့လဲ . . ကဲ . . mail တစ်စောင် လောက်ပို့လိုက်ဦးမယ်ဟေ့ . . .”

သူရက ပန်းနု၏လိပ်စာကဒ်ကို ဖျတ်ခနဲယူကာ Internet ဖြင့် ချိတ်ထားသော သူ့ခုတင်ဘေးရှိ စားပွဲပေါ်မှ Note Book ဆီ သတ်လှမ်းသည်။

“ဟကောင် ပြဿနာမရှာနဲ့နော် . . ပန်းနုဆီ mail ပို့ရအောင် မင်းနဲ့ဘာဆိုင်လို့လဲ။ လူချင်းရော သိလို့လား . . အရူး”

ဝရုန်းသုန်းကားဖြင့်ပြေးရင်း ပြောရင်းဖြင့် သူရလက်ထဲမှ ပန်းနု၏ လိပ်စာကဒ်ကို ပြန်လုဖြစ်သည်။ သူရက ကျွန်တော်လိုက် ခေါ်အောင်ပြေးရင်းက . . . .

“ဘာဖြစ်လို့ မဆိုင်ရမှာလဲကွ . . ကိုယ့်ဆိုင်ရဲ့ Customer တစ်ယောက်ကို Promotion လှမ်းလုပ်တာပဲ . . လူချင်းသိစရာလို သလား . . ရန်နောင် သူငယ်ချင်း မင်းရော ငါတို့ရဲ့ Customer ပန်းနုဆီကို mail ပို့ဦးမလား . . .”

“ပို့ . . ဦး . . မှာ . .”

www.burmeseclassic.com

www.burmeseclassic.com



ပတ်ပြေးနေရင်းက လှမ်းမေးသော သူရ၏အမေးကို ရန်နောင်က ဆောင့်ကန်ချင်စရာကောင်းလောက်အောင် အချိုးမပြေသော အမူအရာဖြင့် 'ပို့ဦးမှာ' ဟုဆိုသည်။

မောရှိုဲခေတ္တနားသော ကျွန်တော့်ကို ပြုံးဖြီးဖြီးဖြင့်ကြည့်ရင်း သူရက သူ၏လက်တစ်ကမ်းမှာရှိနေသော Police မျက်မှန်ဘူးအလွတ်ထဲသို့ လိပ်စာကဒ်ကိုထည့်ကာ 'ဂျောက်' ခနဲ နေအောင်ပိတ်သည်။

"ဘာလုပ်တာလဲကွ . ."

"ကန်းနေလား . . ကဒ်ကို မျက်မှန်ဘူးထဲ ထည့်လိုက်တာလေ . . ."

ကျွန်တော့်အမေးကို သူရက ဂွတီးဂွကျဖြေသည်။

"ဘာ . . ညာဏ်နီညာဏ်နက်တွေထပ်ထုတ်ဦးမလို့လဲ . . ပေးစမ်း . . ."

ရုတ်တရက် ထလုသော ကျွန်တော့်စိတ်ကူးကို ကြိုတွက်ထားဟန်တူသော သူရက မျက်မှန်ဘူးကို ရန်နောင့်ထံသို့ လှမ်းပစ်ပေးလိုက်သည်။

မျက်မှန်ဘူးက သူ့ခုတင်ပေါ်မှ သူငုတ်တုတ်ကြီးထိုင်နေသော ရန်နောင်၏ရှေ့မှာ ဖုတ်ခနဲသွားကျသည်။ ရန်နောင်က ထိုဘူးကို ချက်ချင်းမကောက်သေး။ ကျွန်တော့်ကိုကြည့်ရင်း ဝါးခနဲ သမ်းပြသည်။ သဘောက ပျင်းစရာကြီးဆိုသော သဘော။

ဒီအတိုင်းသာဆို ဒီကောင်တွေ ကျွန်တော့်ကို ခွေးရူးလုပ်တမ်းကစားတော့မှာ သေချာသည်။

"ဟကောင်တွေ ဒါနောက်စရာ မဟုတ်ဘူးနော် . . ."

"ရော် . . ကိုစိုင်း ငါတို့ကနောက်နေတယ်လို့ မင်းထင်နေတာလား . . . မင်းပြောသလိုပါပဲ . . ဒါ နောက်စရာမှမဟုတ်တာ . . ဟုတ်တယ်နော် . . . သူရ . . ."

"Yes, that's right"



ရန်နောင်၏ အိုဗာအက်တင်ဖြင့်မေးသော အမေးကို သူရက ငါးပိသံကြီးဖြင့် ဘိုလိုမှုတ်သည်။ ကျွန်တော့်ကိုကြည့်ရင်းဆိုသည်မို့ တံတွေးစက် အမှုန်အမွှားက လက်ခုံပေါ်လာစင်သည်။

"ဟိုဘက်လှည့်ပြော . . . ငါ့ဘက်လှည့်မပြောနဲ့ . . တံတွေးတလည်း စင်တာ၊ ကြောင်ဖင်က သေးပန်းတာကျနေတာပဲ . ."

"ဘာကွ . . ."

ကျွန်တော် တမင်နှိပ်ကွပ်လိုက်သည်မို့ သူရ တစ်ယောက် ဒေါကန်သွားဟန်ဖြင့် 'ဘာကွ' ဟု အောင့်သက်သက်ကြီးရေရွတ်သည်။

"ထားလိုက် . . သူငယ်ချင်း . . သူက ကြောင်သေးပန်းခံနေကျမို့လို့ ပြောတာ ပြောပါစေ . . လောလောဆယ် ကဒ်က ငါတို့လက်ထဲမှာဆိုတော့ ငါတို့က စင်ပေါ်ကလူတွေပဲ ဥစ္စာ . . ပြောစမ်းပါစေကွာ . . စင်အောက်ကနေ ပြောစမ်းပါစေ . . ."

"ဟ . . ပြောစမ်းပါစေလို့ ရမလား . . သူက ငါ့တံတွေးမတော်တဆစင်တာကို ကြောင်သေးပန်းတာနဲ့နှိုင်းတော့ ငါပါးစပ်ကနေရင်းထိုင်ရင်း ကြောင်ဖင်ကြီးဖြစ်မသွားဘူးလား . . ."

"ဖြစ်သွားတာပေါ့ . . . ."

သူရ၏ အမေးကို ရန်နောင်က ယောက်ခံဖြေဖြေသည်။

"နှိုင်းစရာလား . . ငါ့ရဲ့ဆွဲဆောင်မှုရှိတဲ့ ဒီနှုတ်ခမ်းနဲ့ ကြောင်ဖင်နဲ့ . . ."

"အေးလေ. . နှိုင်းစရာလား . . နေရင်းထိုင်ရင်း ကြောင်ဖင်က သိက္ခာကျသွားမှာပေါ့ . . ."

"ဘာကွ . . ."

www.burmeseclassic.com

www.burmeseclassic.com



ရန်နောင်၏အဆိုကြောင့် သူရတစ်ယောက် 'ဘာကွ' ဟု အာခေါင်ခြစ်ကာအော်သည်။ ရန်နောင်က 'နောက်ကာပါကွာ' ဟု ရယ်ကျဲကျဲဖြင့်ဆိုသည်။

ကျွန်တော် သူရ ဒေါမကန်ကန်အောင် ဟဟားဟား ဖြင့် အော်ရယ်ပစ်လိုက်သည်။

"ဟကောင် . . ရယ်မနေနဲ့ . . ဒီကဒ်က gmail လိပ်စာကို ငါတို့ မကြည့်ရသေးဘူး . . . အဲ . . ဖုန်းနံပါတ်လည်း မကြည့်ရသေး ဘူး . . မင်းက ကြည့်ပြီးပြီဆိုပေမယ့် မင်းလည်းအလွတ်ရသေးမယ် မထင်ဘူး . . ဒီအချိန်မှာ ဒီကဒ်ကို ရှေ့ဝရန်တာက ချလိုက်ရင်ပဲ ဖြစ်ဖြစ် . . နောက်ဖေး ဝရန်တာကပဲ ဖြစ်ဖြစ် ပစ်ချလိုက်ရင် ဘာ ဖြစ်သွားမယ်ထင်လဲ . . . ."

ရန်နောင်က ကျွန်တော့်ကို ဟောက်သည်။ သူရက . . . . .

"တကယ် မလုပ်ဘူးတော့ မထင်နဲ့ . . ငါ အခု သိပ်ဒေါသ ထွက်နေတယ်"

ဟု ဝင်၍ဆိုသည်။

"ကဲ . . ငါပြန်ရွေးမယ်ကွာ . . မင်းတို့ကို ဘာကျွေးရမလဲ . . ဘာဝယ်ပေးရမလဲ . ."

"နိုး . . . နိုး . . ."

ကျွန်တော့်စကားပင် မဆုံးသေး . . ရန်နောင်က 'နိုး . . နိုး' ဟု လက်ညှိုးရမ်းကာ ငြင်းသည်။ ပြီး သူရဘက်လှည့်ကာ . . . .

"ငါကတော့ မစဉ်းစားတတ်ဘူးကွ . . သူရ . . ဘယ်လို အပေးအယူလုပ်ရင်ကောင်းမလဲ စဉ်းစားစမ်း . . ."

သူရက ခေါင်းကိုညိတ်ရင်း မေးစေ့ကိုပွတ်ကာ စဉ်းစားခန်း ဖွင့်သည်။ အတန်ကြာတော့မှ 'ဖျောက်' ခနဲ လက်ဖျစ်တီးရင်း . . .

"ငါက ညောင်းနေတာကွ . . တစ်နေကုန်လှုပ်ရှားထားရ



တာ ဆိုတော့လေ . . . . ဒီတော့ကွာ . . အညောင်းပြေအောင် နင်း ဆေးမယ်ဆိုရင်တော့ . . . ."

"နင်းမပေးနိုင်ဘူးဆိုရင်ကောကွာ . . ."

သူရ စကားမဆုံးခင်မှာ အောင့်သက်သက်ဖြင့် ကျွန်တော် ဆိုဖြစ်သည်။

"နင်းမပေးရင်တော့ ဒီကဒ်က စက္ကန့်ပိုင်းအတွင်းမှာ ပြာ လည်းဖြစ်သွားနိုင်တယ် . . . တစ်စစီ၊ တစ်စစီ ဆက်စပ်မရတော့ လောက်အောင်လည်း ဖြစ်သွားနိုင်တယ် . . အတည်ပြောနေတာ နော် . .။ မင်းအလှည့်တုန်းကလည်း ငါတို့ နင်းပေးခဲ့ဖူးပါတယ် . . မှတ်မိသေးလားတော့ မသိဘူး . . ."

ရန်နောင်၏ အပြောကြောင့် ကျွန်တော် တွန့်ခနဲဖြစ်သွားရ သည်။ ဟုတ်တော့လည်းဟုတ်သည်။ ကျွန်တော့်တုန်းကလည်း ဘာ ရယ်မဟုတ်သောကိစ္စတွေကို အကြောင်းပြုပြီး ညစ်ကျယ်ကျယ်ဖြင့် သကောင့်သားများကို ညာကာနင်းခိုင်းခဲ့ဖူးသည်။

ကျွန်တော် သက်ပြင်းကို ဟင်းခနဲနေအောင် ချမိသည်။

www.burmeseclassic.com

www.burmeseclassic.com



“အလှည့်ကျတော့လည်း မန္တဲ့စတမ်းပေါ့ကွာ . . ဟုတ်ဘူးလား . . သူရ . . .”

အနင်းခံရသော ရန်နောင်က သူရကိုလှမ်း၍ဆိုသည်။ ကျွန်တော်က ဖျတ်ခနဲလှမ်းကြည့်သောအခါ ဆရာသမားသူရက ‘ဟုတ်ပ’ ဟုဆိုရင်း မျက်မှန်ဘူးကို အပေါ်ပစ်လိုက် ပြန်ဖမ်းလိုက် လုပ်ပြသည်။

“ဟကောင် . . . မင်းခြေဖဝါးက ကောင်မလေးတွေ ခြေဖဝါးလို နူးညံ့နေတာ မဟုတ်ဘူး . . ဖြည်းဖြည်းနင်းစမ်း . . ခြေဖဝါးက ကြမ်းကကြမ်းနဲ့ ငါ့ရဲ့နူးညံ့တဲ့ အရေပြားတွေ သွေးခြည်ဥသွားဦးမယ် . . . .”

အောက်ကနေအနင်းခံရင်းကအမိန့်ပေးနေသော ရန်နောင်၏ စကားကြောင့် သူရက ငှက်ဆိုးထိုးသံလို အသံမျိုးဖြင့်ထရယ်သည်။

“ဟကောင် သိပ်ပေါက်ပေါက် မဖောက်နဲ့နော်။ ငါ စိတ်တိုလာရင် လည်စိကို တက်နင်းပစ်လိုက်မှာ။ အဲဒီတော့မှ တစ်ခါတည်း





အသက်ဘယ်က ထွက်သွားမှန်း မသိလိုက်ဘူးဖြစ်သွားမယ် . . .”

“ဟ . . လည်စိကို သွားနင်းလို့ ဘယ်ဖြစ်မလဲကွ . . သူ့မှာက စပယ်ယာပတ်(စ်) ရှိတာမဟုတ်ဘူး . . နင်းချင်သပဆိုရင် အောက်နားက နှစ်စီရှိတဲ့အထဲက ကြိုက်တဲ့အစိကို နင်း . . .”

“ဘယ်အစိလဲကွ . . .”

“ခြေမျက်စိ . . ခြေမျက်စိ . . .”

ကျွန်တော်က ဘာမှမပြော။

သူရက ဖြတ်မေးပြီး ရန်နောင်က အော်၍ဖြေသည်။

“တဲ . . တဲ . . တဲ . . ရပြီ . . ရပြီ . . သူရရေ . . မင်းခံယူတဲ့အလှည့်ရောက်ပြီကွ . . .”

ရန်နောင်က ထိုသို့ဆိုရင်း . . . .

“ဘူး ငါ့ကိုပေး”

ဟု လှမ်းတောင်းသည်။

“အနင်းခံပြီးရင်တော့ ယောကျ်ားကတိတည်ပါစေနော် . . ကတိမတည်လို့ကတော့ နှစ်ကောင်စလုံး မလွယ်ဘူးမှတ် . . .”

ကျွန်တော် ကြိမ်းဝါးမှုကို နှစ်ကောင်စလုံးက မတုံ့ပြန်။

သူရက အီးပိန်နေသော ကျွန်တော့်ကိုကြည့်ရင်း . . . .

“ရန်နောင်ရေ . . ပက်လက်ကလေး အနင်းခံရရင် ကောင်းသလား . . . မှောက်လျက်ကလေး အနင်းခံရရင် ကောင်းမလား . . အကြံပေးပါဦးကွ . . .”

“မင်းဟာမင်း ပက်လက်ပဲခံခံ၊ မှောက်လျက်ပဲခံခံ နင်းတဲ့သူကတော့ နင်းပေးပြီးရင် မုန့်ဖိုး၊ ပဲဖိုးလေး လိုချင်မှာပဲ . . မင်းမှာ အကြွေရှိလား . . .”

ရန်နောင်က ကျွန်တော့်ကို ကြည့်ရင်းဆိုသည်။

သူရက ‘ကြည့်ပေးလိုက်ပါကွာ’ ဟုဆိုသည်။ ဘယ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကကြည့်ကြည့် ကျွန်တော့်မှာ အရှုံးဘက်ကချည်း။

'ခွေးကောင်တွေ တွေ့ကြသေးတာပေါ့ကွာ' ဟု စိတ်မှာ ကြုံးဝါးဖြစ်သည်။



"လက်စသတ်တော့ ဒီလိုကိုး . . .။ ချစ်သူများနေ့မှာမှ ကြုံကြိုက်ရတယ်လို့ . . ဘာပဲပြောပြော . . ငါကတော့ ဒီနေ့ ငါ့အိမ်က Computer ကိုဖျက်မယ် ပန်းနုရေ . . ."

"ဟဲ့ . . ဘာဆိုင်လို့တုံး . . ပြီးတော့ နင့် Computer က သူ့ဆိုင်က ဝယ်ထားတာမှမဟုတ်တာပဲဟာ . . ."

"ငတုံးမ . . နင်အသာနေပါ . . ဆက်လုပ်ရှားရမယ့် ဇာတ်ညွှန်းတွေ အကုန်လုံး ငါရေးပေးမယ် . . ."

မူယာက ဆရာမကြီးစတိုင်လ်ဖြင့်ဆိုသည်။ ကေသီ့ကို စစ်ကူလှည့်တောင်းတော့ ကေသီက ပခုံးကိုတွန့်ပြသည်။

"ပန်းနု . . နင် မှန်မှန်ပြောစမ်း . . သူ နင်နဲ့စကားပြောနေတဲ့အချိန်မှာ သူ့မျက်လုံးထဲမှာ နင် ဘာမှမတွေ့မိဘူးလား . ."

"ဘာကိုတွေ့ရမှာလဲ အူကြောင်ကြောင်နဲ့ . . ."

သူမကိုမေးသော အမေးကို ကေသီက ထိုသို့ဝင်၍ဆိုသည်။ မူယာက သက်ပြင်းကို စိတ်ပျက်ဟန်ဖြင့် ချရင်း . . . .

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အာ . . ငါပြောတာက ကိုစိုင်းရဲ့မျက်လုံးထဲမှာ ထူးခြားတဲ့ အရိပ်အယောင် မတွေ့မိဘူးလားလို့ မေးတာ . . ဆိုလိုတာက . . ဥပမာကွာ . . နောက်ကိုဆက်ပြီး ချဉ်းကပ်လာမယ့် အကြည့်မျိုး . . ဒါမှမဟုတ် . . ပုံမှန်ခင်မင်တဲ့ သာမန်အကြည့်မျိုးလား . . ဆိုတာလောက်ကတော့ ငါတို့ မိန်းကလေးတိုင်း ခွဲခြားတတ်ပါတယ် . . အဲဒါကို ပြောတာက . . ကဲ . . ပြော . . သူ့မျက်လုံးထဲမှာ ဘာထူးခြားမှုရှိလဲ . . ."

"ငါ အမှန်အတိုင်း ပြောရမလား . . ."

သူမ၏ ခပ်တိုးတိုးအဆိုကြောင့် ကေသီနှင့်မူယာတို့၏ ခေါင်းများက သူမထံ တိုးကပ်လာကြသည်။

မူယာက 'ပြော . . ပြော' ဟုလောသည်။

"ငါ . . သတိမထားမိလိုက်ဘူးဟ . . ."

သူမ၏ အဆိုကြောင့် ကေသီတို့နှစ်ယောက်စလုံး 'အာ' ဟု စိတ်ပျက်လက်ပျက် ရေရွတ်ကြသည်။

"တစ်ခုတော့ရှိတယ် . . ."

"အင်း . . ပြော . ."

ဟု ကေသီက စကားထောက်သည်။

"သူ ငါ့ဖုန်းနံပါတ်ကို တောင်းတဲ့အချိန်တုန်းကတော့ သူ့စကားတွေက အစီအစဉ်မကျဘူးဟ။ ပြီးတော့ သူလိပ်စာကဒ်ကို ပေးတော့လည်း သူ့စိတ်သူ မလုံတဲ့ပုံစံနဲ့။ သူပြောတာကတော့ နောက်နှစ်ရက်လောက်ဆိုရင် Computer Model အသစ်တွေထပ်ရောက်ဦးမှာတဲ့။ အဲဒီအချိန်ကျရင် ဖုန်းဆက်လိုက်ဦးမယ်တဲ့ . . ."

"ဟုတ်ပြီ . . ."

သူမ၏ စကားအဆုံးမှာ မူယာက 'ဟုတ်ပြီ' ဟုဆိုရင်း လက်ဖျောက်တီးသည်။





ကေသီက . . .

"ဘာဟုတ်တာလဲ"

ဟု မျက်ခုံးပင့်ရင်းမေးသည်။

"ဒီလိုလေဟာ . . နောက်နှစ်ရက်ဆိုတာ သိပ်လိုတော့တာမှမဟုတ်တာ။ ဒီတော့ တစ်ချက်စောင့်ကြည့်လိုက်တာပေါ့။ လုပ်ငန်းကိစ္စကိုပဲ ပြောသလား။ လုပ်ငန်းကိစ္စအကြောင်းပြပြီးတော့ ဘာညာဘာညာဖြစ်ဖို့ပဲများပါတယ်။ ဟုတ်တယ်မဟုတ်လား . . ကေသီ"

"အို . . ဘာညာ . . . ဘာညာ ဖြစ်ဖို့ပဲများပါတယ် . . ဟုတ်တယ်မဟုတ်လား ပန်းနု . . ."

"ဒါတော့ ဘယ်သိမှာလဲ . . ဟုတ်တယ်မဟုတ်လား မူယာ"

ပြောင်ချော်ချော်ဖြင့် သူတို့ဆိုသလို လိုက်ဆိုသော သူမ၏ စကားကြောင့် သုံးယောက်သားရယ်ဖြစ်ကြသည်။

မူယာက တခွီးခွီးဖြင့် အားရအောင်ရယ်ပြီးမှ . . . .

"ငါတို့အဖြစ်ကလည်း ပန်းနုပြောပြောနေသလို မုန့်ဆီကြော်တ ဘယ်နေ့မှန်းမသိဘူး . . . နှုတ်ခမ်းက ကြိုနာနေသလို ဖြစ်နေပြီထင်တယ် . . . နော် . . ပန်းနု . . ."

"အံမယ် . . ဘာဆိုင်လို့လဲ . . ငါက ဘာမှမဖြစ်ဘူး . . အေးဆေးပဲ . . မုန့်ဆီကြော်လည်း ငါက မကြိုက်ဘူး . . ရှင်းလား"

"အေးပါ . . နောက်မှ မုန့်ဆီကြော် မကြိုက်ဘူး . . မကြိုက်ဘူးနဲ့ မုန့်ဆီကြော်သည်ကြီး ကိုစိုင်းနဲ့ ညားနေဦးမယ် . . ."

"မယူတာ . . အပျိုကြီးလုပ်မှာ . . ."

"သေချာရဲ့လား . . ."

"သိပ်သေချာတာပေါ့ . . ."

"ငါ ကြုံဖူးသလောက်တော့ အဲဒီလို အပျိုကြီးလုပ်မယ်ဆိုပြီး ကြွေးကြော်ထားတဲ့ လူတွေပဲ စောစောစီးစီး ပါပါသွားကြတာ . . စောင့်

www.burmeseclassic.com



ကြည့်ရသေးတာပေါ့ . . ပန်းနုရယ် . . . . ”

“အိုးဟိုး . . စောင့်ကြည့်လိုက်စမ်းပါ . . . ”

ကေသီ၏ အဆိုကို သူမ မျက်စိစုံမှိတ်ရင်း ပြန်ပက်ဖြစ်သည်။

တကယ်တမ်းကျတော့ သူမရင်ထဲမှာ ကိုစိုင်းဆိုသော ပုံရိပ်စွဲထင်နေသည်ကို သူမ ဝန်မခံချင်သေး။



“ဝန်ခံလိုက်စမ်းပါ . . ကိုစိုင်းရာ . . ပြောင်မလိမ်ချင်စမ်းပါနဲ့ . . . ”

သူရက ကျွန်တော့်ကို ဇွတ်ကြီးဝန်ခံခိုင်းသည်။ သူတို့ ပြောသည်း ပြောလောက်စရာပင်။ ကျွန်တော်ကလည်း ကျွန်တော်။ အမြဲတမ်း သိုးနေအောင်အိပ်ခဲ့သမျှ ဒီနေ့ မနက်တော့ အစောကြီးထပြီး အကောင့်သားများ ရပ်နေရာ ဝရန်တာဆီ ထွက်ခဲ့မိသည်။

ဝရန်တာမှာလာရပ်သော ကျွန်တော့်ကို အစပိုင်းကတော့ အကောင့်သားနှစ်ကောင်စလုံး ဖာသိဖာသာပင်။ သတိမထားမိသေး။ နောက်တော့မှ ရန်နောင်က အမှတ်ရသွားဟန်ဖြင့် . . . .

“အံမယ်မယ် ကြည့်စမ်း . . ကြည့်စမ်း . . တစ်သက်လုံးက စောစောစီးစီး မထဖူးတဲ့ ဆရာသမားက ဆူးထူးဆန်းဆန်း အစောကြီးထလို့ပါလား . . . ”

“အေးကွ . . ဒီနေ့ အစောကြီးနိုးနေတယ် . . . ”

သံသယအကြည့်ဖြင့်ကြည့်ကာဆိုသော ရန်နောင့်စကားကို မျက်ဝဲဝဲဖြင့် ကျွန်တော် တုံ့ပြန်ဖြစ်သည်။ သူရက ကျွန်တော့်ကို ပြုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဖြိုးဖြင့်ကြည့်ရင်း အထက်ပါအတိုင်း 'ဝန်ခံလိုက်စမ်းပါ'၊ 'ဖြောင့်မလိမ်ချင်စမ်းပါနဲ့' ဟု စွပ်စွပ်စွဲစွဲဆိုခြင်းဖြစ်သည်။

တကယ်တော့ ကျွန်တော်ကိုယ်၌ကလည်း မနိုးမှာစိုး၍ ဖုန်းဖြင့် Alarm ပေးကာထခဲ့ခြင်းဖြစ်သည်။

သကောင့်သားနှစ်ကောင် အပြင်ရောက်နေကြ၍ ကျွန်တော့်ဖုန်းမှ Alarm မြည်သံကို သူတို့မကြားခဲ့ကြခြင်းဖြစ်သည်။

မျက်လုံးမဖွင့်ချင် ဖွင့်ချင်ဖြင့်ဇွတ်ဖွင့်ကာ ကမန်းကတန်း မျက်နှာသစ်၊ သွားတိုက်ပြီး ဝရန်တာကို ဒရောသောပါး ပြေးလာခဲ့ခြင်းသာဖြစ်သည်။

"မင်း ပန်းနုကို လာစောင့်ကြည့်တာမဟုတ်လား။ ဝန်ခံလိုက်စမ်းပါကွာ . . မရှက်စမ်းပါနဲ့ . . . ငါတို့ကတော့ ရှင်းတယ် . . ဝန်ခံတယ် . . . သူတို့ကို တမင်စောင့်ကြည့်နေတာ။ ဟုတ်တယ် မဟုတ်လား သူရ . . . ."

"သိပ်ဟုတ် . . . ."

သူရ ပေါ်တင်ပင် 'သိပ်ဟုတ်' ဟုဆိုသည်။ ရန်နောင်က 'တွေ့လား' ဟူသော သဘောဖြင့် မျက်ခုံးကို ပင့်ပြသည်။

ကျွန်တော် ဘာမှဆိုမနေတော့ဘဲ မမြင်ယောင်၊ မကြားယောင်ပြုကာပင်နေပစ်လိုက်သည်။

"အဲဒါပဲကွ . . လောကကြီးမှာ အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း ဝန်မခံရဲတဲ့။ သူရဲဘောကြောင်တဲ့ လူတွေ အများကြီးရှိနေသေးတယ် ရန်နောင်ရေ . . ."

"ဟုတ်ပဗျာ . . ဟုတ်ပ . . ."

ကျွန်တော့်ကို ရွဲ့နေသည်မို့ ကျွန်တော် ဟက်ခနဲ ရှက်ရယ်ရယ်ဖြစ်သည်။

"အေးပါကွာ . . ငါ ဝန်ခံပါတယ် . . . ကဲ . . ဟုတ်ပြီလား"



အောင့်သက်သက်ဖြင့် ကျွန်တော်ဆိုဖြစ်သည်။

"အေး . . မင်းဝန်ခံပြီဆိုတော့ ငါတို့ကလည်း အမှန်တရားတို့ ပြောပြရတော့မှာပေါ့။ မင်းမလာသေးခင်ကလေးမှာပဲ ပန်းနုတို့ သွားလိုက်ကြပြီ။ ဒီနေ့ မနက်ခင်းအဖို့ကတော့ မင်း နေ့တွက်နှုံးပြီ။ အိပ်ရာ အစောကြီးထရတာပဲ အဖတ်တင်တယ်။ ကဲ . . ရှင်းပြီလား . . ."

"ဟေ . . ."

ကျွန်တော်က 'ဟေ' ဟု ရေရွတ်ရင်း ခေါင်းငိုက်စိုက်ကျသွားရသည်။

သွားပြီ . . . မနက်အစောကြီးထရတာပဲ အဖတ်တင်ကာ ပန်းနု၏ အရိပ်အယောင်လေးကိုသော်မှ မမြင်လိုက်ရ။

"အဲဒါဆိုလည်း ပြန်အိပ်ရုံပဲ ရှိတော့မှာပေါ့ . . ."

စိတ်ပျက်လက်ပျက်ဖြင့်ဆိုရင်း ကျွန်တော် ပြန်လှည့်ဝင်ဖြစ်သည်။

"ဟကောင် . . အလကားနောက်တာပါကွာ . . လာ . . ဟိုမှာ လာနေပြီ . . ."

ရုတ်တရက်ဆိုသော သူရ၏ စကားကြောင့် ကျွန်တော် လမ်းပေါ်ကို ငုံ့ကြည့်ဖြစ်သည်။ သကောင့်သားပြောတာမမှား။ ပန်းနုနှင့် သူမ၏ သူငယ်ချင်းနှစ်ယောက် ဖိုင်လေးတွေကိုယ်စီ ပိုက်ရင်း လမ်းလျှောက်နေကြသည်။

ပန်းနု၏ ဆံနွယ်များကလေနှင့်အတူ Slow Motion ပျံ့လွင့်နေကြသည်။ သူမ၏ ဘယ်ဘက်နားရွက်ပေါ်မှာ ပန်ဆင်ထားသော ပန်းကို မသဲမကွဲ လှမ်းမြင်နေရသည်။

ပန်းနုရေ . . မင်း ချစ်စရာကောင်းလိုက်တာများ . . ငါ့ရင်တွေတောင် ပရမ်းပတာခုန်လို့။

www.burmeseclassic.com

www.burmeseclassic.com



သူမ ကြားနိုင်မည်မဟုတ်သော စကားတို့ကို ကျွန်တော့် ရင်ထဲမှနေ ဆိုနေဖြစ်သည်။

မြင်ကွင်းမှသူမ ပျောက်ကွယ်သွားသည်အထိ ကျွန်တော် လိုက်ငေးနေမိသည်။ မြင်ကွင်းမှ သူမပျောက်ကွယ်သွားသော်လည်း ကျွန်တော့်ရင်ခုန်သံ ကြမ်းရှုရှတို့ကမူ အရှိန်လျှော့ကာ ပျောက်ပျက် မသွား . . ခုန်မြဲ . . ခုန်ဆဲ . . . ။



'ဝုန်း' ခနဲ ပန်းဆိုးတန်းမှာ သူမနှင့်လာဆုံသောခဏ ကျွန်တော့်ရင်တို့ ဝုန်းဒိုင်းတွေ ကျဲကုန်သည်။ သူမကား တစ်ယောက် တည်းမဟုတ်။ ဘေးမှာ သူငယ်ချင်းနှစ်ယောက်ပါသည်။ စကားတ ပြောပြောဖြင့် လာနေသော သူမက ကျွန်တော့်ကို မမြင်။

နှုတ်ဆက်လိုက်ရင်ကောင်းမလား ဟုတွေးနေစဉ်မှာပင် မျက်နှာချင်းဆိုင်မှလာနေသော သူမက ကျွန်တော့်ကိုတွေ့ကာသွား သည်။

"ဘယ်သွားကြမလို့လဲ . . ."

ကမန်းကတန်းပြုံးပြရင်း နှုတ်ဆက်သော ကျွန်တော့်အမေး ကို သူမက 'ရှင်' ဟု အူကြောင်ကြောင့်ထူးသည်။ ဘေးမှ ခပ်သွက် သွက်ရှိပုံရသော သူမ၏ သူငယ်ချင်းတစ်ယောက်က . . . .

"ဗိုက်ဆာလို့ တစ်ခုခုသွားစားကြမလို့ . . ."

ရွှေစွန်ညို ဘာကိုလိုလို့ ဝဲနေမှန်းသိနေဟန်တူသော သူမ၏ သူငယ်ချင်း၏ ရယ်ကျဲကျဲအကြည့်အောက်မှာ ကျွန်တော့်မျက်နှာတွေ



www.burmeseclassic.com

www.burmeseclassic.com



ထူပူသွားရသည်။ 'တစ်ခုခုသွားစားမည်' ဟုဆိုသောကြောင့် 'ဘယ်လိုကပ်လိုက်သွားရင် ကောင်းပါ့' ဟုတွေးဖြစ်သည်။

"ဟဲ့ . . . ပန်းနု . . ငါတို့နဲ့ မိတ်ဆက်ပေးဦးလေ . ."

စောစောက သူငယ်ချင်းကပင် ပြုံးစိစိဖြင့် ကျွန်တော့်ကိုကြည့်ရင်း ပန်းနုကိုဆိုသည်။ ဒီလောက်ထိ သူမတို့ဘက်က သွက်နေမှတော့ ကျွန်တော် ရှက်နေလို့ မဖြစ်တော့ဟု တွေးမိလိုက်သည်။

"ဟုတ်ကဲ့ . . ကျွန်တော်က စိုင်းဆမ်ဖ လို့ ခေါ်ပါတယ်။ ပန်းနုနဲ့ကျွန်တော် ခင်တာက ရက်ပိုင်းပဲရှိသေးတယ်။ သူက ကျွန်တော့်ဆိုင်မှာ Computer ဝယ်နေကျ ဖောက်သည်ပေါ့။ ဒါ . . ကျွန်တော့်လိပ်စာကဒ်ပါ . . ."

ရှက်အမ်းအမ်းဖြစ်နေသော ပန်းနုက ကျွန်တော့်သွက်လက်မှုကို အံ့အားသင့်သလို ကြည့်ကာနေသည်။

"ကျွန်မက ပန်းနုရဲ့အချစ်ဆုံးသူငယ်ချင်း မူယာပါ . . သူက ကေသီတဲ့ . . ."

"ဟုတ်ကဲ့ . . တွေ့ရတာဝမ်းသာပါတယ် . . . ဒါနဲ့ ပန်းနု . . ဟိုတစ်နေ့က Computer တွေ အဆင်ပြေရဲ့လား မသိဘူး . ."

ခေါင်းကြီးငုံ့ကာ ရှက်အမ်းအမ်းဖြစ်နေသော ပန်းနုကို ကျွန်တော်မေးဖြစ်သည်။ သူမက ခေါင်းကိုပင် မော့မနေဘဲ 'ပြေပါတယ်' ဟု ခပ်တိုးတိုးဆိုသည်။

"ဟို . . မူယာတို့ ဗိုက်ဆာလို့ တစ်ခုခုသွားစားကြမလို့ဆို . . ကျွန်တော်လည်း ဗိုက်ဆာလို့ ထွက်လာတာ။ တစ်ယောက်တည်းကြောင်နေတာနဲ့ အတော်ပဲ။ အတူတူသွားစားကြတာပေါ့။ မိတ်ဆွေသစ်တိုးတဲ့ အထိမ်းအမှတ်နဲ့ ကျွန်တော်ကျွေးပါ့မယ် . . . ."

"အားနာစရာကြီး . . . ."

မူယာက 'ပန်းနု' ကိုကြည့်ရင်းဆိုသည်။





"အားမနာပါနဲ့ . . . ."

"ဒါဆိုလည်း အားမနာတော့ဘူး . . ဒါနဲ့ ဘယ်ဆိုင်မှာ သွားစားကြမလဲ . ."

ကေသီဆိုသော ကောင်မလေးက ခပ်သွက်သွက်ဆိုသည်။ ပန်းနုက ကေသီ့ကို တံတောင်ဖြင့်တို့လိုက်သည်ကို ကျွန်တော်မြင်နေရသည်။

"ဒီရှေ့က Olympic Tower ဆယ့်ငါးထပ်မှာ Golden View ဆိုတဲ့ဆိုင်မှာ အစားအသောက်တွေကောင်းတယ်။ ပြီးတော့ မြို့ခင်းကိုလည်း အပေါ်စီးကနေကြည့်ရတာ တော်တော်လေးမိုက်တယ်။ အေးလည်းအေးဆေးတယ် . . ."

"အင်း . . ဒါဆို နီးနီးလေးပဲ သွားကြမယ်လေ . . ."

ကေသီက လက်တို့နေသော ပန်းနုကိုမသိချင်ယောင်ဆောင်ရင်း အထက်ပါအတိုင်းဆိုသည်။ တကယ်တော့ ကျွန်တော် တစ်ချက်ခုတ် နှစ်ချက်ပြတ် စီစဉ်လိုက်ခြင်းဖြစ်သည်။ ထိုဆိုင်မှာ ဟိုနှစ်ကောင်က ကျွန်တော့်ကို စောင့်နေမှာဖြစ်သည်။ အစောကြီးကတည်းက နေ့လယ်စာစားဖို့ သကောင့်သားများနှင့် ချိန်းထားတာဖြစ်သည်။

"ငါတို့ စန္ဒီ့နဲ့ချိန်းထားသေးတယ်လေ . . ကြည့် . . ဆယ့်နှစ်နာရီတောင်ထိုးတော့မယ် . . ."

ဖွတ်ဆွဲခေါ်လာသော မူယာနှင့်ကေသီ့ကြားမှနေ ပန်းနုက သတ်ကန်ယက်ကန် ပါလာရင်းမှ ထိုသို့ဆိုသည်။ မလိုက်ချင်လို့ ဆင်ခြေဆင်မှန်း ကျွန်တော်သိလိုက်သည်။

"ဟဲ့ . . ပန်းနု . . အကြောင်းကြောင်းနဲ့ စန္ဒီနဲ့ချိန်းထားတာတာ မနက်ဖြန်မှလေဟယ် . . ဒီနေ့မှ တနင်္လာပဲရှိသေးတယ် . . စန္ဒီနဲ့ချိန်းထားတာက အင်္ဂါမှ . . . ဟုတ်တယ်နော် ကေသီ . . ."

"အေးလေ . . ."

www.burmeseclassic.com

www.burmeseclassic.com



မူယာက သူမ၏ ဖြေရှင်းချက်အဆုံးမှာ ကေသီ့ထံမှ အတည်ပြုချက်ကို မရအရယူသည်။ ဖြီးလုံးမှန်းသိသော်လည်း ကေသီက ချက်ချင်းကြီးပင် 'အေးလေ' ပစ်လိုက်သည်။

ကျွန်တော်ကတော့ မူယာနှင့်ကေသီ့ကို အတော်ကြီး ကျေးဇူးတင်သွားရသည်။ သူမတို့ တကယ်ချိန်းထား မထားကိုမူ ကျွန်တော်မသိ။ ကျွန်တော် ရှေ့ကသွားနေရင်းက နောက်ဘက်လှည့် မကြည့်ဖြစ်သော်လည်း ပန်းနုတစ်ယောက် မူယာနှင့်ကေသီကြားမှနေ ဒေါကန်ကောင်း ကန်နေလိမ့်မည်ဆိုတာ ခန့်မှန်းမိနေသည်။

မြေညီထပ်မှနေ ဆယ့်ငါးထပ်သို့အတက် ဓာတ်လှေကားထဲမှာ စကားတစ်ခွန်းမှမဆိုဘဲ ခေါင်းကြီးငုံ့ကာထားသော ပန်းနုကိုကြည့်ရင်း ကျွန်တော်မှားများမှားသွားလားဟု စိတ်မကောင်းစွာ တွေးမိသည်။

"ပန်းနု နေမကောင်းဘူးလား ..."

ငြိမ်ချက်သားကောင်းနေသော သူမကို ငုံ့ကြည့်ရင်း ကျွန်တော်မေးဖြစ်သည်။ 'မေးနေတယ်' ဟူသော သဘောဖြင့် ကေသီက ပန်းနုကို ပခုံးဖြင့် အသာတွန်းသည်။

"ကောင်းပါတယ် ..."

ရှက်ဝဲဝဲဖြင့် သူမဆိုသည်။ ဆယ့်ငါးထပ်သို့ရောက်သောအခါ ဘယ်သို့ချိုးချိုးခြင်း Golden View ကိုရောက်သည်။

"ဩော် .. ဒီမှာ Internet လည်း သုံးလို့ရတာပဲ .."

ကေသီက ဆိုင်တွင်းသို့ လှမ်းဝင်ရင်း ဟိုကြည့် ဒီကြည့်ဖြင့် ဆိုသည်။ ဆိုင်ထဲသို့ ကောင်မလေးသုံးယောက်ဖြင့် ဝင်လာသော ကျွန်တော့်ကို မြင်သောအခါ သူရနှင့်ရန်နောင်က ပါးစပ်ကြီးတွေ ဟရင်း အံ့အားတသင့်ကြည့်သည်။

ကမန်းကတန်း မျက်စိမှိတ်ပြကာ ဣန္ဒြေရရ နေစမ်းဟု



မျက်မှောင်ကုတ်ပြလိုက်သောအခါ ဆရာသမားနှစ်ယောက်က ကမန်းကတန်း ဟနေသောပါးစပ်တို့ကို ဆတ်ခနဲပိတ်ပြီး ပြူးကျယ်နေသော မျက်လုံးတို့ကို ပြန်မှေးစင်းကာ မျက်နှာကို အော်ရီဂျင်နယ် အတိုင်း ပြန်တည်ကြသည်။

"ဟာ .. သူရ မင်းတို့ဒီရောက်နေကြတာလား .. အတော်ပဲ ငါလည်း သူငယ်ချင်းတွေနဲ့ ဒီမှာ နေ့လယ်စာ လာစားတာ .."

ကျွန်တော့်စကားကြောင့် ကျွန်တော့်နောက်မှာပါလာသော ပန်းနုတို့သုံးယောက်ကိုကြည့်ရင်း သူရက ကျွန်တော့်ကို အူကြောင်ကြောင်ကြည့်သည်။

တကယ်တော့ ကျွန်တော်က ဖောရှောထည့်လိုက်ခြင်းဖြစ်သည်။ ဘာရယ်တော့မဟုတ်။ ကျွန်တော် တမင်ဒီခေါ်လာမှန်း မသိအောင် ဖိန့်လိုက်ခြင်းဖြစ်သည်။

သို့သော် .. ကျွန်တော်ဆင်သော အကွက်ထဲသို့ သူရ တစ်ကောင် မဝင် ...။

"အာ .. မင်းဘာတွေ အူကြောင်ကြောင်လျှောက်ပြောနေတာလဲ။ မင်းပဲ စောစောကလေးတင် ဒီဆိုင်မှာ စောင့်လို့ ဖုန်းဆက်ထားလို့ စောင့်နေတာလေ ..."

'သွားပြီ' ဟု တွေးရင်း ကျွန်တော့်မျက်နှာတွေ ထူပူသွားရသည်။ ပန်းနုတို့မမြင်အောင် ကျွန်တော် မျက်လုံးကြီးပြူးပြသော်လည်း ဆေးကမမီတော့။ ရန်နောင်ကပါ 'အေးလေ' ဟုထောက်ခံလိုက်သည်ကိုး။

ပန်းနုတို့ တခွီးခွီး ရယ်နေကြလိမ့်မည်ဟု လှည့်မကြည့်ဘဲ ကျွန်တော် တွေးဖြစ်သည်။ ဒီမျက်နှာကြီးကို ဘယ်ချောင်သွားပို့ရမှန်းပင် မသိတော့ ...။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ရှခင်းလေးက ကောင်းလိုက်တာ . . . ဟိုမှာ ကြည့်စမ်း ပန်းနု . . သဘော်တွေအများကြီးပဲ။ အဲဒီမြစ်က ဘာမြစ်လဲ . . မသိဘူးနော် . . ."

မျက်နှာ ပူခနဲဖြစ်ကာ တောင့်တောင့်ကြီးဖြစ်သွားသော ကျွန်တော်၏ အရှက်ကို ဘာမှမကြားလိုက်၊ မသိလိုက်သလို ပုံစံမျိုးဖြင့် ဝင်ထိန်းပေးလိုက်သူက ကေသီ . . . .

"ဒီဆိုင်ကိုတော့ အရမ်းသဘောကျသွားပြီ . . ."

ဒုတိယမြောက် . . ကျွန်တော့်ကို အရှက်ပြေ ဝင်ဆိုသူက မူယာ . . ဖျတ်ခနဲ အမှတ်မထင် သူမကို လှမ်းကြည့်ဖြစ်တော့ သူမ၏ ရယ်ချင်ပက်ကျိ မျက်ဝန်းနှင့် ဒိုင်းခနဲ သွားဆုံသည်။

"ဒီဝိုင်းမှာ ထိုင်မှာလား . . ."

ကျွန်တော့်မျက်လုံးထဲသို့ စိုက်ကြည့်ရင်း မေးသော ပန်းနု၏ မေးခွန်းကို ကျွန်တော် ခေါင်းညိတ်ပြမိလိုက်သည်ထင်၏။ သူမတို့သုံးယောက်က ခုံများကို ဆွဲယူကာ ထိုင်သည်။ သူရနှင့်ရန်နောင်က တောင့်တောင့်ကြီးရပ်နေသေးသော ကျွန်တော့်ကို 'ထိုင်လေ' ဟူသော သဘောဖြင့် မျက်လုံးပြူးပြသည်။





Menu ကို သူမတို့သုံးယောက် ခေါင်းချင်းဆိုင်ကာ ဖတ်နေချိန်မှာ ကျွန်တော် သူရနှင့်ရန်နောင့်ကို အသံတိတ်ဆဲပြဖြစ်သည်။ ဤသည်ကိုဖင် ဆရာသမားများက ရယ်စရာဟာသလုပ်ပြနေသည်ဟု အောက်မေ့နေသလားမသိ။ 'မှတ်ပေထိ' ဟူသော သဘောဖြင့် ပြောင်ပြကြသည်။

"ပသျှူးထမင်းကြော် Seafood နဲ့ သုံးပွဲ . . ."

"လေးပွဲလုပ်လိုက် ညီလေး . . ."

လက်ညှိုးသုံးချောင်းထောင်ကာမှာသော ကေသီ့အမှာနောက်မှနေ ကျွန်တော်လိုက်မှာဖြစ်သည်။ သူရနှင့်ရန်နောင်က 'မိတ်ဆက်ပေးဦးလေကွာ' ဟူသော သဘောဖြင့် ရှခင်းများကို ပြတင်းဆေါက်ဘက်ဆီလှည့်ရင်း ငေးနေကြသော ကေသီတို့ကို မေးဆတ်သွက်အချက်ပြသည်။

"Sorry ပဲ သူငယ်ချင်း" ဟူသော သဘောဖြင့် ကျွန်တော်မျက်လုံးကို မှေးကာခေါင်းကိုခါပြဖြစ်သည်။ တကယ်တော့ တမင်စခြင်းသာဖြစ်သည်။

ထိုစဉ်မှာပင် ကေသီတို့က ကျွန်တော့်ဘက် မျက်နှာပြန်မူသာကြသည်။

"ဒါနဲ့ ကေသီတို့နဲ့ မိတ်ဆက်ပေးရဦးမယ် . . ဒီကောင်က သူရတဲ့ . . ဒီကောင်က ရန်နောင် . . . ."

"လမ်းထဲမှာ တွေ့ဖူးသလိုလိုပဲ . . ."

"ဟုတ်တယ် . . ကျွန်တော်လည်း ဒီက ညီမတွေကို မြင်ဖူးသလိုလိုပဲ . . ."

မူယာက လက်ညှိုးမရဲတရဲထိုးရင်း ဆိုလို့မှမဆုံးသေး သူရဘာ ဖောလုံးတွေ ပစ်ထည့်ရင်းဝင်ဖောသည်။

"ကျွန်မတို့က ဗဟန်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ . . ကျွန်တော်တို့လည်း ဗဟန်းက ( . . . . ) လမ်းထဲမှာနေတာ . . ."

"ဟုတ်လား . . ကျွန်မတို့လည်း အဲဒီလမ်းထဲမှာနေတာ . ."

"တစ်လမ်းတည်းသားချင်းတွေ အခုမှလာတွေ့နေတာပေါ့"

အပြန်အလှန်ဆိုနေကြသော ကေသီ့ကိုတစ်လှည့်၊ ရန်နောင့်ကိုတစ်လှည့် ကြည့်ရင်း ကျွန်တော့်လည်ပင်းများပင် ညောင်းလာသလားဟု အောက်မေ့ရသည်။ တစ်ခြမ်းကို မိတ်ဆက်ထားပြီးဖြစ်သော်လည်း တစ်ခြမ်းကို မိတ်ဆက်ရန် ကျန်သည်မို့ . . . . .

"ဟကောင်တွေ . . မင်းတို့ကို သူတို့နာမည်တွေ ပြောပြရဦးမယ် . . . သူက ကေသီ . . သူက မူယာတဲ့ . . ."

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် . . ကျွန်တော်တို့က ဒီလမ်းထဲ ပြောင်းလာတာ မကြာသေးတော့ ဘော်ဒါမရသေးလို့ ပျင်းနေတာ . . ."

"ဒါနဲ့ ရှင်တို့သုံးယောက်ကိုကြည့်ရတာ ဒီရန်ကုန်ဇာတိတော့ မဟုတ်လောက်ဘူး . . လေသံက ဝဲတယ်။ ဘယ်ကလဲ . . ."

"ကျွန်တော်တို့သုံးယောက်က တောင်ကြီးကပါ . . ."

"အြော် . . ထင်တော့ထင်သား . . စကားပြောတဲ့လေသံက တောင်ကြီးသံနဲ့ဆင်ပါတယ်လို့ အောက်မေ့နေတာ . . ."

တစ်ယောက်တစ်ပေါက်စီ ရေပက်မဝင်အောင် ဆိုနေကြသော ကျွန်တော်တို့အုပ်စုမှာ ကျွန်တော်တစ်ယောက်တည်း ဆွံ့အနေသလို သူမတို့အုပ်စုမှာလည်း သူမက စကားမဆို။ ပြောသမျှတွေ လိုက်နားထောင်ကြရင်း တစ်ယောက်ကိုတစ်ယောက် လှမ်းလှမ်းကြည့်ဖြစ်ကြသည်ကတော့ မကြာခဏပင် . . .။



စားပွဲထိုးကိုခေါ်၍ ကျသင့်ငွေကို ရှင်းပေးလိုက်သောအခါ ပန်းနုတို့သုံးယောက်က ဖာသိဖာသာပင်ဖြစ်သော်လည်း သူရနှင့်ရန်နောင်က မျက်လုံးပြူး၊ မျက်ခုံးပြူးဖြင့် ကျွန်တော့်ကို တအံ့တဩကြည့်နေကြသည်။

'အသာနေနေ' ဟူသော သဘောဖြင့် မျက်စိကို မသိမသာ မှိတ်ပြလိုက်သော်လည်း သကောင့်သားနှစ်ကောင်က မမြင်ချင်ဆောင်ကာ အသီးသီးအိတ်ကပ်ထဲမှ ငွေအချို့ကိုထုတ်ရင်း ကျွန်တော့်ရှေ့မှာချသည်။

ပန်းနုတို့သုံးယောက်က ဤသည်ကိုပင် မျက်လုံးပြူးကာ ကြည့်နေကြသည်မို့ ကျွန်တော် သကောင့်သားနှစ်ကောင်ကို စိတ်ပျက်သွားရသည်။

"မင်းတို့ကလည်း နောက်နေကြပြန်ပြီ . . ရော့ ပြန်ယူ"

ဟက်ခနဲ လုပ်ကာရယ်ရင်း ကျွန်တော်နှင့်ကပ်လျက်ထိုင်နေသော သူရ၏စားပွဲအောက်မှ ခြေထောက်ကိုနင်းကာ ဆိုဖြစ်သည်။ ကျွန်တော့်ကို ပန်းနုတို့သုံးယောက်က မျက်လုံးပြူးကာကြည့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်မို့ မျက်စိမှိတ်မပြတော့ဘဲ အောက်မှခြေထောက်ကို နင်းကာ သတိပေးလိုက်ခြင်းဖြစ်သည်။

"အား . . ငါ့ခြေထောက်ကို ဘာဖြစ်လို့ နင်းတာလဲကွ"

သူ့ရဲ့အော်သံက အကျယ်ကြီး။ ကျယ်တာမှပတ်ဝန်းကျင်မှ စားသောက်နေသူများပါ အာရုံစိုက်လာစေသည်အထိ ကျယ်သည်။

"မတော်တဆ နင်းမိသွားတာကွ။ ရော့ . . ရော့ မင်းတို့ ပိုက်ဆံပြန်ယူ . . နောက်စရာမဟုတ်ဘူး . . ."

အံကြိတ်ကာ ငွေကို ကြောင်တောင်တောင်လုပ်နေသော သူ့ရဲ့လက်ထဲ သိပ်ထည့်ပေးဖြစ်သည်။ သို့သော် ရန်နောင်က သူ့လက်ထဲမှ ပိုက်ဆံကိုပြန်ယူကာ ကျွန်တော့်ရှေ့မှာပြန်ချရင်း . . .

"ငါတို့ကလည်း နောက်နေတာမဟုတ်ဘူး . . ဘယ်တုန်းကများ မင်းက ငါတို့ကို ကျွေးဖူးလို့တုံး . . အမြဲတမ်း အမေရိကန် စစ်စတမ်နဲ့ရှင်းနေကျပဲဥစ္စာ . . စားတာသောက်တာကအစ . . သွားတိုက်ဆေးဝယ်တာအဆုံး . . သုံးနဲ့စားပြီးတော့ ကျသင့်ငွေကို မရမချင်း မင်းပဲတောင်းတတ်ပြီးတော့ . . . ."

'သွားပြီ' ဟု ကျွန်တော်တွေးရင်း ရှက်ရှက်ဖြင့် ပန်းနုတို့ သုံးယောက်ကိုကြည့်လိုက်သောအခါ သူမတို့သုံးယောက်က တစ်ဖက်လှည့်ပြီး ခိုးရယ်နေကြသည်။ မျက်လုံးပြူးပြလို့မရ၊ မျက်မှောင်ကုတ်ပြလို့မရ။ ဇွတ်ကြီး ပြောချင်ရာပြောနေသော သကောင့်သားနှစ်ကောင်ကပါ ကျွန်တော့်ကို 'မှတ်ထား' ဟူသော သဘောဖြင့်ပြုံးစိစိကြီးဖြင့် ကြည့်နေကြသည်။ ဒီတော့မှ ဒီကောင်တွေ ကျွန်တော့်ကို တမင် အရှက်ခွဲနေကြမှန်း ကျွန်တော် သိလိုက်ရသည်။

"ဩော် . . Sorry Sorry မင်းက မိန်းကလေးတွေ ရှေ့မှာ မို့လို့ ခဏစိုက်ရှင်းတာလား . . ဒါဆိုလည်း အိမ်ရောက်မှပြန်ယူတော့"

ရန်နောင်က ပြုံးဖြီးဖြီးကြီးလုပ်ကာ ဆိုရင်း ပိုက်ဆံတို့ကို



သူ့ရှေ့ပြန်ခွဲယူကာ အိတ်ကပ်ထဲပြန်ထည့်သည်။ အရှက်ကို တစ်ဆင့်ပြီးတစ်ဆင့်ခွဲနေသော သကောင့်သားနှစ်ကောင်ကိုကြည့်ရင်း ကျွန်တော်ရှက်လည်းရှက် ဒေါသလည်းထွက်ဖြင့် ဘာပြောလို့ ပြောရမှန်းမသိဖြစ်သွားရသည်။

ဤအနေအထားကိုဝင်၍ ရယ်ရယ်မောမောဖြင့် ဝင်ဖျန်ဖြေသူက မူယာ။

"ကိုစိုင်းဆမ်ဖတို့အုပ်စုက ပျော်တတ်တယ်နော် . . တစ်ယောက်နဲ့တစ်ယောက် . . . တော်တော်နောက်ကြတာပဲ . . ."

"ဟုတ်တယ် . . ကျွန်တော်တို့ကလေ . . ဒီလိုပဲ ပျော်တတ်ကြတယ် . . ."

မူယာ့စကားနောက်မှာ ချော်လဲရောထိုင်လုပ်ရင်းကျွန်တော် ရေလိုက်ငါးလိုက်ဆိုဖြစ်သည်။ သူရတို့နှစ်ယောက်ကိုလည်း ပါးစပ်ပိတ်ထားတော့ဟူသော သဘောဖြင့် မျက်မှောင်ကုတ်ပြဖြစ်သည်။

သို့သော် . . . သူရက တဟဲဟဲရယ်နေရာမှ . . . .

"ပျော်တတ်တယ်ဆိုတာကတော့ မှန်တယ် . . နောက်ကြတယ်ဆိုတာကတော့ မဟုတ်ဘူးဗျ . . စောစောက ကျွန်တော်တကယ်ပြောတာ . . ဒီကောင်ကလေ . . ."

"ဩော် . . ပြောရင်းဆိုရင်းနဲ့ နောက်ပြန်ပြီ . . နောက်ပြန်ပြီ . . ."

နောက်ဆုံးတော့ ဒီဘူတာပဲဆိုက်ဆိုက်လာသည်မို့ ကျွန်တော် သူရ နားရင်းကို ဖုန်းခနဲ ဖုန်းခနဲရိုက်ရင်း စကားစဖြတ်ဖြစ်သည်။

"တဲ . . တဲ . . ပြန်ကြမယ်လေ . . ပန်းနုတို့လည်း သွားစရာရှိဦးမှာပေါ့ . . ."

ကျွန်တော်ကပင် စကားစဖြတ်ကာ ကျွန်တော်ပဲ စားလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းလွှဲဖြစ်သည်။

"ဟုတ်တယ် . . ကျွန်မတို့ ဒီပန်းဆိုးတန်းမှာပဲ စာအုပ်အဟောင်းတွေ မွှေကြမလို့ . . ."

ဒီတစ်ခါတော့ ပန်းနုကိုယ်တိုင်ဖြေသည်။ ပန်းနု မျက်နှာပေါ်မှ ရယ်မြူးမြူးအရိပ်တို့ကို မြင်ရသောအခါ ကျွန်တော်၏ အရှုံးကြွဲမှုဖြင့် လဲလှယ်ယူထားရသော ဤဟာသကို တန်သလိုလို ထင်လာမိသည်။

"ကျေးဇူးပဲနော် . . ကိုစိုင်းဆမ်ဖ . . ."

"အာ . . ရပါတယ် . . . ကျွန်တော့်ကို ရင်းရင်းနှီးနှီး ကိုစိုင်းလို့ပဲ ခေါ်လို့ရပါတယ် . . ."

"ဟုတ်ကဲ့ . . ကိုစိုင်း ကျွန်တော်တို့ကလည်း ကျေးဇူးပဲနော် . . အိမ်ပြန်ရောက်ရင် ဗိုက်ဆံပြန်မတောင်းဘူး မဟုတ်လား"

အရေးထဲ ရန်နောင်က ဝင်၍ အရွှန်းဖောက်နေသေးသည်။ ကောင်မလေးသုံးယောက်က ဤသည်ကို တခွီးခွီးရယ်နေကြသော်လည်း ကျွန်တော်ကတော့ မရယ်နိုင်။

"နောက်နေပြန်ပြီ . . မတောင်းပါဘူးလို့ဆို . . ."

ဖုန်းခနဲ နားရင်းကို ရိုက်ရင်း ကျွန်တော်ဆိုဖြစ်သည်။ တကယ်ကြီးဆော်လိုက်တာမို့ ရန်နောင်က 'အားပါးပါး' ဟု အာခေါင်ခြစ်ကာအော်သည်။

ဆယ့်ငါးထပ်မှ အောက်ဆင်းရန် ဓာတ်လှေကားရှေ့ရောက်တော့ ဓာတ်လှေကားက လူသုံးယောက်ခန့်သာလိုသည်။

"ဓာတ်လှေကားက ပြည့်နေပြီတော့ . . ."

"အာ . . ရပါတယ် . . . Lady First ပေါ့ဗျာ။ ပန်းနုတို့အရင်ဆင်းလိုက်ပါ . . ."

ပန်းနုစကားနောက်မှာ ကျွန်တော်ကပ်၍ဆိုဖြစ်သည်။



"အာ . . ရပါတယ် . . နောက်တစ်ခေါက်မှ အတူတူဆင်းကြတာပေါ့ . . ."

ဝင်၍ဆိုလိုက်သော ကေသီ၏စကားကြောင့် ဓာတ်လှေကားထဲမှ လူတစ်ယောက်က တံခါးကို လှမ်းပိတ်သည်။

"ခဏလေး . . ခဏလေး . . လိုက်ဆင်းသွားလိုက်ပါ . . နောက်တစ်ခေါက်ဆို စောင့်နေရမှာစိုးလို့ . . . သွားပါ . . ရပါတယ် . . အားမနာပါနဲ့ . . ."

ကမန်းကတန်းဆိုသော သူရ၏ စကားကြောင့် တံခါးပိတ်သော ခလုတ်ဆီ လက်လှမ်းနေသည့် ဓာတ်လှေကားထဲမှလူက မျက်မှောင်ကြီးကုတ်ရင်း ကျွန်တော်တို့အုပ်စုကို ဘုကြည့်လှမ်းကြည့်သည်။

"ဒါဆိုလည်း အားမနာတော့ဘူးနော် . . . သွားပြီ . . အားလုံး . . တာ့တာ . . ."

ကောင်မလေးသုံးယောက်ကို လက်ပြန်ပြနေစဉ်မှာပင် ဓာတ်လှေကားက တံခါးပိတ်ပြီးဆင်းသွားသည်။ ကျွန်တော်တို့သုံးယောက်သား လက်ကလေးတွေကိုယ်စီပြရင်း ကျန်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လှေကား ဆင်းသွားသည်နှင့်တစ်ပြိုင်နက် ကျွန်တော် ဝုန်းခနဲ သကောင့်သားနှစ်ကောင်ဘက်ကို မျက်နှာမူဖြစ်သည်။

ဒေါသတကြီးဖြင့် သူတို့နှစ်ယောက်ဘက် မျက်နှာမူလာသော ကျွန်တော့်ကို မြင်မြင်ချင်း ဆရာသမားနှစ်ယောက်က ဟီးခနဲ ပြိုင်တူရယ်ပြကြသည်။ ပြီး သူရက . . . .

"ဘယ်လိုလဲကွ . . မင်းကြည့်နေတဲ့အကြည့်တွေက ဒေါသ သင့်နေသလိုပဲ . . ဘာလဲ . . ချစ်လို့ကျီစယ်တာကို စိတ်ဆိုးတယ် လား . . . ."

"စိတ်ဆိုးတယ်ဆိုတာထက် သတ်ချင်နေတာကွ . . သတ်ပစ် ချင်နေတာ . . ."

ပြောရင်းဆိုရင်း အနီးမှာရှိနေသော ရန်နောင့်ကို ဖုန်းခနဲ ကန်ဖြစ်သည်။ သိပ်မနာလှသော်လည်း ဆရာသမားက 'အား' ဟု ပြောင်ပြရင်းအော်သည်။

သူရဘက်လှည့်လိုက်တော့ ဆရာသမားက . . . .

"မင်းထက်ငါ လပိုင်း ကြီးတယ်နော် . . ကိုယ့်ထက်အကြီး



ကို ခြေထောက်နဲ့ကန်ရင် ငရဲကြီးတတ်တယ်ဆိုတာ မင်းသိတယ်နော်"

"မသိဘူးကွာ . . ငါ ဒီလောက်ပြူးပြူး ပြဲပြဲလုပ်နေတာ တောင် အသိသိကြီးနဲ့ ငါ့ကိုအရှက်ခွဲကြတာ . . ဘာသဘောလဲ"

"ကြည့်မရလို့ပေါ့ . . ကဲ . . ရှင်းလား . . ."

"ဘာကွ . . ."

သူရ၏ အဆိုကြောင့် ကျွန်တော် 'ဘာကွ' ဟု အံ့အားတသင့် ဆိုဖြစ်သည်။

"အစောပိုင်းကျတော့ ပန်းတုလေး၊ ပန်းဥလေးနဲ့။ မင်းပြော တော့ ပန်းသိပ်ကြိုက်ရင် ပန်းစားဘီလူးမ မယ်ကုဝဏ်ဝင်စားတာပဲ နေမှာ . . ဆို . . . အခုကျတော့ ဒီဘီလူးမမယ်ကုဝဏ်ကို မခွာတော့ ဘူး . . အဲဒါကြောင့်မို့လို့ ကြည့်မရလို့ တမင်ချွန်တွန်းတွန်းလိုက်တာ . . ကဲ . . ရှင်းလား . . . ."

"တောက် . . မင်းတို့နှစ်ကောင် တော်တော်ရက်စက်တာပဲ"

"စတာပါ . . လို့ . . ဆို"

ရန်နောင် ရှင်းပြမှုအဆုံးမှာ တက်ခေါက်ရင်းဆိုသော ကျွန်တော့်ကို သူရက 'စတာပါ' ဟု ဆိုသည်။

"အခုမှ စလုံးရေစ အဆင့်ပဲရှိသေးတဲ့အချိန်မှာ မင်းတို့က ဒီလိုကို ပေါကြီးလုပ်လိုက်တော့ ငါက ဟားစရာဖြစ်မသွားဘူးလား"

"မဖြစ်ပါဘူးကွာ . . ဒီလို အစအနောက်လေးနဲ့ဆိုတော့ ပိုတောင်ရင်းနှီးသွားသေးတယ် . . . ဟုတ်တယ် မဟုတ်လား သူရ"

"အေးလေ . . ."

"မင်းကြီးတော် အေးလေ လား"

ကျွန်တော် သူရကို ထအော်ဖြစ်သည်။ ကျွန်တော့်ဘက်က သာတစ်ဖက်သတ်ဒေါကန်နေသော်လည်း ဆရာသမားနှစ်ကောင်ကတော့ စပ်ဖြီးဖြီးပင်။

www.burmeseclassic.com

www.burmeseclassic.com



"တဲ . . တဲ . . ဓာတ်လှေကားရောက်ပြီ . . ဆင်းရအောင်"

ရန်နောင်က ပြောရင်း ဓာတ်လှေကားထဲဝင်ကာသွားသည်။ သူရက 'လာပါကွာ' ဟုဆိုရင်း ကျွန်တော့်ကို ဆွဲခေါ်သည်။

အောင့်သက်သက်ဖြင့် အီလည်လည်ကြီးဖြစ်နေသော ကျွန်တော့်ကိုကြည့်ရင်း သကောင့်သားနှစ်ကောင်ကတော့ ပျော်တပြုံးပြုံးဖြစ်နေကြသည်။

ကျွန်တော် သက်ပြင်းကို ဟူးခနဲ မှုတ်ထုတ်ဖြစ်သည်။



ထိုညက ဘာရယ်မဟုတ် ပန်းနုဆီ Message ပို့ရန်စိတ်ကူးဖြစ်သည်။ သို့သော် ဘယ်အကြောင်းအရာကို ပို့ရမည်မသိ။

ဖုန်းလည်းဆက်ချင်သည်။ သို့သော် ဘယ်အကြောင်းကို ပြောရမည်မသိ။ ဖုန်းကိုကိုင်ရင်း ဝေါင်တောင်တောင်ဖြစ်နေသော ကျွန်တော့်ကိုကြည့်ရင်း သူရက . . . .

"တောက်! မြင်ရတာ ကျက်သရေတုံးပါကွာ . . ကြက်ငှက်တုပ်ကွေးဖြစ်နေတဲ့ လင်းတ အစာမစားရတဲ့ရုပ်နဲ့ . . "

ဟု ပျစ်ပျစ်နှစ်နှစ်ဆိုသည်။

ကျွန်တော် ဘာမှပြန်မဆိုဖြစ်။ အခု ကျွန်တော့်စိတ်ထဲရှိနေသည်က ပန်းနုဖြစ်ပြီး ကျွန်တော်စကားပြောချင်နေသည်ကလည်း ပန်းနုကိုသာဖြစ်သည်။

ချစ်ရပါသော ပန်းနုကိုသာ ကျွန်တော် . . . . . ။

www.burmeseclassic.com

www.burmeseclassic.com



“ဈေးဝယ်လာတာလား . . .”

ရှေ့မှပိတ်ရပ်ကာ နှုတ်ဆက်လာသူကိုကြည့်လိုက်တော့ ကိုစိုင်းဖြစ်ကာနေသည်။ သူမ ပြန်ပြုံးပြရင်း ခေါင်းညိတ်ပြဖြစ်သည်။

“ကိုစိုင်း တစ်ယောက်တည်းလား . . .”

“ဟုတ်တယ် . . ဟိုကောင်တွေက . . . ဆိုင်မှာ . .”

သူမတို့နှစ်ဦး နှုတ်ဆက်နေချိန်မှာ စန္ဒီက ရုတ်တရက်ကြီး ရောက်လာသည်။ ပြီး . . သူမကိုတစ်လှည့် ကိုစိုင်းကိုတစ်လှည့် စူးစမ်းသလိုကြည့်သည်။

“မိတ်ဆက်ပေးရဦးမယ် . . ဒါက ပန်းနုရဲ့အစ်မဝမ်းကွဲ . . စန္ဒီတဲ့ . . ဒါ နင့်ဖေဖေအမြဲဝယ်နေကျဒိုင်က ဆိုင်ရှင် ကိုစိုင်းဆမ်ဖ တဲ့ . . .”

“ဟုတ်ကဲ့ . . တွေ့ရတာဝမ်းသာပါတယ် . . .”

“အော် . . ဟုတ်ကဲ့ . .”

အပြန်အလှန်နှုတ်ဆက်နေသော စန္ဒီ့မျက်လုံးထဲမှာ အရောင်တွေ လက်နေသည်ဟု သူမ ထင်နေသည်။



“ကျွန်တော့်ကို ခွင့်ပြုပါဦး။ ပန်းနု နောက်မှဆုံကြတာပေါ့”

ကိုစိုင်းက စန္ဒီ့ကိုတစ်လှည့် သူမကိုတစ်လှည့် နှုတ်ဆက်ရင်း ထွက်သွားသည်။ စန္ဒီက လည်ပြန်လိုက်ကြည့်ရင်းက သူမကို ပခုံးတို့သည်။

“ပန်းနုရေ . . သူ့နာမည် ငါမေ့သွားပြီ . . ကိုဘယ်သူ . .”

“ကိုစိုင်းဆမ်ဖ . . .”

သူမ စိတ်မပါလက်မပါပင် ဖြေဖြစ်သည်။

“တော်တော်ရုပ်ဖြောင့်တာပဲ . . ကြည့်စမ်း . . ဒီလို ရုပ်ပါဖြူတဲ့သူငယ်ချင်းလည်း နင့်မှာရှိတာပဲလား . . ဒါနဲ့ ရိုးရိုးသူငယ်ချင်းလား . . .”

“နင့်ဖေဖေ ငါ့ဦးလေးက ဟိုတစ်နေ့က သူ့ဆိုင်မှာ Computer သွားဝယ်ပါလို့ ခိုင်းလို့ သွားဝယ်ရင်းက ခင်တာ . . . ရက်ပိုင်း ရှိသေးတယ် . . .”

“အော် . . . ဒီလိုလား . . .”

စန္ဒီက ‘ဒီလိုလား’ ဟု ရေရွတ်ရင်း ကိုစိုင်းသွားရာဘက်ကို လှမ်းကြည့်ပြန်သည်။ အတော်ကြာကြာလှည့်ကြည့်ပြီးမှ . . . .

“အရုပ်အမောင်းကော၊ အသားအရေကော . . ကိုယ်လုံးကိုယ်ပေါက်ရော . . အပြောအဆို အမူအရာကော . . ဘာ . . မှ အပြစ်ပြောစရာမရှိတဲ့လူပဲ . . Computer အရောင်းဆိုင်မဖွင့်ဘဲနဲ့ မင်းသားလုပ်စားဖို့ကောင်းတယ် . . . ဒါနဲ့ သူ့ဆိုင်မှာ Computer Note Book တွေ စုံစုံလင်လင်ရှိလား . . .”

“အင်း . . .”

သူမ စိတ်မပါစွာပင် အင်းဖြစ်သည်။ စန္ဒီ ဘာဆက်လုပ်တော့မည်ဆိုတာကို သူမ ကြိုတွက်မိနေသည်။ စိတ်ထဲမှာ နှမြောသလို၊ သဝန်တိုသလိုလိုကြီး ခံစားနေရသည်မို့ သူမကိုယ် သူမ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သထွက်နေမိသည်။

"အတော်ပဲ . . ငါ့ Note Book က Model အတော်လေး အောက်နေပြီ။ တစ်ရက်ရက်မှ Latest Model တစ်လုံးလောက်သွား အားပေးဦးမှပဲ . . နင့်ဆီမှာ သူ့ဆိုင်လိပ်စာ ရှိတယ်ဟုတ် . . ."

"အေး . . ."

'မရှိဘူး' ဟုလည်း ပြောလို့မရတော့ . . 'အေး' လိုက်ရတော့သည်။

"နင့် Note Book က အကောင်းကြီးရှိသေးတဲ့ဥစ္စာ . . အလကားငွေ မကုန်ဘဲကုန်အောင် . . ."

"နင့်အပူလား . . နင့်ပိုက်ဆံနဲ့ဝယ်မှာမို့လို့လား . . ပန်းနု နင် ငါ့ကို ဆရာကြီးအကွက်တွေ လာမနင်းနဲ့နော် . . ငါ မကြိုက်ဘူး . . ငါက ပစ္စည်းတစ်ခုကို ဘယ်တော့မှ အကြာကြီးသုံးချင်တာ မဟုတ်ဘူး . . နင်လည်း သိရဲ့သားနဲ့ . . . ."

တစ်ခွန်းနှစ်ခွန်းသာဆိုမိသော သူမကို စန္ဒီက စကားလုံးပေါင်းများစွာဖြင့် ပွစိ ပွစိ ပြန်လုပ်သည်။ အတန်ကြာသည်အထိ နှစ်ယောက်သား စျေးဝယ်နေဖြစ်ကြသည်။ တကယ်တော့ စန္ဒီစျေးဝယ်တာကို သူမလိုက်ကူရခြင်းဖြစ်သည်။ ဂျီးဂျောင်များသော စန္ဒီ့နောက်ကို ဘယ်သူငယ်ချင်းကမှ Shopping မလိုက်ချင်ကြ။ နောက်ဆုံးတော့ လပိုင်း၊ ရက်ပိုင်းမျှသာငယ်သော တစ်ဝမ်းကွဲညီမဖြစ်သူ သူမကသာ မလိုက်ချင်လိုက်ချင်နှင့်လိုက်ကူရသည်။

ဘာရယ်တော့မဟုတ်။ စန္ဒီနှင့်ကိုစိုင်း နောက်တစ်ခေါက် ထပ်ဆုံသွားမှာကို သူမ စိုးရွံ့နေမိသည်ကား အမှန် . . . .။



"ကိုစိုင်း . . ဧည့်သည်ရောက်နေတယ် . . ."

ရုံးခန်းထဲမှာ သကောင့်သားနှစ်ကောင်နှင့်စာရင်းတွေ စစ်နေတုန်း အရောင်းစာရေးမ 'မယု' လာခေါ်သဖြင့် ထွက်ခဲ့ဖြစ်သည်။

ဒီရက်မှာ ချိန်းထားသည့်ဧည့်သည် 'မရှိ' ဟုတွေးရင်း လျှောက်အလာ Show Room ထဲမှာ Note Book တွေ လျှောက်ကြည့်နေသော စန္ဒီ့ကို ကျွန်တော် တွေ့ရသည်။

"စန္ဒီပါလား . . ဘယ်သွားရင်းလဲဗျ . . ."

ဘေးမှာ ပန်းနုများ ပါသေးလားဟု ဝေ့ဝဲကြည့်ရင်း မေးဖြစ်သည်။ ပန်းနုတစ်ယောက် မပါပါ။ တစ်နေရာရာများ ဝင်နေသလားမသိ။ တစ်နေ နေရာမှာကျန်ခဲ့ပြီးမှ လိုက်လာတာမျိုးလည်း ဖြစ်နိုင်သည်။

"ဘယ်သွားရမှာလဲ . . ကိုစိုင်းရဲ့ဆိုင်ကိုပဲ လာတာ။ စန္ဒီ့ရဲ့ Note Book က Model နိမ့်နေပြီဆိုတော့ မကိုင်ချင်တော့ဘူး။ အဲဒါ Latest Model ထဲက တစ်လုံးလောက် အားပေးမလို့ . . လျှော့ဈေးရမယ်နော် . . ."

www.burmeseclassic.com

www.burmeseclassic.com



'မလိုအပ်ဘဲ ငွေတွေဖြုန်းနေတာကိုး ...'

ဟု ကျွန်တော် တွေးဖြစ်သည်။

"လျှော့ပေးရမှာပေါ့ဗျာ .. ဒါနဲ့ ပန်းနု မပါဘူးလား ..."

"မပါဘူး .. ဒီကောင်က နောက်ဆုံးရောက်တာဆို ဟုတ်လား .. ဒီဇိုင်းက တော်တော်လေးမိတယ်နော် .. ဒီပုံစံလေးကို သဘောကျတယ် ..."

'ပန်းနုမပါဘူးလား' ဟူသော ကျွန်တော့်အမေးကို သူမက စိတ်မပါသလိုဖြေရင်း စကားလမ်းကြောင်းကို လွှဲပစ်သည်။

"ဟုတ်တယ် .. မနေ့ကမှရောက်တာလေ .. ကျွန်တော်လည်း ဒီ ဒီဇိုင်းကိုတော်တော်ကြိုက်တယ် .. Function လည်းစုံတယ် .. ဒီကောင့်ကို ယူသင့်တယ်ဗျ ..."

ကျွန်တော် အလိုက်သင့်ပင် ဆိုဖြစ်သည်။

စန္ဒီက ၎င်း Note Book ကို ပွတ်သပ်လိုက်ရင်း ....

"ဆိုင်ရှင်က ဒီလောက်ထိ ညွှန်းနေမှတော့ ဒီကောင်ကိုပဲ ယူလိုက်တော့မယ် .. လျှော့ပေးမယ်လို့ ပြောထားတယ်နော် ... ဘယ်လောက်လျှော့ပေးမှာလဲ ...."

"ကျွန်တော် 5% လျှော့ပေးလိုက်ပါ့မယ် ..."

ထိုစကားကို မယုံအားကြည့်ရင်း ကျွန်တော်ဆိုဖြစ်သည်။ မယုက 'လျှော့တွက်ပေးလိုက်ပါ့မယ်' ဟူသော သဘောဖြင့်ခေါင်းညိတ်ပြသည်။

"ဒါပဲလား .. ကိုယ့်ရဲ့ Customer ကို အအေးလေး ဘာလေးတောင် လိုက်မတိုက်တော့ဘူးလား ..."

စန္ဒီက နောက်သလိုလိုနှင့်ဆိုသည်။

"အာ .. တိုက်ပါတယ် .. ဒါနဲ့ ပန်းနု အရင်ဝယ်သွားတဲ့ Computer တွေရော အဆင်ပြေရဲ့လား မသိဘူးနော် ..."





'ပန်းနု' ဆိုသော နာမည်ကိုကြားသည်နှင့် စန္ဒီ့မျက်နှာပေါ်မှာ အလိုမကျသော အရိပ်တို့ဖြတ်သန်းကာသွားသည်။ စောစောတလည်း 'ပန်းနုမပါဘူးလား' ဟု မေးစဉ်က ဤသို့ပင် အမူအရာတွေ ပျက်ယွင်းသွားခဲ့သေးသည်။

"အဆင်ပြေမှာပါ ..."

တုံးတိတိဖြေသော သူမ၏ အဖြေကြောင့် ကျွန်တော် ပန်းနုအကြောင်းဆက်ပြောရန် မသင့်တော့ဟု တွက်ဆမိသည်။ အအေးမြန်မြန်လိုက်တိုက်တာပဲ ကောင်းမည်ဟု ဆက်တွေးမိသည်။

"လာလေ .. ငွေကိုပြန်မှရှင်းပေါ့ .. အအေးသွားသောက်ရအောင် ..."

သူမက ကျွန်တော့်စကားအဆုံးမှာ မှုန်ကုတ်ကုတ်အမူအရာ ချက်ချင်းပျောက်သွားပြီး ရွှင်ပြလာသည်။ 'သွားတာပေါ့' ဟူသော အမူအရာဖြင့် ခေါင်းညိတ်ပြသည်။

ဘာရယ်မဟုတ် .. ဖျတ်ခနဲကြည့်မိသောခဏ .. ကျွန်တော့်ကို ကြည့်နေသော စန္ဒီနှင့်စက္ကန့်ပိုင်းမျှ မျက်လုံးချင်းဆုံမိကြသည်။ နှစ်ယောက်သား ပြိုင်တူပင် အကြည့်လွှဲဖြစ်ကြသည်။ ပန်းနုထက်မသာလျှင်တောင်မှ ပန်းနုထက်မလျော့သောအလှတို့ စန္ဒီ့မှာရှိသည်။

သို့သော် ....

ရှက်ဝဲဝဲဖြင့် အမြဲလိုလိုကို ရှက်သွေးဖြာနေတတ်သော ပန်းနု၏မျက်နှာနှင့်မတူသည့်အချက်က စန္ဒီ့မျက်နှာပေါ်မှာ သူမကိုယ်သူမ ယုံကြည်ရဲရင့်သော စူးရှပြတ်သားမှုတို့ရှိနေခြင်းပင်။ ပန်းနုမျက်နှာပေါ်မှာ နူးညံ့သောအရိပ်တို့ အမြဲဖုံးလွှမ်းနေတတ်သည်။

"ကိုစိုင်းက ဒီဆိုင်ဖွင့်တာ ကြာပြီလား .."

လမ်းလျှောက်နေရင်းက ပန်းနုအကြောင်း ရောက်တတ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ရာ တွေးနေမိသော ကျွန်တော့်ကို စန္ဒီ၏မေးခွန်းက လှုပ်နှိုးလိုက်သလို ဖြစ်ကာသွားသည်။

"သိပ်တော့မကြာသေးဘူးဗျ . . ကျွန်တော်တို့သူငယ်ချင်း သုံးယောက် ဟိုအလုပ်လုပ်ရမလိုလို . . ဒီအလုပ်လုပ်ရမလိုလိုနဲ့ ချိန်နေတာ . . အချိန်တော်တော်ကုန်သွားတယ်။ နောက်တော့ ဒါပဲ လုပ်မယ်ဆိုပြီးတော့ လုပ်ဖြစ်ကြတာ။ တစ်နှစ်တောင် မပြည့်သေးဘူး"

"ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်ဆိုတော့ ဒီဆိုင်က ဟို . . အုံနာသုံးယောက်ပေါ့ . . ဒီလိုလား . . စပ်စုတယ်မထင်နဲ့နော် . . ဟဲ . . ဟဲ . . ."

သူမ၏ အမေးကို 'ဟုတ်ကဲ့ . . ကျွန်တော်တို့သုံးယောက် ရှယ်ယာအတူတူထည့်ပြီး ဖွင့်ကြတာ' ဟု ဖြေဖြစ်သည်။

"သုံးယောက်ဆိုတော့ ကိစ္စတစ်ခုခုအတွက် ဆုံးဖြတ်ရတော့မယ်ဆိုရင် ညှိနေရမှာပေါ့နော် . . . ."

'အအေးဆိုင်ကလည်း တော်တော်ရောက်ခဲ့ပါလား' ဟု ကျွန်တော်တွေးဖြစ်သည်။ လမ်းကို တကယ့် Slow Motion ဖြင့် လျှောက်ရင်းက သူမ မေးခွန်းတွေ တရစပ်ထုတ်သည်။

"တစ်ခါမှတော့ ညှိရတယ်ဆိုတာ မရှိဖူးဘူး . . ကျွန်တော်တို့သူငယ်ချင်းသုံးယောက်က စိတ်တူကိုယ်တူတွေဆိုတော့ ဘယ်ကိစ္စမဆို . . စိတ်ကူးတူနေတာများတယ် . . . သုံးယောက်စလုံးက တစ်ဦးတည်းသော သားတွေလေ။ ညီအစ်ကိုမောင်နှမ မရှိတဲ့လူချင်း ပေါင်းမိကြတော့ သူငယ်ချင်းဆိုတာထက် ညီအစ်ကိုလိုကိုဖြစ်နေတာ"

စိတ်လိုလက်ရ ကျွန်တော် ရှင်းပြဖြစ်သည်။

"ဒါပေမယ့် တစ်ယောက်တည်းလုပ်တာဆိုရင်တော့ ပိုကောင်းတာပေါ့ . . ဘယ်လောက်ပဲချစ်ကြတဲ့ သူငယ်ချင်းပဲဖြစ်ဖြစ်



တစ်နေ့နေ့တော့ စိတ်ဝမ်းကွဲတတ်တာပဲ မဟုတ်လား . . ."

'ဇွတ်ကြီးပါလား' ဟု ကျွန်တော် တွေးဖြစ်သည်။ 'တစ်ကြိမ်နှစ်ကြိမ်ပဲ ဆုံဖူးသော လူတစ်ယောက်၏ အတွင်းရေးကို ဝင်စွက်ဖက်တတ်သူပါလား' ဟု ကျွန်တော် တွက်ဆဖြစ်သည်။ သူမက စကားပြန်မဆိုသော ကျွန်တော့်ကိုကြည့်ရင်း . . .

"တစ်မျိုးမထင်နဲ့နော် . . . ဖြစ်တတ်တဲ့သဘောကို တွေးကြည့်တာပါ"

ဟု ဆိုသည်။

"မထင်ပါဘူး"

ဟု ယဉ်ကျေးမှုအရ ကျွန်တော်ဆိုဖြစ်သည်။

"ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဘာပဲပြောပြော ဒီလိုဆိုင်တစ်ဆိုင်ဖြစ်ဖို့ အရင်းအနှီးကလည်း တစ်ယောက်တည်းသာဆို ဘယ်လွယ်ပါ့မလဲ . . ."

သူမကတစ်ယောက်တည်းရေရွတ်သလိုလိုနှင့်ဆိုသည်။ 'ငါ့စကားက တစ်ဖက်သားကို နှိမ်ချင်သလိုများဖြစ်နေမလား' ဟု တွေးမိနေပုံမရသော သူမက 'ဟုတ်တယ်မဟုတ်လား' ဟုဆက်ခနဲ မေးခွန်းထုတ်သည်။ ပန်းနု၏အစ်မသာ မဟုတ်လျှင် . . 'ခင်ဗျားက တော်တော်ယဉ်ကျေးမှု နည်းတာပဲ . . ကိုယ်နဲ့သိပ်မရင်းနှီးတဲ့ လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ခင်ဗျားမို့လို့ စပ်စုတယ် . . .' ဟု ဆိုဖြစ်မည်လားမသိ။ သူမ စကားလုံးမှာ နှိမ်ချင်ထင်ထင်စကားတွေပါနေသည်မို့ မာနစိတ်တို့က 'ဝုန်း' ခနဲ ရင်ကို ဆောင့်သည်။

"လုပ်ငန်းသေးသေးလေးကို ဘော်ဒါတွေနဲ့ အပျော်လုပ်ကြတာပါ။ ဝါသနာကိုရှေ့ထားတာဆိုတော့ အမြတ်အစွန်းတွေ၊ အရှုံးတွေ ဘာဘာညာညာနဲ့ပတ်သက်ပြီး တစ်ခါမှတစ်ယောက်နဲ့တစ်

ယောက် စိတ်မခုဘူး။ မငြင်းခုန်ဖူးကြဘူး . .။ ကျွန်တော်ရော ကျွန်တော့်သူငယ်ချင်းနှစ်ယောက်စလုံးပါ ဒီလိုဆိုင်ထက် ဆယ်ဆ အရင်းအနှီးရှိတဲ့ဆိုင်မျိုးကို ကိုယ်ပိုင်ဖွင့်ကြမယ်ဆိုရင် တစ်ယောက် ကိုဆယ်ဆိုင်လောက်ဖွင့်လို့ရတယ် . . စီးပွားရေးမလုပ်ချင်ဘူးဆိုရင် လည်း မိဘလုပ်စာထိုင်စားပြီး တစ်သက်လုံး ဘာမှမလုပ်ဘဲနေလို့ ရတယ် . . ဟို . . ကြွားတာတော့မဟုတ်ဘူးနော် . . ပြောပြတာ”

လေသံအနည်းငယ်မာသွားသည်မို့ သူမ နည်းနည်းတော့ မျက်နှာပျက်သွားသည်။ သူမ စိတ်ထဲမှာ အထင်သေးမှုတို့ကို ကျွန်တော်သိနေမှန်း၊ အနိုမ်မခံမှန်းသိသည်မို့ နည်းနည်းတော့ အားနာသွားဟန်တော့ပြသည်။

“ပြီးတော့ ကျွန်တော်တို့ သုံးယောက်စလုံးရဲ့ အသက်တွေ ကလည်း ငယ်သေးတယ်။ လုပ်ငန်းအတွေ့အကြုံကလည်း လိုတယ် လေ . . ဘယ်အလုပ်မဆို အခြေခံကစပြီး ဖြည်းဖြည်းချင်းသွားတော့ ပိုကောင်းတာပေါ့ . . .။ စကားစပ်မိလို့ပြောပြဦးမယ်။ အခု ကျွန် တော်တို့ဆိုင်ကရတဲ့ အမြတ်တစ်ဝက်တိတိကို ကျွန်တော်တို့က ပရ ဟိတလုပ်ငန်းတွေအတွက် လှူပစ်တာဗျ။ ဒီတော့ ကျွန်တော်တို့ဆိုင် မှာ ဝယ်တဲ့ Customer အကုန်လုံးလည်း ကုသိုလ်ရကြမှာပါ။ ဒီနေ့ စန္ဒီလည်း ကျွန်တော့်ဆိုင်မှာ အားပေးတဲ့အတွက် ကုသိုလ်တွေ အတော်ရသွားပြီ . . သိလား . . . .”

နောက်ဆုံးတော့ စကားကိုလျှော့ပစ်ရင်း ဟာသဖောက်ပေး ဖြစ်သည်။ သူမက . . . .

“အင်း . . ဒီလို ကုသိုလ်ရတာ ကိုစိုင်းကို ကျေးဇူးတင်ရ မယ် . . .”

ဟု ရယ်ဖွဲ့ဖွဲ့ဖြင့်ဆိုသည်။

ရယ်သာရယ်နေသော်လည်း သူမ၏ အရယ်က အိုဗာတွေ



ဖြစ်နေသော တမင်လုပ်ရယ်သည့်အရယ်မို့ ပန်းနုရယ်ရွှင်မှုလို အပြစ် ကင်းစင်မနေဟု ကျွန်တော်တွေးဖြစ်သည်။

“ဒီလို ငယ်ငယ်ရွယ်ရွယ်နဲ့ ပရဟိတလုပ်ငန်းတွေမှာ စိတ်ဝင် စားတာ လေးစားပါတယ်။ စန္ဒီလည်းလေ . . ဆွံ့အနားမကြားတို့ ဘာတို့ပေါ့နော် . . . . မသန်မစွမ်းတွေ ဘာတွေကို လှူချင်တန်းချင် တယ်။ စိတ်ကတော့ရှိတယ် သိလား . . လက်တွေ့မလုပ်ဖြစ်သေး တာပဲ ရှိတယ် . . နောက်ဆို . . ကိုစိုင်းတို့ အလှူအတန်းလုပ်ဖြစ်ရင် ခေါ်လေ . . . စန္ဒီလည်း တတ်နိုင်သလောက် လှူရအောင် . . .”

ဟန်ဆောင်ပန်ဆောင်ဆိုနေမှန်း သိသာနေသော သူမ၏ စကားကို ‘ဟုတ်ကဲ့’ ဟု ဝတ်ကျေတန်းကျေ ဆိုပေးဖြစ်သည်။

ထိုနေ့ကအအေးဆိုင်မှာ အချိန်တော်တော်ကုန်သွားသည်။ ပန်းနု မျက်နှာနှင့်အရာရာ လိုက်လျောသော်လည်း သူမစိတ်ထဲမှာ တော့ မည်ကဲ့သို့ရှိနေမည်မသိ။

သူရနှင့်ရန်နောင်ကတော့ . . . .

“မင်းတို့နှစ်ယောက် လိုက်သားပဲ ကွ”

ဟု နောက်သည်။ ပြီး . . ကျွန်တော် ရှူးရှူးရှဲရှဲဖြစ်နေသည် တို့ ကြည့်ရင်း ဆရာသမားတွေ သဘောတကျဖြင့် ရယ်သည်။ ကျွန်တော်ကတော့ မရယ်နိုင်။ သကောင့်သားများကိုသာ ဆဲရေးဖြစ် သည်။

www.burmeseclassic.com



"နေ့လယ်က ကိုစိုင်းဆိုင်မှာ Note Book တစ်လုံး သွားဝယ်ခဲ့သေးတယ်။ ကိုစိုင်းက ငါ့ကို 5% လျှော့ပေးတဲ့အပြင် အအေး တောင်လိုက်တိုက်သေးတယ် သိလား . .။ သူတို့ သူငယ်ချင်းတွေ အကြောင်းပြောလိုက်တာများ . . စုံလို့ . . ."

ဘာမှမမေးဘဲဆိုရင်း ခုတင်ပေါ်ဝင်ထိုင်သော စန္ဒီ့ကို သူမ 'ဟုတ်လား' ဟု စိတ်မပါသလို ဆိုဖြစ်သည်။ တကယ်တော့ သူမရင်ထဲမှာ မနာလိုမှုလား ဘာလားမသိသော ခံစားမှုတစ်မျိုးက လာလာဆောင့်နေသည်။

'တော်တော်ကြီး ရင်းနှီးသွားကြတာကိုး' ဟုတွေးမိသည်။ လှပသော၊ ဆွဲဆောင်မှုပြင်းသော အစ်မဖြစ်သူ စန္ဒီ့ကို တစ်ချက် သူမလှမ်းကြည့်ဖြစ်သည်။

"ကိုစိုင်းက တော်တော်ရုပ်ဖြောင့်တာပဲဟ . . နော် . . ရုပ်ဖြောင့်ရုံတင်မကဘူး . . စိတ်သဘောထားလည်း တော်တော်ပြည့်ဝတယ် . . . သူဆိုင်ကဝင်တဲ့ အသားတင်အမြတ်ငွေရဲ့တစ်ဝက်ကို သူဘာလုပ်လဲ သိလား . . ."



"ဟင့်အင်း . . . ."

'ဟင့်အင်း' ဟု ပြောရင်း သူမ ဝမ်းနည်းသလိုလိုကြီးခံစား ရသည်။ တကယ်လည်း သူမ မသိပါ။ သူနာမည်လောက်ကလွဲပြီး သူနှင့်ပတ်သက်သမျှ သူမ ဘာမှမသိ . . .။

စန္ဒီက စကားကိုဆက်သည်။

"လှူပစ်တာ . . ပရိဟိတလုပ်ငန်းတွေမှာ လှူပစ်တာ။ ဒီလိုမျိုး လှူပစ်ဖို့ကို တော်တန်ရုံလူငယ်တစ်ယောက်က ဘယ်လုပ်နိုင်ပါ့မလဲ . . ဟုတ်တယ် မဟုတ်လား . . ."

"အင်း . . ."

သူမ၏ 'အင်း' က အားအင်မပြည့်ဝသော 'အင်း'ဖြစ်မှန်း သူမကိုယ်သူမ သိသည်။ စန္ဒီကတော့ စကားကိုဆက်ပြန်သည်။

"ကိုစိုင်းမှာ ညီအစ်ကို မောင်နှမ ဘယ်နှယောက်ရှိလဲ သိလား . . ."

"ဟင့်အင်း . . . ."

'ဟင့်အင်း' ရပြန်သည်။ တကယ်လည်း သူမ မသိ။

"သူက တစ်ဦးတည်းသော သားတဲ့ . . တို့တွေလိုပဲဟဲ့ ပန်းနုရဲ့ . . . သူလည်း မောင်နှမရင်းချာ မရှိဘူး . . ."

"သိလှချည်လား . . ."

ရွဲ့တဲ့တဲ့မေးသော သူမ၏ စကားက အရင်တုန်းကဆိုလျှင် ရန်ထောင်သော မေးခွန်းသဖွယ်ဖြစ်ပြီး သေချာပေါက် စန္ဒီနှင့်သူမ ငြင်းရခုန်ရမှာ မလွဲ။ သို့သော် စန္ဒီတစ်ယောက်က အရင်လိုမဟုတ်။

သူမ စကားကို စိတ်မဆိုးသည့်အပြင် ပြုံး၍ပင်နေသည်။

"ဒါတောင် ဒီနေ့မှ ကောင်းကောင်း စခင်တာနော် . . ."

ပြောပြီး စန္ဒီက သဘောကျသလို ရယ်သည်။ ပြီး တစ်ခုခုတို့ သတိရသွားဟန်ဖြင့် . . . .

www.burmeseclassic.com



"စောစောက ဖေဖေနဲ့မေမေပြောလို့ ငါကြားခဲ့တာ နင့်ကို ပြောပြရဦးမယ် . . ဗိုလ်ချုပ်ဈေးမှာ ဖွင့်ထားတဲ့မေမေ့ရတနာဆိုင်နဲ့ ဘေးချင်းကပ်လျက်ဆိုင်က ဟိုအသားညိုညိုနဲ့ရာဇာဆိုတဲ့လူကို နင်သိတယ်မဟုတ်လား . . ."

"အင်း . . အဲဒါ ဘာဖြစ်လဲ . . ."

တစ်ခါတလေ . . ဦးလေး၏ မိန်းမဖြစ်သူ စန္ဒီ့အမေ၏ ရတနာဆိုင်ကို သူမ သွားသွားထိုင်ပေးရသည်။ ထိုအခါမျိုးမှာ ၎င်း ရာဇာဆိုသောလူကို ခဏခဏတွေ့ရတတ်သည်။

"ဘာဖြစ်ရမှာလဲ . . သူက နင့်ကို ကမ်းလှမ်းချင်တဲ့အကြောင်း . . မေမေ့ကို ပြောတယ်တဲ့။ အဲဒါ မေမေက ဖေဖေ့ကို စောစောက ပြောပြနေတာ . . သူကတော့ သဘောတူတယ်တဲ့။ ကောင်လေးက ရိုးရိုးအေးအေးလေး . . ညီအစ်ကိုနှစ်ယောက်တည်းရှိတာ ဘာညာပေါ့ဟာ . . အဲဒါ နင့်ကို ဖျောင်းဖျပြောဆိုပြီး လက်ထပ်ပေးချင်တယ်ဆိုပြီးတော့ ပြောနေတာ ကြားခဲ့တယ် . ."

'အဲဒီလူကိုမကြိုက်ပါဘူး . .' သူမစိတ်ထဲမှာ ခါးသီးစွာ ဆိုဖြစ်သည်။ စီးပွားရေး၊ ပညာရေး စသည်ဖြင့် ဘာမှအပြစ်ဆိုစရာ မရှိသော်လည်း သူမ ထိုလူအပေါ်မှာ ဘာခံစားချက်မှမရှိ။

"နင် အဲဒီ့လူကို ဘယ်လိုသဘောရလဲ ပန်းနု . . ."

"Sorry ပဲ . . ရင်မခုန်ဘူး . . ."

"အာ . . ရင်ခုန်စရာမလိုပါဘူး ပန်းနုရာ . . ဒီခေတ်ကြီးမှာ ငွေရှိတဲ့ယောကျ်ားကိုယူမှ အစစအရာရာ OK မှာနော် . . အဲဒီလူက မဆိုးပါဘူး . . ."

"မဆိုးရင် နင်ယူလိုက်ပေါ့ . . ."

ပက်ခနဲ ဆိုဖြစ်သော သူမ၏ စကားကြောင့် စန္ဒီ့မျက်နှာကြီး ရှုံ့မဲ့ကာသွားသည်။ ပြီး မျက်နှာကို လိုသည်ထက် ပိုမဲ့ရွဲ့ကာ . .



"ငါက အဲဒီလူထက် ဆယ်ဆလောက်ရုပ်ဖြောင့်၊ ဆယ်ဆလောက် ချမ်းသာတဲ့လူကိုမှ ယူမှာ . . နင်လည်း သိသားနဲ့ . . ငါထားခဲ့တဲ့ ရည်းစားတွေအကုန်လုံးက သူ့ထက်မသာတဲ့လူကို မရှိဘူး . . ဟုတ်တယ် မဟုတ်လား . . ."

"နင်ကျတော့ အဲဒီလူထက် ဆယ်ဆသာတဲ့လူကိုမှန်းပြီး ငါ့ကျတော့ အဲဒီလူနဲ့ သဘောတူတယ်ပေါ့ . . ဟုတ်လား . . ."

သူမ၏ စကားကြောင့် စန္ဒီက မျက်လုံးကြီးပြူးရင်း . . .

"အဲဒီလိုတော့လည်း မဟုတ်ပါဘူးဟာ . . အိမ်ထဲက အိမ်ပြင်ထွက်ဖို့ မနည်းပြောနေရတဲ့ နင့်ကို အဲဒီလူက မြင်ဖူးပြီး ကြွေသွားတာလည်း ကျေးဇူးတင်ဦး . . နင့်အပေါ်မှာလည်း စိတ်ရှည်သည်းခံမယ့်ပုံပေါ်နေလို့ တိုက်တွန်းတာပါ . . . လာကြွေသမျှယောကျ်ားတွေ အကုန်လုံး ခေါင်းခါဖို့ပဲ နင်သိတယ် . . ပန်းနု . . ပန်းနု . . နင် အပျိုကြီးဖြစ်နေမယ်နော် . . ."

စန္ဒီက ဆရာမကြီးလေသံဖြင့်ဆိုသည်။

"ဖြစ်တော့ကောင်းတာပေါ့ . . အပျိုကြီးကမှ အေးအေးဆေးဆေး အပူအပင်မရှိအောင် နေရဦးမယ် . . ."

သူမ၏ စကားကို စန္ဒီက ပြက်လုံးတစ်ခုလို အားရပါးရ ရယ်သည်။

"အဲဒီလို ကြွေးကြော်ရင်းနဲ့ ယောကျ်ားယူသွားတာတွေ ငါ့သူငယ်ချင်းတွေထဲမှာ တစ်ပုံကြီးပဲ ပန်းနု။ နင်လည်း အဲဒီအတိုင်းပဲ လာမယ်ထင်တယ် . . ဘာပဲဖြစ်ဖြစ် နင့်မင်္ဂလာဆောင်မှာ ငါ သတို့သမီးအရံလုပ်ပေးပါ့မယ် . . သတို့သားအရံလည်း ငါက ရွေးထားပြီးပြီ . . နင့်မင်္ဂလာဆောင်ပြီးတာနဲ့ ငါ့အလှည့်ပေါ့ . . အဟိ . ."

ပေါ်တောတော မနေစဖူး အနေထူးသော စန္ဒီ့ကိုကြည့်ရင်း သူမ ရယ်ချင်လာသည်။ တစ်ခါမှ စိတ်လိုလက်ရ စကားပြောကြာမ

www.burmeseclassic.com

www.burmeseclassic.com



ပြောဖူးသော သူမကိုလာပြီး ပွားနေတာကိုက အံ့ဩစရာတစ်ခုဖြစ်ကာနေသည်။

"နင့်ရဲ့ ကုပ်ချော်င်းချောင်းနဲ့ဘော်ဒါနှစ်ယောက်ကိုတော့ ပန်းကြွတို့၊ လက်စွပ်ဗန်းကိုင်တို့ ခိုင်းပေါ့ဟယ် . . ရှုပ်မရှိကြပေမယ့် မရှိသုံး အားနာသုံးတော့ သုံးပေးရမှာပေါ့ . . ဟုတ်တယ်ဟုတ်"

စန္ဒီ့စကားကြောင့် သူမ . . . ကေသီနှင့်မူယာတို့နှစ်ယောက်ကို သတိရသည်။ စန္ဒီ၏ စကားသာ သူမ၏ သူငယ်ချင်းနှစ်ယောက်ကြားပါက ဆွေ့ဆွေ့ခုန်နေလိမ့်မည်။

"ကဲ . . ကဲ . . စကားကောင်းနေတာနဲ့ . . Computer အဆင်ပြေတဲ့အကြောင်း ကိုစိုင်းဆီ ဖုန်းဆက်ဖို့တောင် မေ့တော့မလို့ . . . Good Night နော် . . . ညီမလေး . . ဘိုင် . . ."

ပန်းနု . . ပန်းနုနှင့်တစ်သက်လုံးခေါ်လာသော စန္ဒီက သူမကို ညီမလေးဟု စိတ်လိုလက်ရ ခေါ်သွားသောအခါ သူမ အံ့ဩဘနန်း ဖြစ်ရင်း ကျန်ခဲ့ရသည်။

ဘာကြောင့်မှန်းတော့မသိ။ အကြောင်းအရာမရှိဘဲ စိတ်ထဲမှာ လေးလံကာနေသည်။





ထွက်သွားပြီး သိပ်မကြာမီမှာပင် ဖုန်းဝင်လာသည်မို့ သူမ၏ ဖုန်းဆီ ဝင်လာသော ဖုန်းနံပါတ်ကို ကြည့်မိသည်။ သိပ်မရင်းနှီးသော ဖုန်းနံပါတ်မို့ သူမ မျက်မှောင်ကုတ်သွားရသည်။

"ဟဲလို . . ."

"ဟဲလို . . ပန်းနုလား . . ."

အသံက ယောကျ်ားသံ။ ကြားဖူးသလိုလို မကြားဖူးသလိုလိုမို့ . . . 'ဟဲလို . . .' ဟုသာ ရောယောင်ပြီး ထပ်ထူးမိသည်။

"ဟို . . ကျွန်တော်ပါ . . . ကိုစိုင်း . . ."

ဖျတ်ခနဲ သူမ အသက်ရှူရန်မေ့သွားရသည်။

ကိုစိုင်း !!!! . . .။ ဘာကိစ္စဆက်သည်ကို မသိသော်လည်း ဖုန်းဆက်သည့်အတွက် ကြည်နူးမိသလိုလို ဖြစ်သွားခဲ့သည်တော့ အမှန်။

"ဟဲလို . . ပန်းနု . . ကြားလား . . ."

"ကြားပါတယ် . . ."

အလောတကြီးမေးသော သူ့မေးခွန်းကို သူမ ဖြေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသည်အထိ နှစ်ယောက်သား စကားမဆိုဖြစ်။ အတော်လေးကြာတော့မှ ....။

"ဒီနေ့ ပန်းနုရဲ့အစ်မ စန္ဒီတောင် Note Book တစ်လုံး လာဝယ်သွားသေးတယ်။ စန္ဒီလာတော့ ပန်းနုပါ ပါမယ်လို့ထင်နေတာ .. ဘာဖြစ်လို့ လိုက်မလာတာလဲ ..."

'စန္ဒီလာတာနဲ့ပဲ သူမက လိုက်စရာလား ...' ဟု သူမ ခပ်ရွဲ့ရွဲ့တွေးဖြစ်သည်။

"ကျွန်မတို့နှစ်ယောက်က ညီအစ်မဆိုပေမယ့် သိပ်ပြီး အတူသွား အတူလာ မရှိဘူးတော့ ..."

"ဪ ... ဟုတ်လား ..."

သူ့ဘက်မှ တိတ်ဆိတ်သွားပြန်သည်။

"ကျွန်တော်က ပန်းနုကို မျှော်နေတာ ..."

"ရှင် ..."

သူ့စကားကြောင့် သူမ ဖျတ်ခနဲ လက်ဖျားများ အေးစက်သွားသည်အထိ ရင်ခုန်သွားရသည်။ 'ရှင်' ဟုသာ သူမ ရေရွတ်ဖြစ်သည်။

"ဪ .. ဒီဇိုင်းအသစ်တွေ ထပ်ရောက်တော့ ပြချင်လို့ပါ .. ရောင်းချင်လို့ဆိုရင် ပိုမှန်တာပေါ့ ..."

အရယ်တစ်ဝက်ဖြင့်ဆိုသော သူ့စကားကြောင့် 'ဪ' ဟု စိတ်ထဲမှသာပင် ရေရွတ်မိသည်။

"ကျွန်မက ရှင့်ဆိုင်မှာ ဒီဇိုင်းအသစ်ရောက်တိုင်း ဝယ်ရလောက်အောင် အသုံးမှ မလိုတာ။ ဟိုတစ်နေ့က ဝယ်တယ်ဆိုတာကလည်း ဦးလေးက ဝယ်ခိုင်းလို့ဝယ်တာ ... ကျွန်မက Computer ပေါ်စက ဝယ်ထားတဲ့ Desktop နဲ့ပဲ တောက်လျှောက်သုံးနေတာ အခုထိပဲ။ သူက Function နည်းပြီး Model အောက်နေပြီဆိုပေ



မယ့် သုံးလို့တော့ရနေသေးတယ်လေ ..."

ဘာကြောင့်မှန်းတော့မသိ။ စိတ်လိုလက်ရပင် သူမ ရှင်းပြမိသည်။

"ပန်းနုက တော်တော်ကပ်စေးနည်းတာပဲဗျ။ ဒီခေတ်ကြီးမှာ Desktop Computer ကို သိပ်မသုံးကြတော့ဘူးဗျ။ လူတိုင်း Laptop ပဲ ကိုင်ကြတော့တာ။ စန္ဒီ့ကိုပဲကြည့် ...။ သူ့မှာရှိပြီးသားဟာကို Note Book ချင်းအတူတူ Model မြင့်တာနဲ့ လာလဲသွားတယ်။ ပန်းနုလို ကပ်စေးမနည်းဘူး ..."

"ဒါကတော့ ရှင်ကရောင်းတဲ့သူကိုး။ ဒီလိုပဲ ပြောမှာပေါ့။ ကျွန်မက New Model ပေါ်တိုင်း ပေါ်ပင်လိုက်သုံးရလောက်အောင် ငွေမပေါဘူး။ ငွေပေါရင်လည်း အဲဒီလို နေရာမျိုးမှာ မဖြုန်းဘူး"

ပက်ခနဲ သူမပြန်ပြောဖြစ်သည်။ တစ်ဖက်က ရယ်သံသဲ့သဲ့ကို ကြားရသည်။ သူက အတန်ကြာကြာ ရယ်နေပြီးမှ ....

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ... Model အသစ်တွေရောက်တော့ ကိုယ့်ရဲ့ Customer ကို အရင်ရောင်းပေးချင်တဲ့စေတနာနဲ့ ပြောတာပါ ..."

"ကျေးဇူးတင်ပါတယ် ... ကျွန်မ ထီပေါက်ရင်တော့ ဝယ်ဖြစ်မှာပါ ..."

"မနောက်ပါနဲ့ဗျာ ...."

ဘာရယ်မဟုတ် .. သူ့အသံ ဝဲတဲတဲကို သူမ နားထောင်လို့ ကောင်းနေသည်။ 'မနောက်ပါနဲ့ဗျာ' ဟုဆိုရင်း သူ ခပ်သဲ့သဲ့ရယ်သည်။

"အခု ကျွန်တော့်ဆိုင်မှာ MP3 တွေ၊ MP4 တွေ၊ နောက် i-pod တွေ၊ ဖုန်း Handset တွေအပြင် ကင်မရာတွေပါ ရောင်းဖို့ ထုပ်နေတယ် ... အားပေးဦးနော် ... ပန်းနုကို ကျွန်တော် လျှော့

www.burmeseclassic.com



ပေးမှာပါ . . .”

“90 % လျှော့ပေးမယ်ဆိုရင်တော့ စဉ်းစားမယ်လေ”

ရှတ်နောက်နောက် သူမ၏ စကားကြောင့် သူရယ်သည်။ သူမလည်း သူမကိုယ်သူမ စကားတွေဆိုဖြစ်နေပါလိမ့်ဟု အံ့အား သင့်နေမိသည်။

“ကျွန်တော့်ဆိုင် အရင်းပြုတ်တာ မြင်ချင်လို့လား . . .”

ပြောရင်း သူရယ်သည်။ သူမပါ ရယ်ဖြစ်သည်။

“အတည်ပြောတာ . . တစ်ခုခု လာအားပေးဦးနော်”

“ကျွန်မ မနက်ဖြန် ထီထိုးထားမယ်လေ . . .”

“ပန်းနုက နောက်တယ်ဗျာ . . ဒါဆို ပန်းနုက ထီပေါက်မှ ဝယ်မယ့်သူဆိုတော့ ပန်းနုထီပေါက်အောင် ဆုတောင်းရတော့မှာ ပေါ့ . . .”

ပြောရင်း သူရယ်သည်။ သူရယ်သံ အတော်လေးချိုတာကို သူမ ဝန်ခံရမည်။ နောက် သူမ ရင်ခုန်နေတာကိုလည်း သူမ ဝန်ခံ ရလိမ့်မည်။

“ကျွန်တော် အလိုက်မသိနဲ့ စကားတွေစွတ်ပြောနေတာ . . ပန်းနုက အိပ်ချင်နေပြီလားတောင် မသိဘူး . . ကဲ ကဲ . . Good Night ဗျာ . . နောက်မှ ဆက်တော့မယ် . . တာ့တာ . . .”

“တာ့တာ . . .”

ဖုန်းကို ကြည်နူးစွာချပြီးချိန်မှာပဲ ဝုန်းခနဲ တံခါးဖွင့်ကာ ဝင်လာသော စန္ဒီကြောင့် သူမ လန့်သွားရသည်။

“ဘာလဲဟ . . အလန့်တကြားနဲ့ . . .”

“ကိုစိုင်းရဲ့ဖုန်းက User Busy ပြနေတယ်ဟာ . . ငါ တောက်လျှောက်ခေါ်နေတာ မအားဘူး . . ဘယ်သူနဲ့များ စကား ကောင်းနေတယ် မသိဘူး . . တော်ပြီဟာ . . မခေါ်တော့ဘူး . . .”



ပွစိပွစိဖြင့်ဆိုရင်း အခန်းထဲမှ ပြန်ထွက်သွားသော စန္ဒီ့ ကိုကြည့်ရင်း သူမ ပြုံးမိသည်။ သို့သော် တစ်ဆက်တည်း သူမ ရင် လေးသွားသည်။

ဘာကြောင့်မှန်းတော့ သူမ မသိ . . .။

www.burmeseclassic.com

www.burmeseclassic.com



“သူငယ်ချင်း တစ်ယောက်ကလည်း စန္ဒီ့ Note Book ကို ကြည့်ပြီး သဘောကျလို့တဲ့ . . .”

“ရပါတယ် ကျွန်တော့်ဆီမှာ အဆင်ပြေအောင် လုပ်ပေးလိုက်ပါ့မယ် . . ဒါနဲ့ သူလာဝယ်ရင် စန္ဒီကောလိုက်လာမှာလား”

“လိုက်လာရတော့မှာပေါ့ . . ဝယ်မယ့်သူငယ်ချင်းက အရမ်းခင်နေတော့ လိပ်စာပဲပြောပြီး လွှတ်လိုက်ရင် မကောင်းမှာစိုးလို့ . . .”

“ဒီလိုဆို ကျွန်တော်ဆိုင်မှာပဲ ရှိနေမယ် သိလား . .”

“OK ဒါပဲနော် . . ကိုစိုင်း . . စန္ဒီတို့လည်း နာရီဝက်လောက်ရှိရင် ရောက်လာဖို့များတယ် . . .”

“ကောင်းပါပြီဗျာ . . ဒါဆို ဒါပဲနော် . . ဟုတ်ကဲ့ . . . တာ့တာ . .”

ဖုန်းချရင်း သက်ပြင်းကိုပါ ရောချလိုက်မိသည်။ သူရကကျွန်တော့်ကို ပြောင်ချော်ချော်ဖြင့် ကြည့်သည်။





“ဘယ်လိုလဲကွ . . ပန်းနုကနေ ဘယ်လိုလုပ်ပြီး စန္ဒီဖြစ်သွားရပြန်တာလဲ . . .”

ခနဲ့တဲ့တဲ့အဆိုကြောင့် မျက်နှာကြီးရှုံ့မဲ့သွားသော ကျွန်တော့်ကိုကြည့်ရင်း ရန်နောင်က ရယ်သည်။ ပြီး . . ကျွန်တော့်ကိုကြည့်လျက်

“ငါးရံ့နှစ်ကောင်ဖမ်းမလို့ ကြိုးစားနေတာတော့ မဟုတ်ဘူးမဟုတ်လား . . ကြည့်လုပ်နော် . . ဖွတ်မရ ဓားမ,ဆုံးဖြစ်နေဦးမယ်”

“မင်းပြောမှပဲ ငါက ညီအစ်မနှစ်ယောက်စလုံးကို နှာဘူးတျနေတဲ့ပုံစံဖြစ်နေပြီ . . .”

“မဟုတ်လို့လား . . .”

ကျွန်တော့်စကားအဆုံးမှာ ရန်နောင်က ‘မဟုတ်လို့လား’ ဟု စကားနာထိုးသည်။

“တော်ကြပါတော့ကွာ . . . တော်ကြာ . . လာနေတဲ့အချိန်နဲ့ တိုးနေမှ ဟုတ်ပေ့ဖြစ်နေဦးမယ် . . သွား သွား ရုံးခန်းထဲဝင်တော့”

“Show Room ထဲမှာ တောင်ထိုင်မြောက်ထိုင်လုပ်ရင်း ကျွန်တော့်ကို ဝိုင်းစနေသော သကောင့်သားများကို Show Room ထဲမှ ပထုတ်ဖြစ်သည်။ တစ်ချိန်လုံး ကျွန်တော်တို့ပြောသမျှကို နားထောင်နေသော မယုနှင့်အခြား စာရေးမနှစ်ယောက်က ကျွန်တော်တို့သုံးယောက်ကို ကြည့်ရင်းက ရယ်သည်။

“ဘာ ရုံးခန်းထဲ ဝင်ကြတော့လဲ . . ဘာလဲ မင်းတို့နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် နှစ်ပါးသွား ကချင်လို့လား . . အခုတော့ ဘော်ဒါတွေကို ပထုတ်ပြီပေါ့ . . ငါတို့ကလည်း အစောကတော့ အလိုက်တသိနဲ့ ရှောင်ပေးမလို့ပါပဲ . . အခုတော့ စိတ်ပြောင်းသွားပြီ။ ဒီ Show Room ထဲကနေ တစ်ဖဝါးမှ မခွာဖို့ ဆုံးဖြတ်လိုက်ပြီ . . . ဟုတ်တယ်မဟုတ်လား သူရ . . . .”

“သိပ်ဟုတ် . . . .”



www.burmeseclassic.com

www.burmeseclassic.com



သူရက ပြောင်ချော်ချော်ဖြင့် 'သိပ်ဟုတ်' ဟုဆိုသည်။

"မင်းတို့ စိတ်ထဲမှာ ငါ့ကို စိတ်ဆင်းရဲအောင် ရတဲ့နည်းနဲ့ နှိပ်ကွပ်မယ်လို့များ အမြဲတွေးနေကြလား။ မင်းတို့ရှိနေရင် ငါစကားပြောရတာ ကျော်မလုံ့ဘူးကွ။ ပန်းနုနဲ့တွန်းကလည်း ပန်းနုနဲ့မို့လို့ .. မင်းတို့ ငါ့ကို ကောင်းကောင်းကြီး အရှက်ခွဲပြီးမြို .. အခုလည်း စန္ဒီရောက်လာရင် ငါ့ကို အဖတ်ဆယ်လို့မရအောင် ဝိုင်းပြီး ပညာပေးကြမလို့ မဟုတ်လား။ ဒီတစ်ခါတော့ ငါတောင်းပန်ပါတယ်ကွာ ...။ ပန်းနုနဲ့ပတ်သက်ပြီး ဘယ်သူနဲ့မှ ငါပြဿနာမတက်ချင်ဘူး"

မျက်နှာငယ်နဲ့ကျွန်တော်ဆိုဖြစ်သောအခါ သကောင့်သားနှစ်ကောင်က သူတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။ သူရက ....

"ကဲပါ ရန်နောင်ရာ ... မစပါတော့နဲ့ ... မြင်တယ်မဟုတ်လား .. မင်းကောင်ရဲ့ပုံစံကို .. ငါတို့ကများ ဒီမှာဆက်ထိုင်နေရင် ရှိခိုးပြီးတောင်းပန်မယ့်သဘောမှာရှိတယ် ... လာ .. လာ .. ရှောင်ပေးလိုက်ရအောင် .. ငါတို့ဘာသာငါတို့ ကေသီတို့၊ မှုယာတို့ဆီ ဖုန်းလှမ်းဆက်တာကောင်းတယ် .. လာ .. သွားမယ် .."

ရန်နောင်က သူရပြောသမျှကို ခေါင်းလိုက်ညိတ်ရင်း သူ့ရနောက်ကို ငေါက်ခနဲ ထလိုက်သွားသည်မို့ ကျွန်တော်ကြိတ်ပြီးဝမ်းသာသွားရသည်။ တစ်လက်စတည်းပင် သကောင့်သားနှစ်ကောင် ကေသီတို့၊ မှုယာတို့နှင့် အဆင်ပြေစပြုနေသည်ကို တွေးမိသည်။

Show Room မှ Computer များကို တောင်ရွှေ့မြောက်ရွှေ့ဖြင့် အချိန်မည်သို့ကုန်သွားသည်မသိ။

"အလုပ်တွေ သိပ်ကြိုးစား နေတယ်ပေါ့ ..."

ဟု ဆိုရင်း နောက်ကျောဘက်မှလှမ်း၍ဆိုသော စန္ဒီ့အသံကြားတော့မှ 'ရောက်လာကြပြီကိုး' ဟုတွေးရင်း နာရီကို ယောင်ယမ်း





ထာ ကြည့်ဖြစ်သည်။

"ဩော် .. ရောက်လာပြီလား .. မြန်သားပဲ .."

လောကွတ်စကားဆိုရင်း ပြုံးပြဖြစ်သည်။

"စန္ဒီတို့ကတော့ အမြဲတမ်း မြန်ပြီးသားပဲ။ ဒါနဲ့ မိတ်ဆက်ပေးရဦးမယ် .. ဒါ စန္ဒီ့သူငယ်ချင်း သွယ်သွယ်တဲ့ .. သွယ် .. ဒါ ဒီဆိုင်ရဲ့ဘော့(စ်) ကိုစိုင်းတဲ့ ..."

"အာ .. စန္ဒီကတော့လုပ်ပြီ ... ဘယ်ကဘော့(စ်)ရမှာလဲ .. မနောက်ပါနဲ့ဗျာ .. တော်ကြာ .. တကယ်ထင်နေပါဦးမယ်"

ရယ်စရာစကားမဟုတ်သော်လည်း စန္ဒီတို့နှစ်ယောက်က သွစ်ကာလုပ်ရယ်သည်။

"ကဲ .. စန္ဒီကတော့ Customer သစ်တစ်ယောက်ခေါ်လာပေးပြီးပြီနော် ... ကိုစိုင်းက စန္ဒီ့ကို အကျိုးဆောင်ခ ဘယ်လောက်ပေးမှာလဲ .. ဒီတစ်ခါတော့ အအေးတိုက်ရုံလောက်နဲ့မရဘူးနော် .. ဒါပဲ ..."

"ဟုတ်တယ် ... သွယ့်အပြင် တခြားသူငယ်ချင်းတွေနဲ့ ဆိုင်းဆိုင်မှာ Customer တွေအများကြီးတိုးလာဦးမှာ .. အာပဲပြောပြော .. သွယ်တို့နှစ်ယောက်ကို နေ့လယ်စာကျွေးသင့်တယ် .. ဟုတ်တယ်မဟုတ်လား .. စန္ဒီ ..."

သွယ်ဆိုသော စန္ဒီ့သူငယ်ချင်းက အရယ်တစ်ဝက်ဖြင့် ရွှတ်နောက်နောက်ဆိုသည်။ စန္ဒီက 'ဟုတ်တယ်' ဟုဆိုရင်း 'ကျွေးမယ်ဟုတ်လား ..' ဟု တစ်ဆက်တည်းဆိုသည်။ ယဉ်ကျေးမှုအရ 'မကျွေးဘူး' ဟု ဆို၍ မရသည်မို့ 'ကျွေးပါ့မယ်ဗျာ' ဟု ပြောဖြစ်သည်။

"OK ဒါဆို သွယ်ရေ .. ပစ္စည်းမြန်မြန်ကြည့်ပြီး ငွေမြန်မြန်ချေလိုက် .. သူဌေးစိတ်မပြောင်းခင် ထမင်းစားလိုက်ရအောင်"

ထုံးစံအတိုင်း ယဉ်ကျေးမှုတစ်ခုအနေဖြင့် ရယ်စရာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သော စန္ဒီ၏ စကားအဆုံးမှာ ကျွန်တော်ရော . . သူမ၏ သူငယ်ချင်း သွယ်ပါ . . မရယ်ချင် ရယ်ချင်ဖြင့်ရယ်ဖြစ်ကြသည်။

သွယ်က စန္ဒီဝယ်ခဲ့သော Note Book ပုံစံအတိုင်း Note Book တစ်လုံးဝယ်သည်။ ပြီး မယုံဆိမှာ ငွေချေသည်။ စန္ဒီ့ကို 5% လျှော့ပေးလိုက်သည်။ 'ထမင်းလိုက်ကျွေးရမယ်' ဆိုသော စကားသည် နောက်နေခြင်းဖြစ်ပါစေဟု ကြိတ်ကာဆုတောင်းနေစဉ်မှာပင် စန္ဒီက . . .

"ကဲ . . ကိုစိုင်း . . ဘယ်ဆိုင်မှာကျွေးမှာလဲ . . သွယ်တော့ မသိဘူး . . စန္ဒီတော့ ဗိုက်အရမ်းဆာနေပြီ . . . "

စန္ဒီ့စကားကြောင့် ကျွန်တော် စန္ဒီ၏သူငယ်ချင်း သွယ်သွယ်ကို ချာခနဲကြည့်ဖြစ်သည်။ ကြည့်ဖြစ်သည်ကမှ အားကိုးတကြီးကြည့်ခြင်းဖြစ်သည်။ သွယ်ကသာ 'နောက်တာပါ . . မစားတော့ပါဘူး . . ဘာညာ' စသည်ဖြင့် ငြင်းလိုငြင်းငြား မျှော်လင့်ချက်ဖြင့် ကျွန်တော်ကြည့်ဖြစ်ခြင်းဖြစ်သည်။ သို့သော် ကျွန်တော် မျှော်လင့်ထားသလို ဖြစ်မလာပါ . . .။

"သွယ်လည်းဆာနေတာပဲ စန္ဒီရဲ့ . . မနက်တုန်းက ကော်ဖီတစ်ခွက်နဲ့ပေါင်မုန့်တစ်ချပ်ပဲ စားထားတာဆိုတော့ အူကိုလိမ်နေပြီ"

ဟူသော သွယ်သွယ့်စကားကြောင့် ကျွန်တော် နင်တင်တင်ကြီးဖြစ်သွားရသည်။ မကျွေးချင်လို့တော့မဟုတ်။ သူမတို့နှင့်အတူ မသွားလို၊ မစားလိုသောကြောင့်ဖြစ်သည်။

ကျွန်တော် အတူစား၊ အတူသွားလိုသည်က ပန်းနု . .။

ဘာရယ်မဟုတ် ကျွန်တော် သူမတို့နှစ်ယောက်အလယ်[illegible] သက်ပြင်းကို ဆောင့်ကာချမိသည်။



"ဘယ်လိုလဲ . . သူ့ကို ဘယ်လိုသဘောရလဲ သွယ်"

"မဆိုးပါဘူး စန္ဒီ . . ယူတွဲခဲ့သမျှ ယောက်ျားတွေနဲ့စာရင်တော့ ဒီလူကရုပ်အဖြောင့်ဆုံးပဲ . . ဒါနဲ့ ယူပြောတော့ သူက ယူ့ကို အရမ်းကြိုးခင်တယ်ဆို . . . "

"အေးလေ . . ဘာဖြစ်လို့လဲ . . . "

"အခုကြည့်ရတာ . . ယူ့ဘက်က တစ်ဖက်သတ်ကြီး ရင်းနှီးနေတဲ့ပုံစံ ပေါက်နေသလားလို့ . . . . "

သွယ်သွယ်၏ စကားကြောင့် စန္ဒီပြုံးဖြစ်သည်။ တကယ်တော့ သူမနှင့်သွယ်သွယ်က မတဲ့အတူနေ ဖြိုင်ဘက်တွေဖြစ်သည်။ အဝတ်အစားအသုံးအဆောင်ကစ၍ ရည်းစားထားသည်အထိ အဆုံး[illegible]ပြိုင်စရာမရှိ ပြိုင်စရာရှာကာ ပြိုင်နေသော မတည့်အတူနေသူများ[illegible]သည်။ မနာလိုသံစွက်နေသည်ဟု သူမယူဆသော သွယ်သွယ့်[illegible]ကို သူမ အထက်စီးမှနေကာ ကြွားပစ်ချင်လာသည်။

"သွယ်ကလည်းကွာ . . အိုင့်အကြောင်းသိရဲ့သားနဲ့ ဘယ်[illegible]တာများ အိုင့်ကိုအရေးတယူမရှိဘဲ နေဖူးလို့လဲ . . . [illegible]တာ

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မကြာသေးတဲ့လူပဲဖြစ်ဖြစ် . . ခင်တာကြာတဲ့လူပဲဖြစ်ဖြစ် . . အိုင့်ကို ရင်းနှီးချင်ကြတာ ထုံးစံလိုဖြစ်နေတာပဲဟာ . . အိုင်က သူ့ကို ပုံမှန်ပဲဆက်ဆံတာပါ . . . ."

ခပ်ကြောကြောသူမ၏ စကားကြောင့် အနည်းငယ်မဲ့တဲ့တဲ့ဖြစ်သွားသော သွယ့်ကိုကြည့်ရင်း သူမကျေနပ်သွားမိသည်။

"ဒါပေမယ့် သူ့ကိုကြည့်ရတာတော့ ယူ့ကိုမရိုးမသား ချဉ်းကပ်တဲ့ပုံမပေါ်ဘူး . .။ သူငယ်ချင်းတစ်ယောက်ကို ရင်းနှီးနေတဲ့ပုံစံမျိုးဖြစ်နေတယ် . . . ယူ့ဘက်ကသာ တစ်ဖက်သတ်ကြီး အပိုင်တွက်နေတာလို့ အိုင်မြင်တယ် . . . ."

ပက်ခနဲ ထ၍ဆိုလာသော သွယ့်စကားကြောင့် သူမ ဖြန်းခနဲ မျက်နှာပူသွားရသည်။ သွယ်ကတော့ သူမကို စိန်ခေါ်နေပြီထင်သည်။ သူမ စုံစမ်းသိရှိရသလောက် ကိုစိုင်းမှာ ရည်းစားဆိုတာ လုံးဝမရှိသေး။

"ဒီလူ တစ်လအတွင်း အိုင့်ကို Propose လုပ်လိမ့်မယ် . . ယုံလား . . ."

သူမ နှုတ်ခမ်းကို တင်းတင်းစေ့ရင်း ဆိုဖြစ်သည့်စကားအအတွက် သူမ မဖြစ်မနေကြိုးစားရလိမ့်မည်။

"အိုင့်အထင်ကတော့ မဖြစ်နိုင်ဘူးထင်တယ် . . ဒီတစ်ယောက်ကိုကြည့်ရတာ . . . ယူ ထားနေကျရည်းစားတွေလို မဟုတ်ဘူး . . တော်တန်ရုံ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားမယ့်ပုံမပေါ်ဘူး . . ယူ့ကိုလည်း ရိုးရိုးခင်တာပဲ ဖြစ်မှာပါ . . တစ်လအတွင်း Propose လုပ်လိမ့်မယ်ဆိုတာ ယူ စိတ်ကူးယဉ်သလို ဖြစ်မနေဘူးလား . ."

"ဘာ . . ."

သူမ နှင်ခနဲဖြစ်သွားရသည်။ သွယ့်စကားက အပွဲပွဲနွှဲလာ



သော သူမ၏မာနတို့ကို လာထိခိုက်ရုံသာမက စော်ကားသည့်၊ နှိမ့်ချလိုသည့် အဆင့်ကိုရောက်နေသည်။ 'ဘာ' ဟု သူမ ရေရွတ်မိသော အခါ သွယ်က . . . .

"သွယ်ပြောရဲတယ် . . သေချာပေါက် သူက ယူ့အပေါ်မှာ ယူထင်သလို မဟုတ်ဘူး . . ."

"ကိုယ့်ဘက်ကလည်း အခိုင်အမာပြောရဲတယ် . . . သွယ် . . သေချာပေါက် တစ်လအတွင်းမှာ အိုင့်ကို သူ Propose လုပ်လိမ့်မယ် . . . ."

သူမ မျက်စိမှိတ်ကာ ဇွတ်ပင်ဆိုဖြစ်သည်။ တလောကမှ သွယ်ကသဘောကျနေသော လူတစ်ယောက် သွယ်မိတ်ဆက်ပေးပြီးမှ သူမသက်ယိမ်းလာခဲ့သည်။ ဒါကိုပင် သူမက သွယ့်ကိုချိုးချင်သည်နှင့် သွယ့်ရှေ့မှာပင် ထိုလူကို မတူမတန်သလို ခေါက်ထားပြလိုက်သည်။ ထိုစဉ်ကစလို့ သွယ် သူမကို တင်းနေတာဖြစ်သည်။ အခုလည်း သူမ လေကြီးသမျှကို သွယ်က လိုက်ဖြုတ်ချနေတာဖြစ်သည်။

"သွယ်ကတော့ လောင်းတောင်လောင်းလိုက်ချင်သေးတယ် ဒီ . . . ဒီ ကိုစိုင်းဆိုတဲ့ လူကိုကြည့်ရတာ သွယ်ကစားနေကျ လူတွေလို ခပ်နုံနုံခပ်အအပုံ လုံးဝမပေါက်ဘူး . . စောစောက အိုင်ပြောခဲ့သလိုပဲ . . တစ်လအတွင်း Propose လုပ်လိမ့်မယ်လို့ ယူ တွက်ဆထားတာက ယူ့တစ်ဖက်သတ် စိတ်ကူးယဉ်သလိုပဲ ဖြစ်လိမ့်မယ်"

"စိန်လိုက်လေ သွယ် . . ယူ့ဘက်က ကြေးဖွင့်လိုက်"

သူမ ဒေါသထွက်စွာဆိုဖြစ်သည်။ သွယ်က ဟက်ခနဲ ရယ်လိုက်ရင်း . . . .

"အိုင်ရှုံးသွားခဲ့ရင် မှတ်မှတ်ရရဖြစ်သွားအောင် အဲဒီကိုစိုင်းဆိုတဲ့လူရဲ့ Computer ဆိုင်မှာ နောက်ထပ်ရောက်မယ့် Note Book New Model တစ်လုံး ယူ့ကိုဝယ်ပေးမယ် . . . အဲ . . ယူ ရှုံးသွား

www.burmeseclassic.com

www.burmeseclassic.com



ရင်လည်းပဲ အိုင့်အတွက် အဲဒီ့ဆိုင်က Note Book New Model တစ်လုံး ဝယ်ပေးရမယ် . . . ”

ဟုဆိုသည်။

“OK သွယ် . . ယူဘက်ကသာ ဓာတီတည်ပါစေ . . . ”

“စိတ်ချ စန္ဒီ . . သေချာတာက အိုင်ကတော့ Note Book တစ်လုံးအချောင်ရရချည်သေးရဲ့ . . . ”

သွယ်က သူစကားကို သူမ သဘောကျစွာ ဟက်ခနဲ လုပ်ကာရယ်သည်။ ကားမောင်းလာရင်းနှင့် စန္ဒီပြုံးဖြစ်သည်။ ပြီး တွေးမိသည်။

“သွယ်ရယ် . . စန္ဒီဆိုတဲ့ငါက အရှုံးဆိုတာကို ကြုံဖူးဖို့ မပြောနဲ့ ကြားတောင်မကြားဖူးဘူး . . နင့်ကိုတော့ ငါ . . သနားတယ် . . . သွယ် . . . . ”

သူမ အံကိုတင်းနေအောင် ကြိတ်ထားဖြစ်သည်။



ရက်

အတော်ကြာသောအခါ ကျွန်တော် စန္ဒီနှင့်ပိုရင်းနီးလာသလို ပန်းနုတို့အုပ်စုနှင့်လည်း ပိုရင်းနှီးကာလာသည်။ ပန်းနုနှင့်လည်း ဟိုအကြောင်းပြ ဒီအကြောင်းပြဖြင့် ညတိုင်းလိုလို ဖုန်းပြောဖြစ်သည်။

ကားမောင်းနေရင်းက ကျွန်တော် ရင်တွေခုန်နေသည်။ နောက်ခန်းမှာ ထိုင်ရင်းလိုက်လာသော သူရနှင့်မူယာ၊ ရန်နောင်နှင့် ကေသီတို့ကို ဘက်မှန်မှတစ်ဆင့်ကြည့်ရင်း အားကျမှန်းမသိ အားကျနေမိသည်။ ချစ်သူတွေမဖြစ်ကြသော်လည်း အနေအထားက မီးစိမ်းပြနေကြပြီဖြစ်သည်ကိုး . . . ။

ဘေးမှပါလာသော ပန်းနုကိုလှမ်းကြည့်တော့ သူမက ရှေ့တိုသာ ငေးလို့နေသည်။ သူမ၏ ညာဘက်နားရွက်ပေါ်မှာ ပန်ထားသော ကြက်သွေးရောင် နှင်းဆီနံ့က ကျွန်တော့်နှာဝကို လာ၍ကျီစယ်တာနေသည်။

“အဟမ်း . . အဟမ်း . . ကားကို ဂရုတစိုက်မောင်းနော် . . ကျေးဇူးပြုပြီး မောင်းရင် မငေးနဲ့ . . ငေးရင် မမောင်းနဲ့လို့ သတိပေးပါရစေ . . . ”

www.burmeseclassic.com

www.burmeseclassic.com



ငေးရင်း တွေးရင်း မောင်းနေသော ကျွန်တော့်ကို သူရ နောက်သည်။

"မင်း အသုံးအနှုန်းတွေ မှားနေသေးတယ် သူရ။ တကယ် တော့ မောင်းရင် မငမ်းနဲ့၊ ငမ်းရင် မမောင်းနဲ့လို့ ပြောရမှာ . ."

ပြောရင်း ရန်နောင်က တဟားဟားဖြင့်ရယ်သည်။ ကျန်လူ များကပါ လိုက်ရယ်သည်မို့ ကျွန်တော်ပါ ချော်လဲရောထိုင်ရင်း ရယ် ဖြစ်သည်။

ဖျတ်ခနဲ ပန်းနုဆီလှမ်းကြည့်တော့ ရှက်ဝဲဝဲမျက်နှာဖြင့် လက်ဝါးအုပ်ကာ ရယ်နေသည်ကို အသည်းယားစဖွယ် မြင်နေရ သည်။

ကန်တော်ကြီး ပန်းခြံထဲသို့ ကရဝိက်နန်းတော်ဘက်မှ ဝင်ခဲ့ ရင်း ကားကိုပါကင်ထိုးဖြစ်သည်။

"ငါ မင်္ဂလာဆောင်ရင် ဒီမှာပဲ ဆောင်မလားလို့ . ."

ရယ်ကျဲကျဲဖြင့် ကရဝိက်နန်းတော်ကိုမေးငေါ့ရင်း ဆိုဖြစ် သော ကျွန်တော့်စကားကို ရန်နောင်က ဟက်ခနဲ လှောင်ရယ်ရယ် ရင်း . . . .

"ရည်းစားမရှိဘဲနဲ့ မင်္ဂလာဆောင်ဖို့အထိ တက်တွေးနေတာ . . မင်းမရှက်ဘူးလား . . . မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး . . နှုတ်ခမ်းနာနဲ့တည့်ပါ့မလား လုပ်နေတယ် . . . မင်းအစား ငါ ရှက် တယ်ကွ . . ."

"အေးလေ . . . ."

ရန်နောင့်စကားကို သူရက ထောက်ခံသည်။ နှစ်ယောက် တစ်ယောက်ကလည်း ဖြစ်ပြန်။ ကောင်မလေးတွေရှေ့လည်း ဖြစ်ပြန် မို့ ကျွန်တော် အသာပင်ငြိမ်နေလိုက်ရသည်။ ရှက်ဝဲဝဲဖြစ်နေသော ကျွန်တော့်ကိုကြည့်ကာ ကောင်မလေးများကတော့ ရယ်သည်။



"ကဲ . . ကဲ . . မတော်လို့များ သွားရင်းလာရင်းနဲ့ လူစုကွဲ သွားရင် ဒီနေရာမှာ ဆယ့်နှစ်နာရီတိတိဆုံမယ်နော် . . အခု (၉) နာရီခွဲအတိပဲ . . ."

သူရက နာရီကိုကြည့်ရင်းဆိုသည်။ ဒီလောက်ဆို နားလည် လိုက်သည်။ တမင်လူစုခွဲကာ သွားချင်ရာတွေကို သကောင့်သားများ လျှောက်သွားကြလိမ့်မည်။

"နင်တို့ဘာသာနင်တို့ လုဂကွဲချင်ကွဲမယ် . . . ငါတို့သုံး ယောက်ကတော့ ကွဲစရာအကြောင်းမရှိဘူး . . လာ . . ကေသီနဲ့ ပန်းနု . . တို့ လက်တွဲထားရအောင် . . ."

မှုယာက ပြောရင်းဆိုရင်း ကေသီနှင့်ပန်းနုတို့၏လက်ကို ဖမ်းချိတ်သည်။ ဒီယုန်မြင်လို့ ဒီချုံထွင်တာ မဟုတ်လား ဆိုသည့် သဘော။

ညစ်ကျယ်ကျယ်အမူအရာများနှင့် တစ်ယောက်လက်တစ် ယောက်တွဲကာ လမ်းကို ဆတ်တောက် ဆတ်တောက်ဖြင့် လျှောက် နေသော သူမတို့သုံးယောက်ကိုကြည့်ကာ ရန်နောင်က ခေါင်းကို ခပ်ကြွမ်းကြွမ်းကုတ်သည်။

ပန်းခြံအဝင်ဝမှာ ဝင်ကြေးကောက်သူများက မြင်သာထင် သာရှိသောနေရာတွင် ကပ်ထားရန် ဝင်ကြေးဆောင်ပြီးကြောင်း အမှတ်အသားဖြစ်သည့် စတစ်ကာအဝိုင်းလေးကို ပေးသည်။ သူရက ခြောက်ယောက်စာ ဝင်ကြေးကို ခပ်သွက်သွက်ပေးသည်။

လိမ်ကျစ်လိမ်ကျစ်ဖြင့် တစ်ယောက်လက်တစ်ယောက်တွဲ ကာ ကျွန်တော်တို့သုံးကောင်ကို လှည့်မကြည့်စတမ်း ရှေ့မှလျှောက် နေသော ပန်းနုတို့သုံးယောက်ကိုကြည့်ရင်း ရန်နောင်က 'ဘယ်လိုလဲ' ဟူသော သဘောဖြင့် မေးဆတ်သည်။ သူရက အသာနေမှုသော သဘောဖြင့် လက်ကာပြသည်။ ပြီး ကောင်မလေးသုံးယောက် ရှေ့

www.burmeseclassic.com



ကိုကျော်တက်ကာ . . . .

"ဟော့ . . နင်တို့လက္ခဏာကြည့်ကြမလား . . . "

"ကြည့်မယ် . . . "

သူရ၏ အမေးတို့ကို လွှတ်ခနဲဖြေသော မူယာ့ကို ကေသီက ပခုံးဖြင့်တွန်းသည်။ ပြီး . . . .

"ဟဲ့ . . ငါတို့ လက်တွဲဖြုတ်လို့မရဘူးလေဟာ . . ဘယ်လို လုပ်ကြည့်မှာလဲ . . . "

"ဟုတ်သားပဲ . . . "

ကေသီ့စကားကို မူယာက 'ဟုတ်သားပဲ' ဟုဆိုရင်း 'လျှာ' တစ်လစ်ဖြင့် သူရကိုကြည့်သည်။ သူရက . . . .

"သဘောပဲလေ . . ငါတို့ဟောတဲ့နည်းက နင်တို့ကြည့်နေကျ လက္ခဏာကြည့်နည်းလို မဟုတ်ဘူး။ တောင်ကြီးဘက်က ရှမ်းဆရာ တွေကြည့်တဲ့ ရှမ်းနည်းနဲ့ကြည့်ပေးမလို့ . . . ။ မကြည့်ချင်ရင်လည်း နေလေ။ ဒီနည်းက လူတိုင်းတောင်သိတာမဟုတ်ဘူး . . ဥပမာ-ငါ တို့သုံးယောက်ထဲမှာဆိုရင် ငါနဲ့ကိုစိုင်းနဲ့ပဲ ကြည့်တတ်တာ။ ဟိုကောင် ရန်နောင်ဆို အခုမှသင်တုန်း . . ။ ဒီနည်းကို ပျောက်ကွယ်သွားမှာ စိုးလို့ လူကြီးတွေဆီကနေ ငါတို့လည်း လက်ဆင့်ကမ်းသင်ထားရတာ . . နောက်နေတာ မဟုတ်ဘူးနော် . . ငါ အတည်ပြောနေတာ . . ကြည့်တာမကြည့်တာကတော့ နင်တို့ သဘောပဲ . . . "

'နောက်နေတာ မဟုတ်ဘူး' ဟု ရုပ်တည်ကြီးနှင့်ဆိုသော သူရစကားကြောင့် မူယာတို့သုံးယောက် တစ်ယောက်မျက်နှာကို တစ် ယောက်ကြည့်ရင်း တွေကာသွားကြသည်။

သူရကသာ နောက်နေတာမဟုတ်ဘူး ဟုဆိုသော်လည်း တကယ်တော့ အားလုံးက ဖောရှောတွေသာဖြစ်သည်။

"ဒီ လက္ခဏာက ကြည့်ချင်တဲ့ရက် ထကြည့်လို့ရတာမဟုတ်



ဘူး . . စနေရယ် . . အင်္ဂါရယ် နှစ်ရက်ပဲ ကြည့်လို့ရတာ . . "

သူရတစ်ယောက်တည်း ဖောနေရသည်မို့ စစ်ကူရအောင် ကျွန်တော်ပါ ဝင်ရှိန်းဖြစ်သည်။ မည်သို့ပင်ဆိုစေ ဒီနေ့က စနေနေ့ ဖြစ်သည်မို့ တမင်ဂွင်ဆင်ကာဆိုလိုက်ခြင်းဖြစ်သည်။ ကျွန်တော့် စကားအဆုံးမှာ ကောင်မလေးသုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ဇဝေဇဝါဖြင့်ကြည့်ကြသည်။ မူယာက . . . .

"ငါတို့ကပဲ ဗဟုသုတနည်းလို့လား မသိဘူး . . . ရှမ်း လက္ခဏာဆိုတာကြီးကို မကြားဖူးဘူး . . . "

ဘာရယ်မဟုတ် မူယာ့စကားကြောင့် ကျွန်တော်တို့သုံး ယောက်သား ရယ်ချင်ပက်ကျိဖြစ်သွားရသည်။ သူမ၏ စကားက ဒဲ့ထိသည်ကိုး။

"အဲဒါကြောင့် ပြောတာပေါ့ . . လူတိုင်းမသိကြတဲ့ ပညာရပ် တစ်ခုပါလို့ဆို . . ကဲပါ . . နင်တို့လည်း ကြည့်မနေနဲ့တော့ . . . ငါ တို့လည်း ပန်းခြံထဲလာတာ စိတ်အပန်းဖြေဖို့လာတာဆိုတော့ . . အပန်းဖြေတာပဲ ကောင်းတယ် . . . "

ရန်နောင့်စကားကြောင့် ကောင်မလေးတွေ လှုပ်လှုပ်ရှား ရှား ဖြစ်ကာသွားသည်။ ကေသီက . . .

"နည်းနည်းတော့ကြည့်ချင်တယ်"

ဟုဆိုသည်။

"ခဏတဖြုတ်တော့ ကြည့်ပေးလို့ရပါတယ် . . ဘာပြော ချာ . . ငါတို့လည်း ကိုယ့်ပညာကို ကိုယ်ပြန်လေ့ကျင့်သလိုဖြစ်သွား တာပေါ့ . . . "

သူရက အင်တင်တင်ပုံစံလုပ်ရင်းဆိုသည်။ မူယာက 'ဒါဖြင့် ကြည့်မယ်' ဟု ဆိုရင်း ကေသီနှင့်ပန်းနုလက်ကို ကိုင်ထားရာမှ လွှတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ကြည့်မယ် . . ."

ကေသီကလည်း ထိုသို့ဆိုရင်း ရှက်ဝဲဝဲဖြင့် လက်ဝါးနှစ်ဖက်ကို ပွတ်သည်။ ရန်နောင်က . . .

"သူရ . . မင်းက ကျွမ်းတယ် . . မင်းပဲ သူတို့နှစ်ယောက်ကို ကြည့်ပေးလိုက် . . ပန်းနုကို ဟိုကောင်ကိုစိုင်းက ကြည့်ပေးလိုက်ပေါ့"

ဟုဆိုသည်။

ပန်းနုက ခေါင်းကို ဘယ်ညာရမ်းလိုက်ရင်း . . . .

"ဟင့်အင်း . . ပန်းနုက လက္ခဏာတို့၊ ဗေဒင်တို့ ဝါသနာမပါဘူး . . မှုယာတို့ကိုပဲကြည့်ပေးလိုက်ပါ . . ပန်းနု ဟိုဟိုဒီဒီ လမ်းလျှောက်လိုက်ဦးမယ် . . ."

"ဟုတ်တယ် သူက မိန်းကလေးတွေထဲမှာမှ ထူးဆန်းတဲ့ မိန်းကလေးမျိုး . . သူက တခြားကောင်မလေးတွေနဲ့ပြောင်းပြန်။ ဗေဒင်လည်း တစ်ခါမှမတွက်ဘူး . . လက္ခဏာလည်း တစ်ခါမှမကြည့်ဘူး . . ကဲပါ . . ရော့ . . . မှုယာ့ကိုအရင်ကြည့်ပေး . . . ."

မှုယာက လက်နှစ်ဖက်ကို ကျွန်တော့်ရှေ့သို့ထိုးပေးရင်းဆိုသည်။

"ကျွန် . . ကျွန်တော်က သူရလောက် မကျွမ်းဘူး . . သူရက . . အသေကျွမ်းတယ် . . ဟကောင် . . . သူရ မင်းပဲကြည့်ပေးလိုက် . . ငါက မကြည့်တာလည်းကြာပြီဆိုတော့ လွဲမှာစိုးလို့ . ."

သူရထံသို့ ဘော်လီဘောပုတ်ရင်း ကျွန်တော် ပန်းနုကို လှမ်းကြည့်ဖြစ်သည်။ ပန်းနုက ဟိုငေး ဒီငေးဖြင့် ခပ်ဖြည်းဖြည်း လမ်းလျှောက်ကာနေသည်။

"မှုယာ နင်က နောက်မှကြည့် . . ငါ အရင်ကြည့်မယ်"

"ဘယ်ရမလဲ . . ငါ အရင်ကြည့်မယ် . . ."

ကေသီနှင့်မှုယာက သူအရင်ကြည့်မယ် . . ငါအရင်ကြည့်



မယ်ဟု ငြင်းခုန်ကာနေသည်။ ရန်နောင်က 'လိုက်သွားလေ' ဟူသော သဘောဖြင့် ကျွန်တော့်ကို မျက်စပစ်ပြသည်။

ကျွန်တော်လည်း 'အေး . . ငါလစ်ပြီ' ဟူသော သဘောဖြင့် မျက်စိပြန်မှိတ်ပြလိုက်ရင်း ပန်းနု သွားရာနောက် လိုက်ခဲ့ဖြစ်သည်။

ပန်းနုက ပန်းကြိုက်သူပီပီ ပန်းပင်များကို ဟိုငေး ဒီငေးလုပ်ကာနေသည်။ ကျွန်တော် နောက်က ကပ်ပါလာသည်ကို သူမ မသိ။

သူမနှင့်ဘေးချင်းယှဉ်လျက်အနေအထားရောက်ကာမှ ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်ဖြစ်သည်။

"ကျွန်တော်ကတော့ ဘုရားရှိခိုးတိုင်း ဆုတောင်းတစ်ခု ပိုလာတယ် . . ."

သူမက 'ဆက်ပြောလေ' ဟူသော သဘောဖြင့် ကျွန်တော့်ကိုလှမ်းကြည့်သည်။

"ဘုရား တပည့်တော် ဆိုင်ကပစ္စည်းတွေကို ထီပေါက်မှဝယ်မယ်ဆိုတဲ့ Customer ထီမြန်မြန်ပေါက်ပါစေ ဘုရားလို့ . . . ."

ကျွန်တော့် စကားကြောင့် သူမက ရှက်ဝဲဝဲရယ်သည်။ လောကကြီးမှာ ရှက်ကိုးရှက်ကန်းရယ်သောအရယ်က ချစ်စရာအကောင်းဆုံးဟု ကျွန်တော် ထင်သည်။

ရှက်ဝဲဝဲဖြစ်နေသော သူမ၏ မျက်နှာနီစွေးစွေးကိုကြည့်ရင်း ကျွန်တော် အာခေါင်တွေခြောက်ကပ်လာသည်အထိ ရင်တွေခုန်ကာလာသည်။

"ပန်းနုကလေပစ္စည်းတွေဆို ဘယ်ပစ္စည်းပဲဖြစ်ဖြစ် ဟောင်းပြီး လုံးလုံးသုံးမရတော့တဲ့အထိကို သုံးတာ။ အဲဒါကိုပဲ သူငယ်ချင်းတွေက ကပ်စေးနည်းတယ်လို့ အမြဲပြောတယ်။ ဟုတ်တော့လည်း ဟုတ်တယ် . . ပန်းနုက ကပ်စေးနည်းတယ် . . ."

ပြောရင်း သူမက ခပ်တိုးတိုးရယ်သည်။

တော်ဝင်မြို့ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပန်းနုရဲ့ သူငယ်ချင်းတွေက လွန်တာပေါ့ . . "

"ဘာဖြစ်လို့ . . . "

ခေါင်းကိုစောင်းကာ ကလေးတစ်ယောက်လို သူမ မေး သည်။

"လူတော်တော်များများက မှန်တာပြောရင် မကြိုက်ကြဘူး လေ . . မပြောသင့်ဘူးပေါ့ . . ဥပမာ-သွားခေါနေတဲ့လူကို သွားခေါ တယ်လို့ပြောရင် ခံရတဲ့လူက ဘယ်ကြိုက်ပါ့မလဲ။ အခုလည်း ကပ်စီး နည်းတဲ့လူကို ကပ်စီးနည်းတယ်လို့ပြောတော့ ဘယ်ခံချင်ပါ့မလဲ . . ဟုတ်တယ် မဟုတ်လား . . . "

"ပန်းနုကတော့ ပြောင်းပြန်ကြီးတော့ . . ပန်းနုနဲ့ပတ်သက် ပြီး မှန်တာကိုသာ ပြော . . လုံးဝစိတ်မဆိုးဘူး . . . "

သူမက နှုတ်ခမ်းကို ချွန်ရင်း ကလေးကြီးတစ်ယောက်လို ဆိုသည်။ ဘယ်လိုနေနေ ချစ်စရာကောင်းလွန်းနေသော သူမကို ကြည့်ရင်း ကျွန်တော့်စိတ်မှာ မရိုးမရွကြီး ခံစားနေရသည်။ ပခုံးကို ကိုင်ပြီးတော့ပဲ ဆွဲခါပစ်ချင်နေသလိုလို။ သူမကိုပဲ ခပ်တင်းတင်း ထွေးပွေ့ထားချင်နေသလိုလို။

"ပန်းနုက ပန်းနုနဲ့ပတ်သက်ပြီး မှန်တဲ့စကားကို ပြောရင် စိတ်မဆိုးဘူးပေါ့ . . . "

"မဆိုးဘူး . . . "

"သေချာလား . . "

"သေချာတာပေါ့ . . . "

"ဒါဆို ကျွန်တော် ပန်းနုနဲ့ပတ်သက်တဲ့ အမှန်တရားတစ်ခု ကျွန်တော် ပြောပြမယ် . . . "

"ဘာလဲ ကပ်စေးနည်းတာကိုပဲလား . . . "

"မဟုတ်ဘူး . . . "



"ဒါဖြင့် ဘာလဲ . . အဲဒီစကားက မှန်မှဖြစ်မှာနော် . . "

"စိတ်ချပါ . . . "

"ဒါဖြင့် . . ပြော . . ဘာလဲ . . . "

"ပန်းနုက အရမ်းချစ်ဖို့ကောင်းတာပဲဗျာ . . . "

"ရှင် . . . "

ကျွန်တော့်စကားကြောင့် သူမ တစ်ချက်ကြောင်သွားသည်။ ...တ်နှာကလည်း ရှက်သွေးတို့ဖြင့် ရဲခနဲ . . . .

"ပန်းနုကို ကျွန်တော် ချစ်တယ် . . . "

ချက်နှာချင်းဆိုင်ကို ပိတ်ရပ်ပြီး ကျွန်တော်ဆိုဖြစ်သည်။ သူမ ... ရှက်ဝဲဝဲဖြင့် ကျွန်တော့်ကို ကြောင်ပြီးကြည့်နေရင်းက ခေါင်းကို ...သည်။

"စောစောက ပန်းနု ပြောထားတယ်နော် . . ပန်းနုနဲ့ ပတ် ...တ်ပြီး မှန်တဲ့စကားကိုပြောရင် စိတ်မဆိုးဘူးလို့ . . . "

"အဲဒါနဲ့ ဘာဆိုင်လဲ . . "

"ဆိုင်တာပေါ့ . . ကျွန်တော့်ရင်ထဲမှာ ရှိနေတဲ့ ပန်းနုနဲ့ ...သက်တဲ့ အမှန်တရားကို ကျွန်တော် ပြောပြတာလေ . . ကျွန် ...် ပန်းနုကို ချစ်တယ်ဆိုတာ ပန်းနုနဲ့ပတ်သက်ပြီး အမြဲတမ်း ...နေမယ့်စကားပါ . . . "

ကျွန်တော့်စကားကြောင့် သူမမျက်နှာကြီး နီရဲနေသည် ...ထိ ရှက်နေရင်းက 'ဒိုင်းခနဲ' မျက်စောင်းထိုးသည်။

"တောင်ကြီးသား လူလည် ညာတာပါတေးနဲ့ လူကို ရည်း ...တားပြောတယ် . . . "

"ရန်ကုန်သူက ချစ်စရာကောင်းလွန်းလို့ တောင်ကြီးသား ... လည်သွားတာဖြစ်မှာပါ . . ဟုတ်တယ် မဟုတ်လား . . "

"မသိဘူး . . . "

www.burmeseclassic.com



ရှက်ရှက်ဖြင့် ကျွန်တော့်ရှေ့မှနေ မှုယာတို့ဘက်လှည့်ကာ သူမ ခပ်သုတ်သုတ်လျှောက်သည်။ ကျွန်တော့်မှာ နောက်ကပဲ လိုက်လျှောက်ရတော့မလိုလို . . ရပ်ပဲကျန်ခဲ့ရတော့မလိုလို . . .။

တကယ်တမ်းကျတော့ ကျွန်တော်ကိုယ်တိုင်လည်း မျက်နှာတွေ ထူပူပြီး ရှက်နေခဲ့သည်ပဲဖြစ်သည်။ ဘာပဲပြောပြော ဒေါ်သတကြီးနှင့် လူကို ပါးရိုက်၊ နားရိုက် လုပ်မသွားခြင်းက အခြေအနေမဆိုးဟု ကျွန်တော် တွေးဖြစ်သည်။



'စိတ်များဆိုးသွားသလား' ဟုတွေးရင်း ကျွန်တော် ထိုင်ရမလို ထရမလိုနှင့် မရိုးမရွကြီးဖြစ်ကာနေသည်။

ကန်တော်ကြီးမှာလည်းကြစဉ်တစ်လျှောက်မှာရော အပြန်လမ်းမှာပါ ကျွန်တော့်ကို စကားပြောဖို့နေနေသာသာ . . လှည့်ပင်မကြည့်သည်မို့ နေရထိုင်ရခက်ခဲ့ရသည်က အမှန် . . .။

"စိတ်ဆိုးသွားတယ်နဲ့တူတယ်ကွာ . . ."

သူရတို့ထံ ရင်ဖွင့်မိသောအခါ ဆရာသမားများက 'ဖုန်းဆက်ကြည့်ပေါ့ကွာ' ဟု တိုက်တွန်းသည်။

ကျွန်တော် သူတို့ တိုက်တွန်းသလိုပင် သူမဆီဖုန်းဆက်ဖြစ်သည်။ ဖုန်းဝင်သွားပြီး အတန်ကြာသည်အထိ သူမ ဖုန်းမကိုင်။

ကျွန်တော် ရင်တွေဓာဖြည်းဖြည်း ပူကာလာသည်။ ကျွန်တော့်ဖုန်းမှန်းသိသည်မို့ တမင်မကိုင်ဘဲနေသည်လား။ ဒါမှမဟုတ် Ring Tone ပိတ်ကာ Silent လုပ်ထားသည်လား။

လားပေါင်းများစွာက ရင်ကိုပူလောင်နေစေသည်။ ဖုန်းကိုဆက်တိုက်ခေါ်ကာ ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက် လုပ်နေသော ကျွန်တော့်ကို ဆရာသမားနှစ်ကောင်က မျက်စိနောက်သလို မျက်မှောင်ကုတ်ကာ ကြည့်သည်။

www.burmeseclassic.com



"မူယာတို့ဖုန်းနဲ့ လှမ်းဆက်ရင်တော့ ကိုင်မယ်ထင်တယ်"

ကျွန်တော့်စကားကို ဆရာသမားနှစ်ယောက်က မကြားယောင်ပြုသည်။

"ငါတို့နဲ့လျှောက်လည်တာသိလို့ သူ့အိမ်ကများ ဆူထားလားမသိဘူးကွနော် . . ."

"ဘယ်သိမှာလဲကွ . . ."

သူရက ဘုဂလန့်ဆိုသည်။

"နားလည်းငြီး မျက်စိလည်းနောက်နဲ့ မျောက်မီးခဲကိုင်မိတာကမှ ဂဏှာငြိမ်လိမ့်ဦးမယ် . . ."

ရန်နောင်က အရယ်တစ်ဝက်ဖြင့် ဆိုသည်။ သူရ ဘာပြောပြော၊ ရန်နောင် ဘာပြောပြော ကျွန်တော် စိတ်မခုအားတော့။ ကျွန်တော့်စိတ်က ပန်းနုဆီသာရောက်လို့နေသည်ကိုး . . .။

ထိုညက တစ်ညလုံး သူမ ဖုန်းမကိုင်ခဲ့။ ဖုန်းဆက်ရင်း ရင်မောရတာပဲ ကျွန်တော့်မှာ အဖတ်တင်သည်။ ဘာပဲပြောပြော သူမ အသံလေးကိုတောင်မှ မကြားရသောအခါ လွမ်းမှန်းမသိ ကျွန်တော် လွမ်းနေသည်ကိုး . . .။

အရင်ညများက ဟိုအကြောင်းပြ၊ ဒီအကြောင်းပြဖြင့် ညစဉ်ဖုန်းဆက်တုန်းက အဆင်ပြေခဲ့သမျှ ရည်းစားစကားပြောသောနေ့ကျမှ ဖုန်းမကိုင်တော့ခြင်းအတွက် ရင်ခံနေခဲ့သည်ကတော့ အမှန်။

သူမ အသံလေးကိုတောင်မှ မကြားရသောအခါ လူက နေမထိ ထိုင်မသာကြီးဖြစ်ကာလာသည်။ သူမ၏ အသံလေးကို လွမ်းသည်။

ကြော် . . . .

သူမ၏ အသံကို တစ်ညလေး မကြားရုံမျှဖြင့်ပင် ဤမျှလွမ်းနေရ၊ ကျွမ်းနေရပါလျှင် တစ်သက်စာများဆိုပါက ဒီကကောင်၏ရင် . . ကျွမ်းရချည်ရဲ့ဟု ကျွန်တော် တွေးဖြစ်သည်။



ပန်းနုရေ . . . .

နင့်ဆီရောက်ဖို့ ငါဖြတ်ကူးခဲ့တဲ့ ပင်လယ်က

ပန်းပင်လယ် . . . မဟုတ်ရင်တောင်

အလွမ်းပင်လယ် . . . မဟုတ်ရင်ဘဲ

ငါ . . . .

ငါ . . . ကျော့နပ်လှပါပြီ . . . .။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ....

စိတ်သိပ်မပါလှသည်မို့ သူမ သင်တန်းမသွားဖြစ်။ မူယာတို့ကတော့ ဖုန်းတွေ တဂွမ်ဂွမ် ဆက်သည်။

"ပန်းနု . . ဘာလဲ . . နင်က တမင် ကိုစိုင်းကို ပညာပြထားတာလား။ ဟိုကတော့ ငါတို့ဆီ ဖုန်းတဂွမ်ဂွမ်ဆက်ပြီး မေးလိုက်မြူလိုက်တာများဟယ် . . . ပျာယာကိုခတ်နေတာပဲ။ နင် ဖုန်းမကိုင်လို့တဲ့။ နင်က ဘာဖြစ်လို့ သူ့ဖုန်းကို မကိုင်တာလဲ . . ."

"မကိုင်ချင်လို့ပေါ့ . . ."

"မလုပ်ပါနဲ့ဟယ် . . ကိုင်ပေးလိုက်ပါ . . နင် ဒီနေ့ သင်တန်းမသွားတာကိုတောင် နေမကောင်းလို့လား . . ဘာလားနဲ့ . . နင်ဖုန်း မကိုင်မချင်း ငါတို့ဖုန်းတွေလည်း အနားနေရမှာ မဟုတ်ဘူး။ အဲဒီလိုကြီးတော့ မလုပ်ပါနဲ့ဟယ် . . ငြင်းမယ်ဆိုရင်လည်း အပြတ်ငြင်းလိုက်။ ခေါင်းညိတ်မယ်ဆိုရင်လည်း ညိတ်သာပစ်လိုက် . . သူမှာ ဘာမှအပြစ်ပြောစရာမရှိဘူး . . ."

"ဘာလဲ သူက နင့်ကို ရှေ့နေငှားထားတာလား . ."





"မဟုတ်ပါဘူးဟယ် . . သူ့ပုံစံက သနားစရာလေးမို့လို့ပါ . . ကြည့်ရတာ မိန်းကလေးတွေနဲ့ပတ်သက်ပြီး ဒါမျိုးအတွေ့အကြုံလုံးဝရှိပုံမပေါ်ဘူး . . အခုလို ဖြစ်နေတာကိုပဲ ကြည့်ပါလား။ ငါ့ကြားထဲကနေ Request လုပ်ပါတယ်ဟာ . .။ ဒီတစ်ခါလာရင်တော့ သူ့ဖုန်းကို ကိုင်ပေးလိုက်ပါဟာ . . နော် . . ပန်းနု . ."

". . . . . . . . ."

"ဟဲလို . . ပန်းနု . . ကြားလား . . ."

"ကြားပါတယ် . . ."

"အေး . . ကြားရင်လည်း ပြီးရော . . ငါ ဖုန်းချတော့မယ် . . . ဖုန်းလာရင် ကိုင်ပေးလိုက် . . ဒါပဲ . . ."

မူယာက သူပြောချင်သမျှတွေပြောပြီး ဖုန်းချသွားခဲ့သည်။ ဖုန်းကိုကိုင်ရင်း ပြုံးနေဆဲမှာပင် ဖုန်းကဝင်လာသည်။

ကြည့်လိုက်တော့ ဖုန်းနံပါတ်က သူ့ဖုန်းနံပါတ်ဖြစ်နေသည်။ တစ်ညနှင့်နေ့တစ်ပိုင်းတိတိ ဖုန်းမကိုင်ဘဲ ပစ်ထားခဲ့သည်မို့ ဒီတစ်ခါတော့ ကိုင်ပေးလိုက်မည်ဟုတွေးရင်း ဖုန်းကို ကိုင်ပေးဖြစ်သည်။

"ဟဲလို . . . ."

ဝမ်းသာသံတချို့၊ အံ့သြသံတချို့စွက်နေသော သူ့အသံချိုချိုကို သူမ ကြားရသည်။ ပြန်မထူးဖြစ် . . . .

"ဟဲလို . . . ပန်းနုလား . . ."

"အင်း . . ."

"ဟား . . ကိုယ်စိတ်ပူလိုက်ရတာကွာ . . ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ . . ."

သူမ ခပ်တိုးတိုးရယ်ဖြစ်သည်။ ဖုန်းမကိုင်ခြင်းကိုပဲ သူက ကလေးတစ်ယောက်လို ရန်ထောင်နေသေးသည်။

"ဘာရယ်တာလဲ . . လှောင်တာလား . . ."

www.burmeseclassic.com

www.burmeseclassic.com



ကြည့် . . ဘလိုင်းကြီး သူမကို ရန်ကပ်ထောင်နေသည်။

"လှောင်တာမဟုတ်ဘူး . . ပြောင်တာ . . ."

"ဩ . . ."

တမင်ကျပ်ပေးလိုက်သော စကားကို သူက 'ဩ' ဟု ရေရွတ်သည်။

သူမ၏ ရယ်သံချိုကို ကြားရသောအခါ တောက်လျှောက်ပူပန်ခဲ့သမျှတို့ ဝုန်းခနဲ အေးမြကာသွားသည်။ တမင်ဂျစ်တိုက်ကာ 'လှောင်တာလား' ဟု မေးတော့ သူမက 'ပြောင်တာ' ဟုပြန်နောက်သည်။

"တော်တော်ရက်စက်တာပဲ . . မနေ့ညက ကိုယ်အိပ်လို့တောင် မပျော်ဘူး . . ."

ကျွန်တော်ဟု မသုံးဖြစ်တော့ဘဲ 'ကိုယ်' ဟု သုံးနှုန်းမိသွားသည်။

"ဘာဖြစ်လို့ . . ."

ကျွန်တော့်စကားကို သူမက ခပ်ချွဲချွဲပြန်မေးသည်။ 'ဘာဖြစ်လို့' တဲ့။ ကြည့်စမ်း . . ချစ်စရာကောင်းလိုက်ပုံများ။ အနီးအနားမှာသာ သူမ ရှိလျှင် ကျွန်တော့်ရင်ခုန်သံတွေ ကပြောင်းကပြန်ဖြစ်သွားနိုင်သည်။

"ကောင်မလေးတစ်ယောက်ကို အရမ်းချစ်မိသွားလို့ . . ခက်တာက ကိုယ်ချစ်မိသွားတဲ့ ကောင်မလေးက အရမ်းဆိုးတာ . . ကိုယ်ဖုန်းဆက်တာကို ဖုန်းလုံးဝမကိုင်ဘူး . . ဒီတော့ ကိုယ့်မှာညတစ်ညလုံး အိပ်လို့မရတော့ဘူး . . ."

"ဘာမှမဆိုင်ဘူး . . ."

"ဆိုင်တာပေါ့ . . ."

"ဒါဆိုရင်လည်း အဲဒီကောင်မလေးကို မေ့လိုက်ပေါ့ . ."



"မေ့စရာလား . . ကိုယ်က အဲဒီကောင်မလေးကို ဘဝ တစ်သက်တာအတွက် ချစ်ခဲ့တဲ့ဥစ္စာ . . ဘယ်လွယ်လွယ်နဲ့မေ့ပစ်နိုင်ပါ့မလဲ . . ."

ဘယ်ကရောက်လာမှန်းမသိသော စကားလုံးများကို ဘယ်လိုရရှိလာမှန်းမသိသော အားအင်များဖြင့် ကျွန်တော်ဆိုဖြစ်သည်။ တဒုန်းဒုန်းခုန်နေသော ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ပြီးချိုမြိန်နေသည်။ ဒီအတိုင်းသာဆို သူမဘက်က မီးစိမ်းပြနေပြီဟု မရဲတရဲတွေးဖြစ်သည်။

"ဒီစကားကို ကောင်မလေးတော်တော်များများဆီ ပြောခဲ့ဖူးမှာပါ . . ."

"ဘယ်ကလာ . . မှန်တာပြောရင် ကိုယ်ချစ်ရတဲ့သူနဲ့ ညားရပါစေဗျာ . . အတည်ပြောတာပါ . . ကိုယ် ပန်းနုကို ဘဝတစ်သက်တာအတွက် ရည်ရွယ်ပြီးမှ ချစ်ခဲ့တာပါ . . ."

"မယုံဘူး . . ."

သူမက 'မယုံဘူး' ဟု အသံကိုဆွဲကာ ခပ်ချွဲချွဲဆိုသည်။

"ယုံပါ ပန်းနုရာ . . ကိုယ် ဘုရားအဆူဆူကို တိုင်တည်ပြီးပြောရဲတယ် . . ပန်းနုကို ကိုယ်တကယ်ချစ်တယ် . . အရမ်းချစ်တယ် . . . ပန်းနုရာ . . ကိုယ် တကယ်ပြောတာ . . ."

"နားရှက်တယ် . . . ."

ရှက်ဝဲဝဲဆိုလာသော သူမ၏ အသံတိုးတိုးက တကယ့်ကိုချစ်စရာလေး . . ကျွန်တော် ရင်ခုန်ရလွန်းလို့ . . ကိုယ့်ရင်ဘတ်ကိုတောင် ကိုယ်ဖိထားရသည်။ ချစ်တယ်ပြောတာကိုပဲ 'နားရှက်တယ်' တဲ့လား . . . .။

"အဲဒီ ရှက်နေတဲ့ နားကိုလည်း ချစ်တယ် . . ."

"တော်တော့ကွာ . . ကြားရတာ ရှက်တယ် . . ."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ရှက်နေတဲ့ ကောင်မလေးကိုလည်း ချစ်တယ် . ."

"နားရှက်တယ်လို့ ပြောနေတယ်လေ . . ."

သူမက အရှက်သည်းနေသော လေသံဖြင့် ကြိတ်၍ဆိုသည်။

"အဲဒီ ရှက်နေတဲ့ နားရွက်လေးကိုလည်း ချစ်တယ်လို့ ကိုယ်ကလည်း ပြောနေတာပဲ . ."

"တော်ပြီကွာ . . ဖုန်းချလိုက်တော့မယ် . . ."

"နေပါဦး . . ကိုယ့်ကို အဖြေပေးဦးမှပေါ့ . . ဘယ်လိုလဲ . . ကိုယ့်ကိုချစ်လား . . ."

"ချစ်ပါလိမ့်မယ် . . . အားကြီးကြီး . . မုန်းတယ် . . ."

"ဘယ်လို . . ပြောတာ . . . ."

"မုန်းတယ်လို့ ပြောတာ . . ကိုစိုင်းဆိုတဲ့ ရှင့်ကို မုန်းတယ်လို့ ပြောတာ . . ဒါပဲ . . ဒါပဲ . ."

ဆက်ဆို သူမဘက်က ဖုန်းချသွားခဲ့သည်။

ဖုန်းကို ကိုင်ထားရင်း ကျွန်တော့်မှာတော့ ရင်တွေ တလှပ်လှပ် . . .

တလှပ်လှပ် . . . . ။



'ချစ်လား' လို့ ကျွန်တော်မေးတော့ ကျွန်တော့်ကောင်မလေး တဖြေတယ် . . . ။

'မုန်းတယ်' တဲ့။

ကျွန်တော့်ချစ်သူက အရယ်တစ်ဝက်နဲ့ပြောသွားတာပါ။ ဒီ ကမ္ဘာပေါ်မှာ ဘယ်လို လူကများ မုန်းတယ်ဆိုတဲ့စကားကို ရယ်ပြီး ပြောနိုင်မှာလဲဗျာ။ ဟုတ်တယ် မဟုတ်လား . . . . ။

ခင်ဗျားသာ ကျွန်တော့်နေရာမှာဆိုရင် ချစ်သူက 'မုန်းတယ်' လို့ ရယ်ရင်းပြောတဲ့စကားကို သေချာပေါက် 'ချစ်တယ်' လို့ ဘာသာ ပြန်မှာပဲ မဟုတ်လား . . . . ။

ယုံလိုက်ပါဗျာ . . . ။

အခုပဲ ပန်းနုနဲ့ကျွန်တော် ချစ်သူတွေဖြစ်သွားကြတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



## ပန်း....

ခပ်ဟဟ တံခါးဝမှာရပ်ကာနားထောင်ရင်းက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း အံကိုခပ်တင်းတင်းစေ့ထားမိသည်။ နေ့လယ်ခင်းက သွယ်တို့တစ်သိုက် . . ဟားကာဆိုခဲ့သော စကားတို့သည် အမှန်တွေချည်းသာ ဖြစ်သည်။

ကြည့်ဦး . . . ပန်းနုတစ်ယောက် တခစ်ခစ်နှင့်ဖုန်းတွေ ပြောကာနေသည်။ 'နားရှက်တယ်' ဆိုတာတွေရော . . ဘာတွေရော။

"ကိုစိုင်းဆိုတဲ့ ရှင့်ကို အရမ်းမုန်းတယ်' ဆိုတာက ပါသေးသည်။ မုန်းတယ်လည်းဆိုသေး မုန်းသောစကားကိုပင် ခိုးခိုးခစ်ခစ် ရယ်ရင်းက ဆိုနေပြန်သည်။

သေချာသွားပြီဖြစ်သည်။ သွယ်တို့ပြောသော စကားအားလုံးသည် လုံးဝဥဿုံသေချာသွားခဲ့ပြီဖြစ်သည်။

သူမ အခန်းကို သူမပြန်လာခဲ့ရင်း ခုတင်ပေါ်မှာ ထိုင်ကာ တစ်ယောက်တည်း ဘယ်သူ့ကိုဒေါသထွက်လို့ ထွက်ရမှန်းမသိ ဖြစ်ကာနေသည်။



နေ့လယ်ခင်းက သူမ အရှက်ကွဲခဲ့သမျှသည် တကယ်တော့ အမှန်များသာ။ ဒီနေ့ နေ့လယ်ခင်းက သွယ်က လာခဲ့ပါဦးဆို၍ ဆိုနေကျ အအေးဆိုင်ကို သူမရောက်သွားခဲ့သည်။

ကိုစိုင်းနှင့်ပန်းနုကိစ္စကို လုံးဝမသိသော သူမ သွယ့်ထောင်ချောက်မှာ လုံးလုံးမိသွားခဲ့ခြင်းဖြစ်သည်။ နေ့လယ်က . . . .

www.burmeseclassic.com



သူမ အဖေးဆိုင်ထဲဝင်လာသည်ကိုကြည့်ရင်း ဘွယ်သွယ် အပါအဝင် သူငယ်ချင်းတော်တော်များများက ပြုံးစိစိဖြင့် သူမကို ကြည့်နေကြသည်။

"စန္ဒီရေ . . အခုပဲ စန္ဒီနဲ့အိုင်နဲ့ အလောင်းအစားလုပ်ထားတာကို သူတို့နဲ့ပြောနေကြတာ . . ."

"ဟုတ်လား . . ."

ထုံးစံအတိုင်းပင် သူမက ဆရာမကြီးစတိုင်လ်ဖမ်းကာ ဝိုင်းထဲမှာ ဝင်ထိုင်ဖြစ်သည်။ စားပွဲခုံပေါ်မှာ တင်ထားသောဓာတ်ပုံကို အမှတ်မထင်ကြည့်မိတော့ ကိုစိုင်း၏ ပုံဖြစ်နေသည်။

"ဒီပုံက . . ."

"အိုင် ခိုးရိုက်ထားတာပါ . . သူတို့တွေကို ပြချင်လို့ . . စန္ဒီနဲ့အိုင်နဲ့ပြောထားတဲ့ကိစ္စထဲမှာပါတဲ့လူကို သူတို့လည်း သိထားတော့ ကောင်းတာပေါ့ . . ."

"ဒါပေါ့ . . ."

သူမ တမင်ပင် ဖော်လိုလိုက်ပစ်လိုက်သည်။ ဘော်ဒါတွေ





အားလုံးကို အထက်စီးမှနေ တောက်လျှောက်ပေါင်းလာခဲ့သည်မို့ သူမ အံ့သြတာမျိုး၊ မသိလိုက်လို့ ကျွန်ခဲ့တာမျိုး အဖြစ်ခံလို့မရ။

"စန္ဒီက အဲဒီလူ တစ်လအတွင်း Propose လုပ်လာလိမ့်မယ်ဆိုပြီး စိန်ခေါ်ထားတယ်ဆိုတာရော Note Book တစ်လုံးကြေးအပျင်းပြေလောင်းထားတာကိုရော ပြောပြနေတာလေ . . ."

"ဟုတ်တယ် . . အိုင်က သွယ့်ဆီက Note Book တစ်လုံးကို တစ်လမပြည့်ခင်မှာ ရဦးမှာသိလား . . အပေါင်းဟင်း . . ."

တမင်လုပ်ကာရယ်သော သူမ၏ စကားအဆုံးမှာ သွယ် အပါအဝင် သူမ၏ သူငယ်ချင်းများအားလုံးက လိုက်ရယ်ကြသည်။ သို့သော် . . . ဤအချက်ကို သူမ သဘောမကျ။ သွယ်နှင့်ကျန် သူငယ်ချင်းများ ရယ်နေသည့်ပုံစံက သူမ၏ စကားကြောင့် ရယ်ခြင်းနှင့်မတူဘဲ သူမကို ဝိုင်းလှောင်သလို ရယ်နေခြင်းဟု သူမ ခံစားသိရှိနေသည်။

"စန္ဒီ . . အိုင့်ဆီက Note Book လိုချင်တဲ့ စိတ်ကူးယဉ်မှုတွေကို အခုပဲ ရပ်လိုက်ရင်ကောင်းမယ် သိလား . . စန္ဒီကသာ ကိုစိုင်းဆိုတဲ့လူက တစ်လအတွင်း ယူ့ကို Propose လုပ်လိမ့်မယ်လို့ ကြွေးကြော်ထားပေမယ့် ဒီလူကတော့ နေ့တိုင်း သူ့ကောင်မလေးနဲ့ လျှောက်လည်နေသလားမှ မသိတာ။ တစ်ခါမှလည်း ယူနဲ့တွဲသွားတွဲလာ မတွေ့ဘူး . . ."

ခနဲ့တဲ့တဲ့ဆိုသောစကားကြောင့် သူမ နင်ခနဲဖြစ်သွားရသည်။

"သွယ်ရယ် . . . ယူပြောပုံက အိုင်ကပဲ ယူ့ရှေ့မှာတွဲပြရမလိုဖြစ်နေပြီ။ တစ်လမပြည့်သေးခင်မှာ ကိုယ် ယူ့ကို ဘာမှစိုးရိမ်စိတ်မဝင်စေချင်ဘူး . . .။ ဒီလို ယူမြင်ချင်နေမှန်းသိရင် မနေ့က အိုင်တို့နှစ်ယောက် အတူရှိနေချိန်မှာ ယူ့ကို လှမ်းခေါ်လိုက်ပါတယ်"



www.burmeseclassic.com

ခပ်တည်တည်ဖြင့် ဟောက်စားလုပ်နေသော သူမ၏ စကားကို သွယ်တို့တစ်သိုက်က ဝါးခနဲ ပြက်လုံးတစ်ခုကို ရယ်သလို ရယ်သည်။

"ယူတို့ ဘယ်အချိန်မှာ အတူတူရှိနေပါလိမ့် . . ."

"(၁၀) နာရီကနေ ညနေ (၃)နာရီလောက်အထိပေါ့။ (၁၀) နာရီကျော်ကျော်မှာ အိုင်တို့ ရုပ်ရှင်ကြည့်ကြသေးတယ်လေ။ ရုပ်ရှင်ပြီးတော့ Lunch အတူတူစားပြီးမှ လမ်းခွဲကြတာ . . ."

သူမ၏ စကားအဆုံးမှာ သွယ်တို့က ရယ်မောကြပြန်သည်။

"နေပါဦး စန္ဒီရဲ့ အဲဒီကိုစိုင်းမှာ အမြွှာညီအစ်ကိုတွေ ဘာတွေများရှိနေလား . . ."

အရယ်တစ်ဝက်ဖြင့် မေးသော သွယ်သွယ့်စကားကို သူမ ပြန်ရယ်ပစ်လိုက်သည်။ ကိုစိုင်းက တစ်ဦးတည်းသော သားမှန်း သူမ သိပြီးဖြစ်သည်ကိုး . . .။

"သူက တစ်ဦးတည်းသော သားပါကွ . . ဒါနဲ့ ဘာဖြစ်လို့ မေးတာလဲ . . ."

"ယူ့ရဲ့ စိတ်ကူးယဉ် ဇာတ်ကွက်တွေကို လိမ်ဆင်တွေဆိုတာ သိစေချင်လို့ မေးတာပါ . . . သူ မနေ့က ယူပြောတဲ့အချိန်မှာ သူ ကောင်မလေးလို့ ယူဆရတဲ့ ကောင်မလေးနဲ့ အတူရှိနေခဲ့တယ်"

"သူ . . . အိုင်နဲ့ ရုပ်ရှင်ကြည့်နေခဲ့တာပါ . . ."

ဖျတ်ခနဲ သူမ မျက်လုံးစုံမှိတ်ကာ ငြင်းဖြစ်သည်။ ဟန်ကိုယ့်ဖို့ဟူသော စကားရှိနေသည်ကိုး။ သွယ်သွယ်က ခေါင်းကိုဖြည်းညင်းစွာခါသည်။

"သူ မနေ့က ကန်တော်ကြီးမှာ ရှိနေတယ် . . စန္ဒီ . ."

"ဟုတ်တယ် . . ငါတို့လည်း တွေ့ခဲ့တယ် . . ."

သူမ၏ ဘော်ဒါတဖြစ်လဲ သွယ်၏ ဘော်ဒါကဆိုသည်။ ဖြန်



ခနဲ သူမ မျက်နှာပူသွားရသည်။ သွားပြီ။ ခပ်တည်တည်နှင့် လိမ့်မိသမျှ ဘူးပေါ်သလို ပေါ်ကုန်ပြီဖြစ်သည်။

"မဖြစ်နိုင်တာ . . ."

"သူနဲ့ကန်တော်ကြီးမှာ အတူရှိနေတဲ့ကောင်မလေးကို စန္ဒီလည်းသိတယ် . . သူ့ဘေးက ကောင်မလေးကိုကြည့်ပြီး အိုင်တို့တောင် အတော်အံ့ဩသွားကြတာ . . အဲဒီကောင်မလေးက ဘယ်သူလဲ သိလား . . ."

". . . . . . . . . ."

"ပန်းနုပဲ . . . ."

"ဘာ . . . ."

မျက်စိကိုစင်းရင်း တိကျစွာဆိုလာသော သွယ့်ကို သူမ အံ့ဩစွာ 'ဘာ' ဟု ရေရွတ်မိသည်။

"အပွဲပွဲမှာ မင်း ငါ့ကိုရော . . သူငယ်ချင်းတော်တော်များများကိုပါ . . မင်း အနိုင်ရခဲ့ပါတယ် စန္ဒီ . . . ဒါပေမယ့် ဒီပွဲမှာတော့ မင်းရှုံးသွားပြီ . . . ."

သူမ ငြင်းဆန်ရန်စကားလုံးရှာနေဆဲမှာ သွယ်သွယ်က သူမ၏ ဘေးလွယ်အိတ်ထဲမှ ဓာတ်ပုံတစ်ထပ်ကို သူမ စားပွဲပေါ်သို့ ပစ်ချသည်။

ယူကြည့်စရာပင်မလို . . . . .။

ပျံ့ကြဲနေသော ဓာတ်ပုံများပေါ်မှာ ကိုစိုင်းနှင့်ပန်းနု ယှဉ်တွဲဓာတ်ပုံတွေကို ကန်တော်ကြီးပန်းခြံရှုခင်းနောက်ခံနှင့်အတူ အသေအချာကြီးမြင်နေရသည်။

"ဒီမှာ မျက်မြင်သက်သေတွေရှိတယ် . . သူတို့နှစ်ယောက်ကို အိုင် တစ်ယောက်တည်းမြင်တာ မဟုတ်ဘူး . . သူတို့လည်း မြင်သည် . . ."

www.burmeseclassic.com



သွယ်သွယ်က အထက်စီးမှအသာရနေသူပီပီ သူမ၏ ဘော်ဒါများကို မျက်လုံးဖြင့် ဝေ့ပြရင်းဆိုသည်။

"ယူ့ရှေ့မှာရှိတဲ့ ခါတ်ပုံတွေကလည်း အိုင့်ရဲ့ သက်သေတွေ ထဲက တစ်ခုပဲ စန္ဒီ . . . ဒီ့ထက်သေချာချင်ရင်တော့ ယူ့ရဲ့ညီမ ပန်းနု ကိုပဲဖြစ်ဖြစ်၊ ယူ့ရဲ့ စိတ်ကူးယဉ်လူသား ကိုစိုင်းဆိုတဲ့ လူကိုပဲဖြစ်ဖြစ် မေးကြည့်လို့ရတယ် . . ."

သူမ့ ဘာကိုပြောရမှန်းမသိအောင် ပူထူကာဆွံ့အနေမိသည်။

"စောစောက သူပြောတော့ . . . ရုပ်ရှင်အတူတူကြည့်နေကြတာဆိုပဲ . . ."

"ဟားဟား . . . ."

"ဟက်ဟက် . . အဟက်ဟက် . . ."

မိန်းကလေးတန်မဲ့ ဝေါခနဲရယ်ချသော သူငယ်ချင်းများကို ကြည့်ရင်း သူမ ငိုချင်သလိုလိုဖြစ်လာသည်။

ကွဲပြီ . . .။

ဒီတစ်ခါမှ အရှက်ကို ဟက်တက်ကွဲတာဖြစ်သည်။

"နင့်ညီမ . . မင်္ဂလာဆောင်ကျရင် အိုင်တို့ကို ဖိတ်ဖို့မမေ့နဲ့နော် . . သူတို့နှစ်ယောက်က လိုက်ဖက်တော့ မင်္ဂလာဆောင်တို့ တက်ပြီး ချီးမြှင့်ပေးရမှာပေါ့ . . ကိုယ့်အတွက် Laptop တစ်လုံး ရှာပေးခဲ့တဲ့ မဟာ မဟာကျေးဇူးရှင် တွေလည်း ဖြစ်ပြန်ဆိုတော့လေ . . . လာချင်လွန်းလို့ပါ ဖိတ်ဖြစ်အောင် ဖိတ်ဦးနော် . . . စန္ဒီ . ."

ပြောရင်း သွယ်သွယ်က အာခေါင်ကိုခြစ်ကာ ခြစ်ကာ ရယ်သည်။ ပြီး ရယ်နေခြင်းကို တီခနဲရပ်ပစ်ကာ မျက်နှာကိုတည်ရင်း . .

"(၁၅)ရက်ကြာပြီးရင် ဒီအချိန် ဒီနေရာမှာ ဆုံမယ်စန္ဒီ ဘာအတွက်ကြောင့်လဲလို့တော့ မမေးနဲ့နော်။ နင်ရဲ့ ရှုံးနိမ့်မှုအတွက်



ငါရမယ့် Note Book ကို ကိုစိုင်းရဲ့ဆိုင်မှာ လိုက်ယူမလို့ . . ကဲ . . ငါသွားပြီ . . ဪ . . စိတ်ကူးတွေလည်း သိပ်မယဉ် တော့နဲ့နော် . . ရူးသွားတတ်လို့ပြောတာ . . အဟက် ဟက် . ."

ရယ်ရင်းပြောရင်း ရယ်ရင်းမောရင်းဖြင့် ထွက်သွားသော သွယ်သွယ်တို့အုပ်စုကိုကြည့်ရင်း သူမတစ်ယောက်တည်းဆိုင်ထဲမှာ ကျန်ရစ်သည်။

သူမရှေ့မှ စားပွဲပေါ်မှာတော့ သက်သေခံဓာတ်ပုံများ။ ပြီးတော့ ကျဲပျံ့ကြကုန်ပြီဖြစ်သော သူမ၏မာနနှင့်သိက္ခာများ . . .။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်......။

'အခုတော့လည်း ဘာကိုမှမေးနေဖို့မလိုတော့။ မ . . လို . . တော့။ ခပ်ဟည်တည်ဖြင့် လှိမ့်ခဲ့သမျှ ဘူးပေါ်သလိုပေါ်ကုန်သကဲ့သို့ လိမ်ညာခြင်းကြောင့်လည်း အရှက်တို့ရခဲ့သေးသည်။

အားလုံး၏တရားခံက ပန်းနု . .။ တကယ်ဆို ညီအစ်မချင်း ဒီကိစ္စတွေကိုသာ စောစောစီးစီး ဖွင့်ပြောခဲ့လျှင် သူမ ဤကဲ့သို့အရှက်တကွဲ အကျိုးနည်းဖြစ်ရမည်မဟုတ်။ 'တွေ့ဦးမယ်' ဟု သူမ ပန်းနုကို ကြိမ်းထားဖြစ်သည်။

ကိုစိုင်းကိုရော . . . .

ထိုလူကိုလည်း မကျေနပ် . . ။ သူမဘက်ကချည်း တောက်လျှောက် တစ်ဖက်သတ် ဆက်ဆံခဲ့သမျှ . . အရှက်ရခဲ့တာပဲ အဖတ်တင်သည်။

တကယ်တော့ ကိုစိုင်းကိုရော . . ပန်းနုကိုပါ . . မကျေနပ် . . ဖြစ်နိုင်လျှင်နှစ်ယောက်စလုံးကို မကျေမနပ်ဖြင့် အသေသတ်ချင်





သည်။ ကံကြမ္မာကလည်း သူမကို အရှုံးတွေချည်း ရင်ဆိုင်စေခဲ့သည်။ အမှန်ဆို သူမကို အရှက်ရစေသော၊ ရှုံးနိမ့်စေသော ထိုနှစ်ယောက်တို့ တစ်နည်းနည်းဖြင့်တော့ ကလဲ့စားချေချင်သေးသည်။

မုန်းတီးစိတ်၊ နာကြည်းစိတ်တို့ဖြင့် သူမ မျက်ရည်သွင်သွင်ကျရင်း အံကိုသာ ခပ်တင်းတင်းကြိတ်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ တလောကပဲ Note Book တစ်လုံး ဝယ်သွားသေးတယ် မဟုတ်လား . . ."

"ဟုတ်တယ် . . ဒါပေမဲ့ အဲဒီတုန်းက ဝယ်ထားတဲ့တစ်လုံးကို မသုံးချင်တော့ဘူး . . Model ကလည်း ဘာပဲပြောပြော။ တစ်လလောက် အောက်သွားပြီမဟုတ်လား . . အဟင်းဟင်း . ."

မေးတဲ့လူက မေးပြီး၊ ဖြေတဲ့လူကလည်း အနှောင့်မလွတ်အသွားမလွှတ်တွေ ဖြေနေသည်။ သူမ ဒေါသစိတ်ကို အစွမ်းကုန်ချုပ်တည်းပြီး နှုတ်ခမ်းကိုသာ တင်းတင်းစေ့ထားဖြစ်သည်။

"စန္ဒီ နေမကောင်းဘူးလား . . ."

စကားတစ်ခွန်းမှမဆိုသော သူမကို ကိုစိုင်းက မေးသည်။ သူမက 'ကောင်းပါတယ်' ဟု ဝတ်ကျေတန်းကျေဖြေဖြစ်သည်။

"ယူ သွေးတိုးနေတာတော့ မဟုတ်ပါဘူးနော် . . ."

ကိုစိုင်းတစ်ဖက်အလှည့်မှာ သွယ်သွယ်က ကပ်ပြီးခနဲ့သလိုရွဲ့သလို ဆိုသည်။ ပြီး . . .



"အခု အိုင်ရွေးထားတဲ့ Note Book က ဈေးသိပ်မကြီးပါဘူး စန္ဒီရာ . . အဟက် . . ."

သူမ တမင် မကြားချင်ယောင်ဆောင်နေလိုက်သည်။ ရှိဆတော့ . . . .။

"ကိုစိုင်း . . မင်း မနက်ဖြန် မယုကို အမျိုးသမီးဆေးရုံကြီးမှာ ဗိုက်လိုက်ပြဦးမှာ မဟုတ်လား . . . ဘယ်အချိန်လဲ . ."

"အေး . . (၁၀)နာရီကွ . . ."

"သူ့အိမ်က ဘယ်သူပါဦးမလဲ . . ."

"ဘယ်သူမှမပါဘူး . . ငါနဲ့သူနဲ့ နှစ်ယောက်တည်းသွားရမှာ . . မသိတဲ့လူဆိုရင်တော့ ငါ့ကို ဗိုက်ကြီးသည်ယောကျ်ားလို့ ထင်မှာပဲ။ ပြီးတော့ မယုကလည်းကွာ ဗိုက်တစ်ခါပြ တစ်ခါငိုပဲ . ."

"ဘာဖြစ်လို့လဲ . . သူ့ယောကျ်ားက မအားလို့လား . . အဲဒီယုကရော ဘယ်သူလဲ . . . ဘော်ဒါလား . . ."

ဖျတ်ခနဲလင်းလာသော စိတ်ကူးနဲ့အတူ သူမ မေးဖြစ်သည်။ ကိုစိုင်းက ဆတ်ခနဲ ဝင်မေးသော သူမကိုကြည့်ရင်း . . . .

"ဩော် . . မယုဆိုတာက ဒီဆိုင်က အရောင်းစာရေးမလေ . . ရှေ့တလောကပဲ သူ့ယောကျ်ားက ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားတာ . . သူ့မှာ ကိုယ်လေးလက်ဝန် အရင့်အမာကြီးနဲ့ကျန်ခဲ့တာလေ . . . ကိုယ့်ဆိုင်က ဝန်ထမ်းဆိုတော့ ခွင့်ယူထားပေမယ့် လိုက်စောင့်ရှောက်ပေးနေရတယ် . . မယုမှာက အသက်ကြီးနေတဲ့ မုဆိုးမအမေကြီးနဲ့ပဲ နေရတာလေ . . . ဒီတော့ သူဗိုက်ပြမယ့်ရက်ကို ကိုယ်ဆိုသုံးယောက်ပဲ အလှည့်ကျလိုက်ပေးနေရတယ်။ မနက်ဖြန်က ကိုယ့်အလှည့် . . သိတယ်မဟုတ်လား . . အမျိုးသမီးဆေးရုံလေ . . အဲဒီမှာ သွားပြရမှာ . . ."

ကိုစိုင်းက သူမကိုရှင်းပြသည်။ သွယ်သွယ်က . . .

www.burmeseclassic.com



"ယူကာ စပ်စု တယ်နော်"

ဟုမဲ့ကာရွဲ့ကာဖြင့်ဆိုသည်။ Note Book အတွက် အောင့်သက်သက်ဖြင့် ငွေချေပေးပြီး ပြန်လှည့်အထွက် သွယ်သွယ်က Note Book ကို ပွေ့ထားရင်း . . .

"Thank You ပဲ စန္ဒီရေ . . ဒီ Note Book ဟာတော့ ကိုယ့်အတွက်လုံးဝ အမှတ်တရပဲ . . ဒီကောင့်ကို အောင်သေအောင်သားလို့ ပြောရမလားပဲနော် . . ဘာပဲဖြစ်ဖြစ် . . ပန်းနုတို့မင်္ဂလာဆောင်ကိုတော့ ဖိတ်ဖြစ်အောင်ဖိတ်နော် . . သွားတော့မယ် . . တာ့တာ"

လမ်းအခွဲမှာ အိုဗာအက်တင်တွေနှင့်တမင်လူကို ချိုးသွားသော သွယ်သွယ့်ကိုကြည့်ရင်း သူမ ကြိမ်းဝါးဖြစ်သည်။

"ပန်းနု မင်္ဂလာဆောင်တဲ့လား . . အေး . . မင်္ဂလာဆောင်ဆိုရင်တောင် ပန်းနုရဲ့သတို့သားက ကိုစိုင်းမဖြစ်စေရဘူး . . ငါလုပ်ပြမယ် . . ."

တွေးရင်း သူမ ကျေနပ်စွာပြုံးဖြစ်သည်။

သူမ နားထဲမှာ လွန်ခဲ့သော(၁၅)ရက်ခန့်က လှောင်ရယ်သံတွေကို ပြန်ကြားယောင်နေမိသည်။ ပြီး Note Book ကို ချက်ချင်းမဝယ်နိုင်သေးဘဲ (၁၅)ရက်ခန့်ရက်ခွာထားပြီး သူမဆီ နှစ်ရက်တစ်ခါခန့် ဖုန်းဆက်ကာ Model အသစ်ရောက်ပြီလား စုံစမ်းပေးဖို့ . . . ဆိုတတ်သော သွယ်သွယ်၏ ခနဲ့စကားများ . . . အားလုံးကို သူမ ပြန်ပြန်ကြားနေသည်။

သွယ်အွယ် သူမကို ဖုန်းဖြင့်ပြောခဲ့သည်က . . . .

"ငါ့ရဲ့အောင်မြင်မှုကို (၁၅)ရက်လောက် အသိအမှတ်ပြုပြီးမှ ဝယ်ပေးနော် သူငယ်ချင်း . . . အခု ဝယ်နိုင်းရင် ယူက အခုဝယ်ပေးနိုင်တယ်ဆိုပေမယ့် အိုင်က ယူ့ကို ပညာရပြီး မှတ်မှတ်ရရလေးဖြစ်အောင်လို့ အချိန်ဆွဲပေးတာပါ . . ပြီးတော့ Model အသစ်



ပဲ အိုင်က ကိုင်ချင်တာလေ။ ခုနေ ဝယ်လိုက်ရင် အိုင်ဝယ်ထားတဲ့ Model အဟောင်းနဲ့ ပစ္စည်းချင်း ဆင်နေမှာစိုးလို့ . . ."

အခုတော့လည်း အချိန်ဆွဲကာ ညှင်းဆဲခဲ့သော သွယ်သွယ့်ကို ကျေးဇူးတင်ရမည်။ သွယ်သွယ့်ကြောင့် ဆိုင်သွားရင်း ကြားခဲ့ရသည့် သူမ နားထဲမှ ကိုစိုင်းပြောသော 'အမျိုးသမီးဆေးရုံ' ဆိုသည်နှင့် မနက်ဖြန် (၁၀)နာရီဆိုသည်ကို ပြန်ပြန်ကြားယောင်မိနေသည်။

သူမ ဖျတ်ခနဲ နာကြည်းစွာ ပြုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား မေမေ . . ငိုပြီးတော့ ထွက်လာတဲ့ဗိုက်ကြီးသည်ကိုချော့ရင်းထွက်လာတဲ့လူက ကိုစိုင်းဆိုတဲ့ ပန်းနုရဲ့ရည်းစားပဲ . . ဒီဗိုက်ကြီးသည်က သူ့မယားငယ်တွေထဲက ဘယ်နှယောက်မြောက်လဲဆိုတာတော့ သမီး မသိဘူး . . ."

စန္ဒီ အံကိုကြိတ်ရင်း တစ်ခွန်းချင်းပြောပြဖြစ်သည်။ ဖေဖေက 'တောက်' ခနဲ တက်ကိုခေါက်သည်။ မေမေက . . . .

"ဘုရား . . ဘုရား . . သူကြည့်ရတာ ဒီသူငယ်က အချော ထဲကတော့ မဟုတ်လောက်ဘူး . . ရုပ်ကလေး သနားကမားနဲ့ကွယ် . . . စာရိတ္တက မိုက်ရိုင်းလိုက်တာ . . ."

သူမ ဆင်ထားသော အကွက်ထဲသို့ ဖေဖေရော၊ မေမေပါ ဝင်လာသည်ကိုကြည့်ရင်း သူမ ကြိတ်ပြုံးမိသည်။ ရက်ပေါင်း (၁၅) ရက်လောက် အိပ်ရေးပျက်၊ အစားအသောက်ပျက်ကာ အရှက်ရခဲ့သော ကိုစိုင်းဆိုသော လူသည် အခုတော့ လူယုတ်မာတစ်ယောက် ဘဝသို့ရောက်နေပြီဖြစ်သည်။



"မေမေ . . ဒီသူငယ့်ဓာတ်ပုံကို ပန်းနုရဲ့လက်ကိုင်ဖုန်းထဲမှာ တွေ့နေတာ တစ်ပတ်လောက်ရှိပြီ . . ."

"သူတို့ဖြစ်နေတာက တစ်လနီးပါးတောင်ရှိတော့မယ် မေမေရဲ့ . . ."

သူမ တမင်ပိုပိုသာသာဆိုဖြစ်သည်။ ကိုစိုင်းတစ်ယောက်ခမျာတော့ ဘာမှမသိရှာ။ ငိုနေသော မယုဆိုသည့်ကောင်မလေးကို ချော့ရင်း ကားတံခါးကို ဖွင့်ပေးကာနေသည်။

"သမီး ကြားဖူးသလောက်တော့ ဒီလူက မိန်းကလေးတွေကို ဖျက်ဆီးခဲ့သမျှ ကိုယ်ဝန်အရှိမခံဘူးတဲ့။ ဒီတစ်ယောက်ကတော့ ဘယ်လို ကိုယ်ဝန်ရလာလဲ မသိဘူး . . အခုလို ဆေးရုံလိုက်ပြ၊ လိုက်ကြိုလုပ်နေတာကိုသာ သူ့ရဲ့ မယားကြီးသိရင် မလွယ်ဘူး . ."

"ထွီ . . ရွံစရာကောင်းလိုက်တာ . . ကဲ . . ကဲ . . သွားမယ် . . ကြာကြာကြည့်ရင် အော့နှလုံးနာလို့ ငါ အန်မိလိမ့်မယ်"

ဖေဖေက ပြောပြောဆိုဆိုပင် ကားစက်ကိုနှိုးသည်။ ကိုစိုင်း၏ ကားနှင့်မလှမ်းမကမ်းမှာ သူမတို့ကားကိုရပ်ကာ စောင့်ကြည့်နေခြင်းဖြစ်သည်။ ဖေဖေနှင့်မေမေ့ကို ပန်းနုနှင့်ဖြစ်နေသော ရည်းစားသည် လူပျိုမဟုတ်ဟု သက်သေပြရန် သူမကြိုးစားခဲ့ခြင်းဖြစ်သည်။

"ပန်းနုက ဒီလူကို အရမ်းချစ်တာ ဖေဖေ . . အခုလက်ရှိအနေအထားကို ပြောပြလည်း ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး"

"လက်မခံလို့ရမလား . . ဒီလို စာရိတ္တမကောင်းတဲ့ လူနဲ့သွားယူရင် ခွေးဖြစ်သွားမှာပေါ့ . . ကိုယ့်တူမတစ်ယောက်လုံး ခွေးဖြစ်သွားမှာကို ဖေဖေကတော့ ထိုင်မကြည့်နိုင်ဘူး . . . ."

"ရှေ့တလောက ညီမရဲ့ပိုလ်ချုပ်ဈေးက ဆိုင်နီးနားချင်းရာဇာနဲ့ပြောကြည့်တော့ အစ်ကိုတို့တူမ ခါးခါးသီးသီးငြင်းခဲ့တာပဲလေ . . ဒါ ဒီသူငယ်ကြောင့်လားမှ မသိတာ . . ."

www.burmeseclassic.com

www.burmeseclassic.com



မေမေက ဖေဖေ့ကိုခပ်ရွဲ့ရွဲ့ဆိုသည်။

"မိန်းမ အဲဒီရာဇာနဲ့ ဒီတစ်ပတ်ထဲမှာ လက်မှတ်ထိုးပေးဖို့ စီစဉ်ထား . . မင်္ဂလာဆောင်တာက အေးအေးဆေးဆေးမှ ဆောင်လို့ရတယ် . . . လက်ဦးမှုရအောင် လက်မှတ်အရင်ထိုးထားပေးမှ ဖြစ်မယ် . . . စန္ဒီပြောသလိုသာဆို ပန်းနုက ဒီရက်ပိုင်းအတွင်းမှာ ဟိုကောင့်နောက်ကိုလိုက်မယ်လို့ စီစဉ်ထားတာတဲ့ . . ."

"ဒီကပြန်ရင် သူ့ဖုန်းကို သိမ်းထားမှဖြစ်မယ်။ ပြီးတော့ အိမ်ထဲက အိမ်ပြင်အထွက်ခံလို့ မဖြစ်ဘူး . . သမီး စန္ဒီ . . ."

"ရှင် . . . ."

"သမီးက ဒီရက်ပိုင်းအတွင်းကို အိပ်ရေးပျက်ချင်ပျက်ပလေ့စေ . . နေ့ရောညပါ သမီးရဲ့ညီမကိုစောင့်ကြည့်ထား . . အိမ်ထဲက အိမ်ပြင် မထွက်စေနဲ့ . . အိမ်ကခိုင်းထားတဲ့ ကလေးမတွေကိုလည်း ကြည့်ခိုင်းထား . . . ပြီးတော့ မောင်ရာဇာနဲ့လက်မှတ်ထိုးဖို့ကိစ္စကိုလည်း ဖျောင်းဖျထား . . . ."

"ဟုတ်ကဲ့ပါ . . စိတ်ချ မေမေ . . . သမီးကလည်း ကိုယ့်ညီမကို ဒီလိုလူနဲ့ မပေးစားနိုင်ပါဘူး . . တကယ်တော့ သမီးကြိတ်ပြီး သမီးတစ်ယောက်တည်း မရှင်းနိုင်တော့လို့ ဖေဖေနဲ့မေမေ့ကို အကူအညီတောင်းရတာပါ။ ညီမလေးအတွက် သမီးမှာ စိတ်ဆင်းရဲရလွန်းလို့ ညည . . အိပ်မပျော်တာတောင်ကြာပြီ . . . ."

သူမ အကယ်ဒမီရှော့ခ်ဖြင့် မျက်ရည်တွေဘာတွေဝဲကာ အပီအပြင် သရုပ်ဆောင်ပစ်လိုက်သည်။ သွားစမ်း . . . ပန်းနုအဖို့ ဒီတစ်သက် ကိုစိုင်းနှင့်မဖြစ်နိုင်တော့သလို . . ကိုစိုင်းသည်လည်း ပန်းနုနှင့်ဘယ်လိုမှ မဖြစ်နိုင်တော့။ ဖေဖေကတော့ တစ်လမ်းလုံး တက်တခေါက်ခေါက်နှင့်သာ နေတော့သည်။ သူမကတော့ ဘယ်သူမှ မသိအောင် ကြိတ်ပြုံးဖြစ်သည်။



စားပွဲပေါ်ပစ်ချလိုက်သော ဓာတ်ပုံများကို ပန်းနုက အံ့အားသင့်စွာ ကောက်ကိုင်၍ကြည့်သည်။ တကယ်တော့ ဤဓာတ်ပုံများအားလုံးသည်း သွယ်သွယ် စန္ဒီ့ကို ပညာပေးခဲ့သော အနိုင်ပိုင်းယူသွားသော ပုံများဖြစ်သည်။ သွယ်သွယ့်အဆို သက်သေခံဓာတ်ပုံများ။

ဖေဖေက ပန်းနုရှေ့မှာချထားသော ပန်းနု၏ဖုန်းကို ယူကာ ကြမ်းပေါ်ပစ်ခွဲပစ်လိုက်သည်။

"ဝုန်း . . ."

"ဦးလေး . . ဘာ . . ဘာဖြစ်လို့လဲဟင် . . .'

"ဘာဖြစ်လဲ မေးမနေနဲ့ ပန်းနု . . . အဲဒီကောင်နဲ့နင်နဲ့ လုံးဝသဘောမတူဘူး . . ဒါပဲ . . ငါ့မျက်နှာကို အိုးမည်းသုတ်ဖို့ မကြိုးစားနဲ့ . . . ."

ပန်းနုတစ်ယောက် မျက်ရည်များရစ်ဝိုင်းကာ ဖေဖေ့ကို အံ့အားတသင့်ကြည့်နေသည်ကို မြင်ရသောခဏ စန္ဒီ ပန်းနုကို နည်းနည်းတော့ သနားသွားရသည်။ သို့သော် သူမ စထားသည့်ဇာတ်မို့ ဇာတ်သိမ်းရောက်သည်အထိကတော့ ကရုဏာမလိမ့်မည်။

"အဲဒီကောင်နဲ့တော့ လုံးဝမဖြစ်နိုင်ဘူး ပန်းနု . . ဒေါ်လေးတို့ စီစဉ်ပေးတဲ့ ရာဇာနဲ့ပဲ ပန်းနုကို လက်ထပ်စေချင်တယ် . ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး . . ဦးလေးတို့ ဒေါ်လေးတို့ ဒီလိုပေါက်ကွဲနေရတဲ့အကြောင်းရင်းက ဘာလဲ . . ကိုစိုင်းမှာ ဘာအပြစ်ရှိလို့သဘောမတူရတာလဲ . . ."

"နင့်ကောင်က လူပျို့မှမဟုတ်တာ . . ဘာမှတော့ စောဒကတက်မနေနဲ့ ပန်းနု . . ဒီအပတ်ထဲမှာ ရာဇာနဲ့နင် ရုံးတက်ပြီး လက်မှတ်ထိုးရမယ် . . . ဒါပဲ . . ."

မေမေ့စကားကြောင့် ပန်းနု အံ့အားသင့်သွားသည်ကို ကြည့်ရင်း စန္ဒီ နည်းနည်းတော့ လိပ်ပြာမလုံသလို ခံစားလိုက်ရသည်။

"မဟုတ်သေးဘူးလေ ဒေါ်လေး . . ကိုစိုင်းက လူပျိုပါ"

"တော်စမ်း ပန်းနု . . . နင် အ,လို့ခံရတော့မယ့်ဆဲဆဲကို ငါတို့သိလို့ နင်ကံကောင်းသွားတယ်မှတ် . . နင့်ကို ငါတူမတော်လို့ချည်ရဲ့လို့ထင်နေတာ . . နင့်အစ်မ ခြေတစ်လှမ်းဦးသွားလို့ မဟုတ်ရင် နင်အခု အဲဒီကောင်ရဲ့ဘယ်နှယောက်မြောက် မယားငယ်ဖြစ်နေမလဲဆိုတာ မပြောနိုင်ဘူး . . တွေးတောင်မတွေးရဲဘူး . ."

ပန်းနုကဖေဖေ့ကိုကြည့်နေရာက သူမကိုလှမ်းကြည့်ပြီး 'စန္ဒီ' ဟု ယူကျုံးမရသံဖြင့် ခေါ်သည်။ ဖျတ်ခနဲ သူမ ပန်းနုနှင့်အကြည့်ချင်းမဆုံအောင်လွှဲဖြစ်သည်။

"စန္ဒီ . . ကိုစိုင်းလူပျိုဆိုတာ . . နင် . . နင်သိတယ်လေ"

အဆုံးစွန်ကြေကွဲနေသော အံ့အားသင့်ကာလှိုက်ခါနေသော ပန်းနု၏စကားကြောင့် သူမ 'ငါမှားနေပြီလား' ဟုတွေးမိသည်။ သို့သော် ဇာတ်ကဘယ်လိုမှပြောင်းလာလို့မရတော့ . . .။

သူမ ခေါင်းကိုခါပြဖြစ်သည်။

"နင် မသိသေးလို့ပါ . . ကိုစိုင်းက လူပျိုမဟုတ်ဘူး . . . ပန်းနု . . ."

"တော်စမ်းပါဟာ . . စန္ဒီ . . ဘာဖြစ်လို့ . . ဘာသက်သေ



နဲ့ နင် ကိုစိုင်းကို စွပ်စွဲနေရတာလဲ . . ."

"ပန်းနု တော်တော့ . . . ကိုယ့်အစ်မကို ကိုယ်အပြစ်မတင်နဲ့ . . . နင် တင်ချင်ရင် ကျေးဇူးတင်ရမှာ . . ."

မေမေက ပန်းနုကို လှမ်းမာန်သည်။ ဖေဖေက ယူကျုံးမရဟန်ဖြင့် တက်ကို ခပ်ပြင်းပြင်းခေါက်သည်။

"နေပါစေ မေမေရယ် . . သမီးရဲ့စေတနာကို သူတစ်နေ့တော့ နားလည်လာမှာပါ . . ."

ဖေဖေနှင့်မေမေ့ရှေ့မှာ သူမ သဘောထားကြီးချင်ယောင်ဆောင်ပစ်လိုက်သည်။ ပန်းနုကတော့ အံ့အားသင့်ဟန်ဖြင့် ပါးစပ်အဟောင်းသားဖြင့် သူမကိုကြည့်သည်။ ပြီး စူးခနဲကြည့်ရင်းက . .

"ဘာစေတနာလဲ . . . သူများချစ်ခြင်းကိုခွဲတဲ့စေတနာလား . . ဝန်ခံလိုက်ပါ စန္ဒီ နင်မနာလိုဖြစ်နေတာ မဟုတ်လား . ."

"ဘာ . . ."

သူမ လိပ်ပြာမလုံစွာ။ တစ်ကိုယ်လုံး တုန်ရင်သွားသည်အထိ ဒေါကန်သွားရသည်။

"တော်ကြစမ်း . . ."

ဖေဖေ့အသံဝါကြီးနှင့်ဆိုသည်မို့ ပြောလုပြောခင် ပြောခါနီး စကားလုံးများအားလုံး သူမ နှုတ်ဖျားမှထွက်ကျမလာသလို ပန်းနုထံမှလည်း ရှိုက်သံသဲ့သဲ့သာထွက်လို့လာသည်။

"အိမ်တံခါးရော . . ဝင်းတံခါးရော . . သေသေချာချာ သော့ခတ်ထားစမ်း . . ဘယ်ညှော်သည်မှ အဝင်မခံနဲ့။ ပန်းနု နင်လည်း ဒီနေ့ကစပြီး အိမ်ထဲကအိမ်ပြင်ထွက်ဖို့ စိတ်မကူးနဲ့ . . ဒါပဲ"

ဖေဖေက သူတူမကို ငေါက်ငမ်းကာ သူမကိုပါ အိမ်တံခါးသော့ခတ်ထားရန် ထပ်မှာသည်။ အိမ်မှာခိုင်းထားသော ကောင်မလေးနှစ်ယောက်ကိုပါ အထပ်ထပ်အခါခါမှာနေသံကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသောအခါ ဖေဖေနှင့်မေမေရဲ့ ကားထွက်သွားသံကို သူမကြားရသည်။ စောစောကအခန်းထဲဝင်သွားသော ပန်းနုက ဖျတ်ဆိုအခန်းထဲမှ ပြန်ထွက်လာပြီး ဧည့်ခန်းထဲမှ သူမရှိရာကို လျှောက်လာသည်။

"စန္ဒီ . . ."

"ငါ နင်နဲ့ပြောစရာ စကားမရှိဘူး ပန်းနု"

"ဘာဖြစ်လို့လဲ . . ငါ့မှာဘာအပြစ်ရှိလို့ နင်ဒီလိုလုပ်ရတာလဲ"

ရှိုက်နေရင်းကမေးသော ပန်းနုကိုကြည့်ရင်း သူမ စိတ်မကောင်းဖြစ်သွားရသည်။ သို့သော် သူမ အရှက်ကွဲခဲ့မှုနှင့် နှိုင်းစာပြန်လျှင်လည်း သူမ လုပ်ခဲ့သမျှမှန်သည်ဟု တွေးမိပြန်သည်။

ရန်လည်းမဖြစ်တတ်သော၊ ယယ်စဉ်ကတည်းက သူမ နှိုင်သလောက် ငုံ့ခံတတ်သော ပန်းနုတစ်ယောက်ကတော့ ဧည့်ခန်းဆက်တီပေါ်မှောက်ကာ ငိုရှိုက်ရင်းကျန်ခဲ့သည်။

သူမကတော့ သူမ၏အခန်းထဲဝင်ကာ ခုတင်ပေါ်မှောက်အိပ်ရင်း စီးကျရှုပ်နေမိသည်။

ဒေါသထွက်ထွက်ဖြင့် ရှက်ရမ်းရမ်းကာ ယင်ရာစွတ်လုပ်ပြီးခါမှ သူမ 'မှားနေပြီ' ဟု သုံးသပ်မိကာနေသည်။

တကယ်တမ်းတွေးမိပြန်တော့လည်း ပန်းနုမှာရော၊ ကိုစိုင်းမှာပါ အပြစ်မရှိ။ အပြစ်တကယ်တမ်းရှိသူက သူမ . . သူမ လုပ်ထားသမျှကို အမှန်အတိုင်းသာ ဖေဖေတို့သိသွားပါက မိုးမီးလောင်သွားလိမ့်မည်။

သူမ အမှန်အတိုင်း ဝန်ခံလိုက်ရင်ကောင်းမလား။ ဒီအတိုင်းပဲဇွတ်မှိတ်ကာကိုယ်စထားသောဇာတ်ကို ကိုယ်ဆက်ကရမလား။

တွေးရင်း တွေးရင်းဖြင့် သူမ ခေါင်းတွေပူကာလာသည်။

ပန်းနုရေ . . ငါ့ကို ခွင့်လွှတ်ပါဟာ . . . . ။



"အဲဒါကြောင့် နေမှာပေါ့ . . သူဟာန်းဖုန်းကိုရော . . အိမ်ဖုန်းကိုရော ဆက်လို့မရဘူး . . သူ့အိမ်က ခိုင်းထားတဲ့ကောင်မလေးတွေကလည်း အိမ်ရှင်လင်မယားကို ကြောက်တော့ ငါတို့ကိုတောင် တံခါးဖွင့်မပေးရဲဘူး . . ဒီကိစ္စတွေကိုတောင် တောင်တော်အစ်ခဲ့ရတာ . . သူတို့ပြောတာကတော့ လူတစ်ယောက်နဲ့ပန်းနုကို ဇွတ်ပေးစားကြမှာတဲ့ . . ။ သူ့လက်ရှိရည်းစားနဲ့ သဘောမတူလို့တဲ့ ဟ"

မူယာ့စကားကြောင့် ကျွန်တော့်ရင် ပူခနဲဖြစ်သွားရသည်။ ပန်းနုရယ် . . ကျွန်တော့်ကြောင့် ပန်းနုခမျာ အိမ်ထဲမှာ စိတ်ပင်ပန်းမှုဒဏ်များကို ထွက်ပေါက်မရှိ ခံစားနေရရှာလိမ့်မည်။

"သူ့လက်ရှိရည်းစားဆိုတာ ကျွန်တော့်ကိုပြောတာပေါ့။ သဘောမတူရအောင် ကျွန်တော်က ဘာဖြစ်နေလို့လဲဗျာ။ ကြည့်ရတာ သူနဲ့ပေးစားမယ်ဆိုတဲ့လူက ပိုချမ်းသာနေလို့များလား . ."

"အဲဒါက ကိစ္စမရှိဘူး ကိုစိုင်း . . ဒီတစ်ပတ်ထဲမှာ ရုံးတက်ပြီး လက်မှတ်ထိုးခိုင်းမယ်လို့လည်း ပြောတယ် . . ဒီလိုသာဆိုဒီ ရက်ပိုင်းအတွင်းမှာ ပန်းနုကို အပြင်ခေါ်ထုတ်နိုင်မှဖြစ်မှာနော်။ မဟုတ်လို့ကတော့ မလွယ်ဘူး . . ."

www.burmeseclassic.com

www.burmeseclassic.com



ကေသီ၏စကားက ကျွန်တော့်ရင်ကို အဆုံးစွန်ထိ ပူလောင်ကာသွားစေသည်။ ဝေဒနာတစ်မျိုးက ရင်ဝကို လာလာဆောင့်ပြီး မွန်းကျပ်ကာနေစေသည်။

ဟုတ်သည်။

ပန်းနုကိုသာ ဒီရက်ပိုင်းအတွင်း ခေါ်မထုတ်နိုင်ပါက နှစ်ယောက်သား တစ်သက်စာ ဝေးရလိမ့်မည်။

"လာကွာ . . ငါတို့ ပန်းနုအိမ်ဘက်ကို အခြေအနေသွားကြည့်ရအောင် . . စန္ဒီက ငါတို့ကို မြင်ဖူးတာမဟုတ်ဘူး . . သူ့ကိုစိုင်းကိုပဲ သိတာဆိုတော့ တကယ်လို့ ပန်းနုသာ ငါတို့ကိုမြင်ရင် တစ်ခုခုတော့ သူလှုပ်ရှားနိုင်လိမ့်မယ် . . ."

သူရက တွေးတွေးဆဆဖြင့်ဆိုသည်။

"ငါလည်း အိမ်ရှေ့ထိမဟုတ်တောင် ခပ်လှမ်းလှမ်းက . . လိုက်ခဲ့မယ်ကွာ . . အခြေအနေပေးရင် ပန်းနုကို တစ်ခါတည်း . . ပြေးမယ် . . . ."

ကျွန်တော့် စကားကို ရန်နောင်က 'အဲဒါကောင်းတယ်' . . ထောက်ခံသည်။

"ကြည့်လည်းလုပ်ဦးနော် . . နင်တို့ကိုကြည့်ရတာ မထိ . . သာမလန့်သာရှိတယ် . . ."

ကေသီက ရင်ဘတ်ကိုဖိရင်းဆိုသည်။

"ရဲမှမင်းဖြစ်တယ်ဆိုတဲ့ စကားလည်း ရှိတာပဲကွာ . . . စားရမှာပေါ့ . . ."

ကျွန်တော် ထိုစကားကိုအံကြိတ်ကာဆိုဖြစ်သည်။ ရင်ထဲ . . တော့ ပူလိုက်အေးလိုက်ဖြင့် ပြောမပြတတ်သော ဝေဒနာတို့ . . နာကျင်ကာနေသည်။



# အခန်း

တံခါးကိုဖွင့်ကာ ဧည့်ခန်းထဲထွက်လိုက်သောအခါ စန္ဒီ့ကို ဆိုဖာပေါ်မှာအိပ်မောကျနေသည်ကိုတွေ့ရသည်။

နောက်မှ ဆတ်ခနဲပေါ်လာသောအရိပ်ကြောင့် သူမ သိပ်ပြာလွင့်မတတ် လန့်သွားရသည်။ ကြည့်လိုက်တော့ အိမ်မှာ ခိုင်းထားသောကောင်မလေး မိဝေ . .။ မိဝေက အိပ်မောကျနေသော စန္ဒီ့ကိုတစ်ချက်လှမ်းကြည့်ရင်း သူမလက်ထဲမှအရာတစ်ခုကို လာထည့်ပေးသည်။

ကြည့်လိုက်တော့ အိမ်သော့များ ဝင်းတံခါးသော့များကို တွဲထားပေးသော သော့တွဲကြီး။ သူမ မိဝေကိုထိုင်ရှိခိုးချင်စိတ်ပေါက်သည်အထိ ကျေးဇူးတင်သွားရသည်။ ကြည့်ရတာ မိဝေက သူမကိုသနားပြီး သူမဘက်တော်သားဖြစ်နေပုံရသည်။

မိဝေက 'သွားတော့ မမလေး' ဟု ခပ်တိုးတိုးဆိုသည်။ သူမ ခေါင်းညိတ်ပြရင်း ခြေသံကိုဖော့ကာ အိမ်တံခါးဆီ လျှောက်ခဲ့ဖြစ်သည်။

နောက်ကို ပြန်လှည့်ကြည့်တော့ စန္ဒီက အိပ်မောကျနေဆဲ။ သူမ အသက်ကိုပင် ပြင်းပြင်းမရှူရဲ။ အိမ်တံခါး၏သော့ခလောက်နှင့်

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သော့တံတား တော်တော်နှင့်မတည့်။ တုန်ရင်နေသောလက်အစုံကြောင့် ချော်ကာနေသည်။

နောက်ဆုံးတော့ သော့ကအဆင်ပြေပြေ ပွင့်ကာသွားသည်။ တံခါးကို သူမ ဖြည်းဖြည်းကြိတ်ကာ ဆွဲဖွင့်ကာမှ တံခါးက ကျွီခနဲ မြည်သည်။ သူမနားမှာတော့ တကယ့်ကို မိုးကြိုးပစ်သံလိုမျိုးကြီး ကြားရသည်။

ဖျတ်ခနဲ ရင်တလှပ်လှပ်ဖြင့် နောက်ပြန်လှည့်ကြည့်တော့ စန္ဒီက အိပ်နေဆဲ . . . ။

ဝင်းတံခါးဆီ သူမအပြေးလာသောအခါ ဝင်းတံခါးမှ 'ပန်းနု'ဆိုသော ခေါ်သံကိုကြားရသည်။ ကိုစိုင်းအသံမှ ကိုစိုင်းအသံ အစစ်။ သေသေချာချာကြည့်လိုက်သောအခါ ခြံတံခါးဝမှာ မျက်နှာငယ်လေးနှင့် ခြံဝင်းတံခါးမှသံချောင်းတို့ကို ကိုင်ကာရပ်နေသော ကိုစိုင်း။ သူမ အားတက်သွားသလို ငိုလည်း ငိုချင်သွားရသည်။

"ကိုစိုင်း . . ."

"ပန်းနု . . လာ အမြန်ထွက်ခဲ့ . . သော့ . . သော့ခတ်ထားလား . . ."

"သော့ပါတယ် ကို . . ."

"မြန်မြန်ဖွင့်လေ . . . ."

ဘေးမှာပါလာသော သူရက ဆော်သြသည်။

သူမ တုန်ရင်နေသော လက်အစုံဖြင့် သော့တံကိုရှာသည်။ ခြံဝင်းတံခါးသော့က ဒီသော့တွဲထဲမှာ ပါမလာ။

"သော့ . . သော့ . . ဘယ်ရောက်နေလဲ မသိဘူး . ."

"အာ . . ဒုက္ခပဲ . . . ရှိတဲ့သော့နဲ့ ဖွင့်ကြည့်ပါဦး . ."

သူမ သော့တွေတစ်ချောင်းပြီးတစ်ချောင်းနှင့်ဖွင့်ကြည့်သည် မရ . . . ။



တစ်ချောင်းပြီးတစ်ချောင်း၊ တစ်ချောင်းပြီးတစ်ချောင်း။ လူအားလုံး၏ အာရုံက သော့အိမ်နှင့်သော့တံဆီရောက်နေကြသည်။

"ပန်းနု . . . ."

နောက်မှခေါ်သော စန္ဒီ၏ခေါ်သံကြောင့် သူမတစ်ကိုယ်လုံး မိုးကြိုးပစ်ခံလိုက်ရသလို ထူပူတုန်ရင်သွားရသည်။ သော့တွဲက လက်ထဲမှ ဖျတ်ခနဲ လွတ်ကျသွားသည်။

"စ . . . စန္ဒီ . . . ."

သူမ ဝင်းတံခါးကို ကျောဖြင့် ဖိကပ်ထားရင်း စန္ဒီ့ကိုကြည့်ကာ အလန့်တကြားခေါ်မိသည်။ ဘယ်ကကျလာမှန်းမသိသော မျက်ရည်တို့က ဘသွင်သွင်စီးကျလာသည်။

"စန္ဒီ ကျေးဇူးပြုပြီး ပန်းနုကို ထွက်ခွင့်ပြုပါဗျာ။ ကျွန်တော် တောင်းပန်ပါတယ် . . . ."

ကိုစိုင်းက ခြံတံခါးဝမှလက်လျှိုကာ ပန်းနု၏လက်ကို ကျစ်နေအောင်ဆုပ်ကာ အားပေးရင်းက စန္ဒီ့ကို တောင်းပန်သည်။

စန္ဒီက သူမတို့အားလုံးကို ခံစားချက်မပါသလိုကြည့်ကာနေသည်။

"စန္ဒီ . . ငါ . . ရာဇာနဲ့လက်မထပ်ပါရစေနဲ့ . . ငါ တောင်းပန်ပါတယ်ဟာ . . နော် . . ."

ကိုစိုင်း ဆုပ်ထားသော သူမ၏လက်ကိုဆွဲယူကာ သူမ လက်အုပ်ချီရင်း ငိုယိုကာတောင်းပန်ဖြစ်သည်။ စန္ဒီက ခေါင်းကိုမော့ကာ ငြိမ်သက်နေသည်။

"စန္ဒီ . . ငါ့ကိုကူညီပါဟာ . . စန္ဒီ . . ."

ရှိုက်သံဖြင့် တောင်းပန်နေသော သူမကို အိမ်မှာခိုင်းထားသော တောင်မလေးနှစ်ယောက်က ပြတင်းပေါက်မှချောင်းကြည့်ရင်း သူမကဲ့သို့ လိုက်ရှိုက်ကာ ငိုနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



“ရော့ ....”

ဖျတ်ခနဲ စန္ဒီ့လက်ထဲမှ တစ်ချောင်းတည်းသော သော့က သူမရှေ့ကို ရောက်ရှိလာသည်။

“စ ... စန္ဒီ ....”

သူမ သော့ကို မယူဖြစ်သေးဘဲ စန္ဒီ့ကို ပြေးဖက်ထားမိသည်။ စန္ဒီကတော့ အသိစိတ်ကင်းမဲ့နေသူတစ်ယောက်လို တောင့်တောင့်ကြီးဖြစ်ကာနေသည်။

“သွားတော့ ပန်းနု .. နာရီဝက်ကြာရင် ရပ်ကွက်ထဲက ရပ်မိရပ်ဖတွေရယ်၊ ဖေဖေတို့ရယ်၊ ကိုရာဇာတို့ဘက်က လူတွေရယ် လာကြတော့မှာ ....”

စန္ဒီ့နှုတ်မှ ခံစားချက်မဲ့နေသော လေသံဖြင့် ဆိုလာသော စကားကြောင့် သူမတစ်ကိုယ်လုံး တောင့်တင်းသွားရသည်။

“ငါ .. ငါ .. သွားလို့ .. နင့် .. နင့်ကို ... ဦးလေးတို့က ....”

“ရတယ် ပန်းနု ... နင် သွားမှာသာ သွားတော့ ..”

ပြောပြောဆိုဆို စန္ဒီက ဝင်းတံခါးသော့ကို ချောက်ခနဲ ဖွင့်ကာပေးသည်။ သူမ တံခါးဖွင့်ဖွင့်ခြင်း ရင်ဖွင့်ကာကြိုနေသော ကိုစိုင်း၏ ရင်ထဲပြေးဝင်သွားမိသည်။

ဖျတ်ခနဲလှည့်ကြည့်တော့ ခေါင်းငုံ့ကာရပ်နေသော စန္ဒီ့ကို သူမ မြင်နေရသည်။ ကိုစိုင်းက သူမမျက်နှာကို သူ့ဘက်ဆွဲလှည့်ရင်း ပါးခြင်းအပ်ကာထားသည်။ သူမ ... စန္ဒီ့ကို ခေတ္တမျှမေ့ကာသွားသည်။



“ဟေ့....

ဟေ့ .. နောက်မှအလွမ်းသယ်နေကြ .. ဟိုမှာ Taxi တစ်စီးလာနေပြီ ... တားလိုက် ..”

ပြောပြောဆိုဆို သူရက Taxi ကိုလှမ်းတား၏။

“တက် .. တက် .. အမြန် ....”

သူရတို့ ဝိုင်းလောနေကြသည်မို့ ကားပေါ်အတက်မှာ ကျွန်တော့်နဖူးနှင့် ပြတင်းပေါက်မှကိုင်းနှင့် ခွပ်ခနဲ မိတ်ဆက်သည်။

“အား ... အ ...”

“ဟကောင် ... နောက်မှနာနေ ... သွား .. မြန်မြန်”

ရန်နောင်က ကားတံခါးကိုပိတ်ရင်းဆိုသည်။ Taxi ကားသမားက ....

“ဘယ်လဲ အစ်ကို ...”

ဟုမေးသည်။

“ကျွန်တော်တို့ ခိုးပြေးကြမလို့ဗျ .. အစ်ကို အဆင်ပြေတဲ့နေရာသာ မောင်းဗျာ ...”

ကျွန်တော် ပန်းနုကို တင်းကျပ်စွာဖက်ထားရင်း ကား

www.burmeseclassic.com



ဆရာကို ကြွားပြောလေး ပြောပစ်လိုက်သည်။ စောစောက နဖူးမှ အနာလည်း မနာတော့ . . . .။

နာကျင်မှုတို့က အပျောက်မြန်ကာနေသည်။

ကားဆရာကတော့ အသံပြဲကြီးဖြင့် စကားတစ်ခွန်းကို ဆိုရင်းအော်ရယ်သည်။

"ဟား . . ဒီနေ့တော့ ခိုးပြေးတဲ့အတွဲတွေချည်းပဲ အော်ဒါရနေပါလားဗျို့ . . . တောက် . . . အားကျတယ်ဗျာ . . ဟား ဟား . . ငှားစရာရှားလို့ လူတွေကလည်း ဒီလူပျိုကြီးရဲ့ကားမှပဲ လာလာငှားနေကြတယ်လို့ . . . တောက်! မနာလိုရှိလိုက်တာကွာ . . ဟား ဟား ဟား . . ."

ထို ကားဆရာ၏ စကားသံ၊ ရယ်သံများကို ကျွန်တော် မကြားမိ။ ကျွန်တော် ကြားနေသည်က ကျွန်တော့် ပခုံးကို မှီတွယ်ထားသော ကျွန်တော့်ချစ်သူ၏ ရင်ခုန်သံများသာ . . . .။

ရယ်မောပျော်ရွှင်နိုင်ကြပါစေဗျာ ....

ပြည့်ပိုင်မျိုးခိမ်

www.burmeseclassic.com